WWW.DHAMMARANSI.COM

မိခင်ဧရာဝတီစာအုပ်တိုက်

# ပုတီးသမိုင်း

နှင့်

# ပုတီးစွမ်းရည်

အမျိုးမျိုး

နှမ်စက်လှ ဦးကျော်လွင်

ဆဋ္ဌမအကြိမ်

WWW.DHAMMARANSI.COM

# ပုတီးသမိုင်းနှင့်

# ပုတီးစွမ်းရည် အမျိုးမျိုး

နှစ်ဖက်လှ-ဦးကျော်လွင်

အမ်အေ(M.A)

အထက်တန်းရှေ့နေ

သကျသီဟ၊ စေတီယင်္ဂဏ၊ အစိုးရဂုဏ်ထူးဆောင် ဓမ္မာစရိယ

WWW.DHAMMARANSI.COM




အမှန်တရားသည်အင်အား

# မိခင်သည် လောကကို သိမြင်စေသည်


စာမူခွင့်ပြုချက်အမှတ်– ၄၁၈ / ၉၉ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်– ၁၃၄ /၂၀၀၀ (၃)

ပုံနှိပ်ခြင်း– ဆဋ္ဌမအကြိမ် ၂၀၀၀–ပြည့်နှစ်၊ မတ်လ

အုပ်ရေ– ၁၀၀၀

ရောင်းဈေး– ၃၅၀ ကျပ်

**မျက်နှာဖုံး**

ရွှေစင်ထွန်း ပုံနှိပ်တိုက်

**အတွင်းပုံနှိပ်သူ**

ငြိမ်းရောင်စုံ ပုံနှိပ်တိုက်

**ဖြန့်ချိရေး**

ရန်ကုန်–မိခင်ရောဝတီစာအုပ်တိုက်

မန္တလေး–နဂါးစာပေ

မျက်နှာဖုံးပန်းချီ– မိခင်ရောဝတီ

**အတွင်းဒီဇိုင်းနှင့် ကွန်ပျူတာစာစီ**

ကိုအောင်ငြိမ်းပန်း၊ မိခင်ရောဝတီ

**ထုတ်ဝေသူ**

ဒေါ်အေးအေးမော်

သကျယင်စိုးစာပေ

၃၉၀ / အရှေ့ဝါယာလက်၊ (၃)လမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

**စီစဉ်သူ**

မိခင်ရောဝတီစာအုပ်တိုက်

တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊

ဖုန်း၊ ၀၁–၇၀၁၄၃၁

WWW.DHAMMARANSI.COM




အဖွဲ့တရားသည်အင်အား

မိခင်သည် လောကကို သိမြင်စေသည်

# ပုတီးကိုင်သောလက်သည်

# ဘဝကို အေးငြိမ်းချမ်းသာစေနိုင်၏

မိခင်ရောဝတီစာအုပ်တိုက်

မိခင်စာအုပ်အမှတ်(၁၁)

WWW.DHAMMARANSI.COM

# စိစဉ်သူ၏စကား

-ကျွန်မတို့စာအုပ်တိုက်သည် လောက အကျိုးပြုနှင့် သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် အထောက်အကူပြုမည့် စာကောင်းပေမွန်များကိုသာထုတ်ဝေခဲ့ရာ ယခု ဤ "ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည်အမျိုးမျိုး" စာအုပ်သည် ([redacted])အုပ်မြောက် ဖြစ်ပါသည်။

-အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌဖြစ်ခဲ့သူ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး၏ ကျမ်းစာအုပ်များဖြစ်ကြသော စေတီနှင့်ရှိသေမှု၊ သပြေကန်တရားပေါင်းချုပ်အမှတ်(၁)နှင့် ပရိတ်ကြီးနိဿယသစ် စာအုပ်များကို ဤမိခင်ရောဝတီစာအုပ်တိုက်မှ သာသနာပြုစိတ်ဓာတ်ဖြင့် ဆက်တိုက် ထုတ်ဝေခဲ့ပြီး ဆက်လက်၍လည်း ဆရာတော်ကြီး၏ကျမ်းစာများကို ထုတ်ဝေသွားမည်ဖြစ်ပါသည်။

-စာအုပ်တိုက်အနေဖြင့် ရရှိသော အကျိုးအမြတ်များကို ဗုဒ္ဓဘာသာဝင် လူငယ်များ ဖွဲ့စည်းတည်ထောင်ထားသည့် "သာသနာ့ရက္ခိတအသင်း၊ ဓမ္မအလင်း သင်တန်းများ"အတွက် ရန်ပုံငွေအဖြစ် အသုံးပြုသည့်အပြင် အခြားလူမှုရေး အထောက်အကူပြု လုပ်ငန်းများကိုလည်း အသင်းမှ ဆောင်ရွက်သဖြင့် စာဖတ်သူပရိသတ်ကြီး၏ ဝယ်ယူအားပေးမှုသည် ဘာသာ-လူမှု လုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ ကုသိုလ် ပြုလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

**မိခင်ရောဝတီစာအုပ်တိုက်။**

WWW.DHAMMARANSI.COM

# နှစ်ဖက်လှ၏ အမှာစကား

'လူသေ လူဖြစ်'စာအုပ်ကြောင့် တိမ်းစောင်းသွားသော ဗုဒ္ဓဘာသာတော်ကြီးကို 'ခေတ်သစ် သောနုတ္တိုရ်'စာအုပ်ဖြင့် ပြန်လည်တည့်မတ်ပေးသော စာရေးဆရာ 'နှစ်ဖက်လှ'ကို ရဟန်းရှင်လူ ပြည်သူအများစုက အထူး နှစ်သက်လက်ခံခဲ့ကြသည်။ အထင်လည်း ကြီးကြသည်။

ဤအတွင်းတွင် နှစ်ဖက်လှက ပုတီးစာအုပ် ထုတ်လုပ်သည်ဆိုတော့ ဟာ–သွားပြီ၊ နှစ်ဖက်လှ စားလမ်းလိုက်သွားပြီဟု တချို့က ထင်မှားကြကုန်၏။ တကယ်တော့လည်း ဗုဒ္ဓဘာသာရေးထဲဝင်ပြီး စားသာအောင် လုပ်စားသူအမျိုးမျိုးထဲတွင် ပုတီးပြ လုပ်စားနေသူများကလည်း ရှိပေသကိုး။

သို့သော် နှစ်ဖက်လှနှင့်ပုတီး ပတ်သက်လာတာက ဟာသဒိရရိက မဟုတ်၊ သခ ရရိက ဖြစ်၏။ ယခင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးက 'ကျုပ် ပုတီးစိပ် ချင်တယ်၊ ဒါပေမယ့် အခုဖော်ပြနေတဲ့ ပုတီးစိပ်နည်းတွေ မလိုချင်ဘူး၊ ထေရဝါဒကျကျ ကျမ်းဂန်နှင့်ညီညွတ်သော ပုတီးစိပ်နည်းကိုသာ စိပ်ချင်သည်၊ ဒါကို ခင်ဗျား ရေးပေးပါဗျာ'ဟု တောင်းပန်၍ အဘွင်းရေးကိစ္စတစ်ခုကို ဆောင်ရွက်ပေးခဲ့ရသည်။

တစ်ဖန် တက္ကသိုလ်များ၌ ဟောပြောပွဲနှင့် သင်တန်းများ ဟောပြောပြသရာတွင် ဤပုတီးနှင့်ပတ်သက်ပြီး မကျေညက်သူတို့က ပုတီးပြဿနာ ရှင်းလင်း ဟောပြောပေးပါဟု တိုက်တွန်းသဖြင့် တက္ကသိုလ်မှာ ဟောခဲ့ရသည်။

စာရေးသူ၏စေတနာမှာ မိမိ သိစေချင်သည်ကို ကျယ်ကျယ်ပြန့်ပြန့် လူများများသိအောင် ဆောင်ရွက်ပေးလိုသည်၊ ဤသဘာဝအတိုင်း မိမိတင်ပြ

WWW.DHAMMARANSI.COM

သော ပုတီးစာမူ၊ ပုတီးဟောပြောချက်တို့ကို စုစည်းပြီး စာအုပ်အဖြစ်. ထုတ်လုပ်လိုက်ခြင်းသာဖြစ်၏။ ထို့ကြောင့် နှစ်ဖက်လှပုတီးစာအုပ် ပေါ်လာခြင်းဖြစ်၏။

နှစ်ဖက်လှ စားလမ်းလိုက်သွားပြီဟု ကြားခါစက ထင်မိမှားသူများထဲမှ နှစ်ဖက်လှ၏ ပုတီးစာအုပ်ကို ဖတ်ဖြစ်ကြသူတို့မှာကား ထိုစားလမ်းအထင် ပျောက်သွားသည်သာ ဖြစ်ပေသည်။

နှစ်ဖက်လှခံယူချက်ကား ဗုဒ္ဓသာသနာတော်တည်းဟူသော ပေါက္ခရဏီ မင်္ဂလာကန်တော်ကြီး၌ မတန်မရာ ကျွဲပင်လူးနေသော်လည်း ကျွဲကိုရွံ၍ ဟင်္သာက မအိပ်ဘဲ မနေသင့်၊ ဟင်္သာကရှောင်လျှင် ကျွဲလူးကိုယ်သာ ဖြစ်သွားပေရာ၏။ ဟင်္သာက ကန်၏ကျက်သရေကို တစ်ဖက်က အဖတ်ဆယ်ရမည် မဟုတ်ပါလော။

ဤခံယူချက်ကို အရင်းထား၍ပင်လျှင် ဤ 'ပုတီးသမိုင်းနှင့် ပုတီးစွမ်းရည် အမျိုးမျိုး' စာအုပ်ကို ထုတ်ဝေခြင်းဖြစ်၏။ ဖတ်ဖြစ်ကြသူတို့အဖို့ စားလယ်ပုတီးနှင့် ဘုရားလယ်ပုတီးကို ခွဲခြားသိရှိကြပြီး ဝယ်ယူကြသဖြင့် ပဉ္စမအကြိမ်အထိ ထုတ်ဝေဖြစ်ခဲ့ပြီး ယခုသည်ကား ဆဋ္ဌမအကြိမ်ဖြစ်ပေသတည်း။

အလင်းရောက်ကာ အမှောင်ပျောက်ပါစေ
သူတော်ကောင်းတရား ထွန်းကားပါစေ
( နှစ်ဖက်လှ )
၂၄-၄-၉၉

WWW.DHAMMARANSI.COM

# မာတိကာ

အကြောင်းအရာ　　　　စာမျက်နှာ

## အခန်း(၁)

## ပုတီးသမိုင်း


ပုတီးလုံးအစ ကြိုးထုံးက　၁

ပုတီးကွင်းအစ တရုတ်က　၃

ဘာသာရေးသို့ ပုတီးဝင်လာပုံ　၄

ပုတီးလုံးရေ သတ်မှတ်ချက်များ　၇

ပုတီးအသုံးပြုသူများ　၉


## အခန်း(၂)

## အကျိုးထူးအောင် ပုတီးစိပ်နည်း


ပုတီးစိပ်ခြင်း　၁၂

ပုတီးစိပ်ခြင်း၏ ရည်ရွယ်ချက်　၁၅

ပုတီးစိပ်ခြင်းနှစ်မျိုး　၁၇

အခိဋ္ဌာန်ပုတီးစိပ် လုပ်ငန်းခွင်ကျင့်ဝတ်များ　၁၉

ဆာလောင်မွတ်သိပ်မှု မရှိစေခြင်း　၂၀

WWW.DHAMMARANSI.COM


| | |
|---|---|
| သန့်ရှင်း သန့်ပြန့်ရခြင်း | ၂၁ |
| အချိန်ရွေးချယ်မှု | ၂၃ |
| နေရာယူမှန်ကန်ခြင်း | ၂၅ |
| သရဏဂုံသီလ ဆောက်တည်ခြင်း | ၂၆ |
| အနန္တငါးပါး ကန်တော့ခြင်း | ၂၇ |
| မေတ္တာပို့ခြင်း | ၂၈ |
| ဘုရားပင့်ခြင်း | ၃၀ |
| မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း | ၃၂ |
| ပုတီးစိပ် ကမ္မဋ္ဌာန်းတောင်းခြင်း | ၃၃ |
| အဓိဋ္ဌာန်ပြုခြင်း | ၃၅ |
| စနစ်တကျထိုင်ခြင်း | ၃၆ |
| ပုတီးကိုင်နည်းစနစ် | ၃၈ |
| ဂုဏ်တော်နှင့် တရားဓမ္မများ | ၃၈ |
| ဆောင်ရမည့်အချက်များ | ၃၉ |
| ရှောင်ရမည့်အချက်များ | ၃၉ |
| ပြန်လည်ဆင်ခြင်ခြင်း | ၄၀ |
| အမျှအတန်း ပေးဝေခြင်း | ၄၁ |
| အကျဉ်းချုပ် | ၄၂ |

WWW.DHAMMARANSI.COM

## အခန်း(၃)

## ဗုဒ္ဓမြတ်စွာ ဂုဏ်ကိုးဖြာ


ဂုဏ်တော်ကိုးပါး ပါဠိ ၄၇

ဂုဏ်တော်ကိုးပါး အနက် ၄၈

အရဟံဂုဏ်တော်၏ အဓိပ္ပာယ် ၅၂

သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အဓိပ္ပာယ် ၆၂

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် အဓိပ္ပာယ် ၆၄

သုဂတဂုဏ်တော် အဓိပ္ပာယ် ၆၈

လောကဝိဒူဂုဏ်တော် အဓိပ္ပာယ် ၇၀

အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် အဓိပ္ပာယ် ၇၂

သတ္ထာဒေဝမနုဿာနဂုဏ်တော် အဓိပ္ပာယ် ၇၄

ဗုဒ္ဓဂုဏ်တော် အဓိပ္ပာယ် ၇၅

ဘဂဝါဂုဏ်တော် အဓိပ္ပာယ် ၇၈

ဂုဏ်တော်ကိုးပါး အနှစ်ချုပ် ၈၁

ကိုးဂုဏ်လှူဆွေ အစိမ့်ဆွေ ၈၃

ဂုဏ်တော်ဆင်ခြင်ပွားများမှု ၈၆

စိတ်အခြေအနေအဆင့်ဆင့် တိုးတက်လာခြင်း ၈၇

ဂုဏ်တော်အကျိုး ၉၁

WWW.DHAMMARANSI.COM

ဘုရားဂုဏ်တော် ပုတီးစိပ်နည်းများ ၉၃
ဂုဏ်တော်တစ်ထောင် ပုတီးစိပ်နည်း ၉၄
ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း ၉၆
အနုလုံ ပဋိလုံနည်း ၉၇
သီဟဂတိကနည်း ၉၉
မူလ မူလီနည်း ၁၀၀
ဝဇိရပါကာရနည်း ၁၀၃
သိဒ္ဓိအောင် ပုတီးစိပ်နည်း (သိဒ္ဓိအကြောင်း) ၁၁၄

## အခန်း(၄)

## ဓမ္မရောင်ခြည်နှင့် သံဃာ့ဂုဏ်ရည်

တရားဂုဏ်တော်ခြောက်ပါး ၁၁၈
ပါဠိ၊ အနက်၊ အဓိပ္ပာယ် ၁၁၈
တရားဂုဏ် ပုတီးစိပ် ၁၂၄
တရားဂုဏ်အကျိုး ၁၂၅
သံဃာ့ဂုဏ်တော်ကိုးပါး ၁၂၆
ပါဠိ၊ အနက်၊ အဓိပ္ပာယ် ၁၂၆
သံဃာ့ဂုဏ် ပုတီးစိပ် ၁၃၂
သံဃာ့ဂုဏ် အကျိုး ၁၃၃

WWW.DHAMMARANSI.COM

၃၂-ကောဋ္ဌာသ ၁၃၃
၃၂-ကောဋ္ဌာသ ပုတီးစိပ်နှင့် အကျိုး ၁၃၆
သမထဝိပဿနာ ပုတီးစိပ်နည်း ၁၃၉
ရှင်အရဟံ ပုတီးစိပ်နည်း ၁၄၁
ဝိပဿနာ ပုတီးစိပ်နည်း ၁၄၄
ခန္ဓာငါးပါး ၁၄၅
အာယတန ၁၂-ပါး ၁၄၆
ဓာတ် ၁၈-ပါး ၁၄၇
ဝိပဿနာ ပုတီးစိပ်ခြင်းအကျိုး ၁၄၉

WWW.DHAMMARANSI.COM



# အခန်း(၁)

## ပုတီးသမိုင်း

ယနေ့လက်ရှိကမ္ဘာပေါ်တွင် ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီးလေးရပ်ရှိသည်။ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့ဖြစ်ကြ၏။ ထိုဘာသာဝင်ပုဂ္ဂိုလ်များသည် ပုတီးကို ကိုယ့်နည်းနှင့်ကိုယ် အသုံးပြုကြလေသည်။ ပုတီးသည် ဘာသာကြီးလေးရပ်လုံးနှင့် ဝင်ဆံ့သည်မှာ ထူးခြားချက်တစ်ရပ်ပင် ဖြစ်လေသည်။

ခေတ်သုတေသီတို့သည် ပုတီးသမိုင်းကို ခြေရာကောက်လိုက်ကြည့်ကြသည်။ တွေ့ရှိရသလောက် မှတ်တမ်းတင်ထားကြသည်။ ဤစာအုပ်တွင် သုတေသီတို့၏မှတ်တမ်းအရ ပုတီးသမိုင်းအကျဉ်းချုပ်ကို ဖော်ပြပါမည်။

**ပုတီးလုံးအစ ကြိုးထုံးက**

ယခုလက်ရှိ လူ့ယဉ်ကျေးမှုအစဦး ရှေးပဝေသဏီအခါကဖြစ်သည်။ ခေတ်ဖြင့်ပိုင်းဖြတ်လျှင် ကျောက်ခေတ်အခါလောက်က ဖြစ်စရာရှိသည်။ ရှေးဦးလူသားတို့သည် ကျောက်တုံးကျောက်စများကို လက်နက်အဖြစ် အသုံးချခဲ့ကြသည်။ ကျောက်လက်နက်များဖြင့် သားကောင်များကို ရိုက်နှက်သတ်ဖြတ်စားသောက်ကြသည်။ ကျောက်ပူများ၌ နေထိုင်ကြသည်။ ယခုခေတ်လိုစာပေမရှိသေး၊ မှတ်စရာရှိလျှင် စိတ်ဖြင့်သာ မှတ်သားကြရသည်။

နောက် တဖြည်းဖြည်း ပြောင်းလဲတီထွင်လာကြသည်။ ကြေးလက်နက်သုံးသည့် ကြေးခေတ်၊ သံကိုသွေးပြီး လက်နက်အဖြစ်အသုံးချသည့် သံခေတ်များဆီသို့ ရှေးရှုလာကြသည်။ အခြားအသုံးအဆောင်များကိုလည်း ရှာဖွေ

WWW.DHAMMARANSI.COM



ပြုလုပ်အသုံးချကြသည်။ ထိုအထဲတွင် ကြိုးကိုသုံးတတ်လာကြသည်။ ပစ်ခတ်ရရှိသော အမဲသားငါးများကို ကြိုးဖြင့်သီ၍ တွဲ၍ ယူဆောင်တတ်လာကြသည် တစ်ခုနှင့်တစ်ခု တွဲရန်စပ်ရန် ကြိုးဖြင့် ချည်တတ်လာကြသည်။

ထိုရှေးခေတ်လူတို့သည် သူတို့ခေတ်အခါက မြေပြင်အဖြစ်ဖြစ်ပေါ်နေသော ကမ္ဘာ့နေရာဒေသ အနှံ့အပြား၌ နေထိုင်ခဲ့ကြမည်ဖြစ်သည်။ အိန္ဒိယ၊ တရုတ်၊ ဂရိ၊ တောင်အမေရိကတိုက် စသည့် သက်ရင့်မြေပြင်နေရာဒေသများ၌ ခြေချခဲ့စရာ ရှိသည်။ အနိုင်နိုင်ငံရှိ ရှေးဟောင်းသုတေသနဌာနများက မြေလွှာများကို တူးဆွ နေကြသည်ဖြစ်ရာ ကျောက်ခေတ်ရုပ်ကြွင်းများကို တွေ့နေကြရသည်ဟုပင် ဆိုသည်။ ဤ မြန်မာနိုင်ငံအထက်ပိုင်းမြေလွှာမှပင် ကျောက်ခေတ်သုံးလက်နက် များ တူးဖော်ရရှိကြောင်း သိရပေသည်။

ထိုရှေးဦးလူသားတို့သည် လက်နက်များ ပိုမိုကောင်းမွန်လာပြီး သားကောင် များ ပိုမိုရရှိလာသောအခါ ဘယ်နှကောင်ရပြီဟု စိတ်ဖြင့် မမေ့အောင် မမှတ် နိုင်ကြတော့ချေ။ ထို့ကြောင့် မှတ်သားစရာ ပစ္စည်းများကို ရှာသောအခါ ကြိုးကိုတွေ့ကြလေသည်။ ကြိုးထုံးကလေးများပြုလုပ်၍ တစ်ခု၊ နှစ်ခု သဘောကို အမှတ်ပြုလာကြသည်။

ကြိုးကိုထုံး၍ မှတ်သည့်စနစ်သည် မည်သည့်ဒေသ၊ မည်သည့်နိုင်ငံမှ စတင်ပေါ်သည်ဟု မည်သူမျှ အတတ်မပြောနိုင်။ ထိုအခါက ယခုခေတ် ခေါ်ဝေါ်နေသော နိုင်ငံများလည်း မပေါ်ပေါက်သေးချေ။ သို့သော် သုတေသီများ တွေ့ရှိချက်အရ ယခုအခါ ပီရူးနိုင်ငံဟုခေါ်သော တောင်အမေရိကတိုက်ရှိ ဒေသဝန်းကျင်တွင် ကြိုးထုံးစနစ်အသုံးပြုသည့် အထောက်အထားတွေ့ရသည် ဟု ဆိုသည်။

ကြိုးထုံးကို ပီရူးဘာသာဖြင့် ကီးပု(quipu)ဟု ခေါ်သည်။ မှတ်တမ်းများ

WWW.DHAMMARANSI.COM



ထားရန်၊ မမေ့ပျောက်စေရန် ကီးပု(ကြိုးထုံး)ကို အသုံးပြုသည်ဟု သိရပေသည်။ ယခုခေတ် စာဖြင့်ရေးမှတ်သကဲ့သို့ ဟူလို။ သို့ဖြစ်၍ ကြိုးထုံးသည် လူတို့၏ မှတ်ဉာဏ်ကို အထောက်အကူပြုသည့် ပစ္စည်း ဖြစ်လာလေသည်။ ကြိုးထုံးကလေးများကိုကြည့်ပြီး ဘယ်နှခုပဲ၊ ဘယ်လောက်ပဲ၊ ဘယ်တုံးကပဲ စသည်ကို ပြန်လည်သိရှိနိုင်ကြလေသည်။

ကြိုးထုံးအမှတ်ပြုစနစ်သည် ပီရူးဒေသကပဲ အခြားဒေသသို့ပါ ပျံ့နှံ့ခဲ့လေသလား။ တခြားဒေသတို့မှာလည်း တစ်ချိန်တည်း ကြိုးထုံးစနစ်၊ သို့မဟုတ် တခြားစနစ်ကို အသုံးပြုကြလေသလား မသိကြပေ။ ပီရူးဒေသတွင်မူ ကြိုးထုံးဖြင့် အမှတ်အသားပြုခဲ့ကြောင်းကို တွေ့ရှိကြလေသည်။

## ပုတီးကွင်းအစ တရုတ်က

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့် ပတ်သက်၍ နာမည်ကြီးသော တရုတ်နိုင်ငံသို့ ကြည့်ရာတွင် တရုတ်မင်း ယွန်ချိုင်ချိခေတ်(yung-ching-che) ကြိုးထုံးကလေး များစွာပါသော ကြိုးကွင်းကလေးများကို စာအစား အသုံးပြုကြသည်ကို လေ့လာတွေ့ရှိကြရသည်။ ထိုခေတ်က စာပေမပေါ်သေး၍ စာပေအမှတ်အသားအစား ကြိုးထုံး ကြိုးချောင်းကလေးများကို အသုံးပြုခြင်း ဖြစ်ပေရာသည်။

ဤတွင် သတိပြုရန်အချက်မှာ ကြိုးကွင်းကလေးများ၌ ကြိုးထုံးကလေးများ ပါရှိသည့်အချက်ဖြစ်သည်။ ဤကြိုးကွင်းသည် နောက်ပိုင်းပုတီးကွင်း ဖြစ်လာစေရန် အနီးကပ်လမ်းစဖြစ်လေသည်။ ဤအထိ ဘာသာရေးနှင့် ပတ်သက်ခြင်းမရှိသေးသည်ကို တွေ့ရပေသည်။

ရှေးခေတ်တွင် ကြိုးထုံးကလေးများကို အလှတန်ဆာအဖြစ်ဖြင့် ဝတ်ဆင်

WWW.DHAMMARANSI.COM



ကြသည်။ နောက်ပိုင်း တိုးတက်လာသောခေတ်၌ ရတနာများကို ကြိုးဖြင့်သီပြီး အလှဝတ်ဆင်ကြသည်။ ပုံစံ–ပုလဲသွယ်များ၊ ပုလဲကုံးများ စသည်ဖြစ်၏။ ယခုခေတ်၌လည်း ပုတီးကို အဆင်တန်ဆာအဖြစ် အလှဆွဲလျက်ပင် ရှိချေသည်။

## ဘာသာရေးသို့ ပုတီးဝင်လာပုံ

ပုတီးသည် ဘာသာရေးအသုံးအဆောင်တစ်ခု ဖြစ်လာပုံနှင့်ပတ်သက်၍ သဲလွန်စသုံးရပ်ကို တွေ့ရသည်။ ပထမအချက်မှာ ရှေးဟောင်းတရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်ရှိလာသောအခါ ရှေးတရုတ်များသည် မြတ်စွာဘုရား၏ ဂုဏ်တော်များကို မှတ်မိစေရန်အတွက် ကြိုးထုံးပါသော ကြိုးကွင်းငယ်များကို အသုံးပြုခဲ့ကြခြင်းဖြစ်သည်။

နောက်တစ်ချက်မှာ မဟာဝီရအမည်ရှိသော ဂျိန်းဘုရားက ဟောခဲ့သည်ဆိုသော ဂျိန်းစာပေများ၌ ပုတီးအကြောင်းကို တွေ့ရခြင်းဖြစ်သည်။ ဂျိန်းစာပေ၌ ပုတီးအကြောင်းတွေ့ရသည်မှာ အစောဆုံးပင်ဖြစ်သည်။ ဘာသာရေးစာပေလောကတွင် သူ့ထက်ပို၍စောသော အထောက်အထား မတွေ့ရပေ။

ရှေးဟောင်းပုတီး၏အမည်မှာ ဂနေတ္တိယာ(ganettiya)နှင့် ကဉ္စနိယာ (kanchaniya)ဖြစ်၏။ ရေတွက်ရသော အရာဝတ္ထုဟု အဓိပ္ပာယ်ရ၏။ ရွှေကဲ့သို့ ဝင်းလက်တောက်ပ၍ ကဉ္စနိယာဟုလည်းခေါ်သည်။ ထို့ပြင် မာတာ (မာတိကာ)ဟုလည်းကောင်း၊ သုတ္တဟုလည်းကောင်း ခေါ်သေးသည်။ ကျောက်မျက်အလုံးကလေးများကို ကြိုးဖြင့် ပန်းကုံးသဖွယ် သီထားသောအရာဟူလို။

ထို့ပြင် ဟိန္ဒူများသည် ရှေးဝေဒခေတ်ကပင် ပုတီးကို အသုံးပြုလာခဲ့သည့်အချက်ဖြစ်သည်။ ဟိန္ဒူတို့၏ ရှေးဟောင်းဘာသာကြီးတစ်ရပ်ဖြစ်သော

WWW.DHAMMARANSI.COM



သက္ကတဘာသာဖြင့် ပုတီးကို ဇပ္ပမာလာဟု ခေါ်ခဲ့သည်။ ဇပ္ပမာလာ၏ အဓိပ္ပာယ်မှာ စိတ်ဖြင့် တိုးတိုးကလေးဆိုရသော အထုံးကလေးဟူ၍ဖြစ်၏။ (muttering chaplet)

အထက်ပါအချက်သုံးရပ်ကို ခြုံ၍ကြည့်လျှင် ဘာသာရေးပုတီး စတင်ပေါ်သည့် ကမ္ဘာ့ဒေသမှာ အာရှတိုက်ပင်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ စင်စစ် အာရှတိုက်သည် ပုတီးသာမက ဗုဒ္ဓဘုရားနှင့်တမန်တော်များသည်ပင် အာရှသားများ ဖြစ်ခဲ့လေပြီ။ ဥရောပတိုက်သားများ၊ အမေရိကတိုက်သားများနှင့် အာဖရိကတိုက်သားများသည် အာရှသားဘုရားနှင့် တမန်တော်များကိုပင် ဆည်းကပ် ကိုးကွယ်နေကြသူများ ဖြစ်လေသည်။ ဘာသာရေးသည် အရှေ့မှ အနောက်သို့၊ သိပ္ပံပညာသည် အနောက်မှအရှေ့သို့ ပျံ့နှံ့နေလေသည်။

ပုတီး၏သဲန္ဓစကိုတွေ့ရသော ရှေးတရုတ်ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာနှင့် ဟိန္ဒူဘာသာ ဤသုံးရပ်တို့တွင် သက္ကတဘာသာကိုထောက်၍ ဟိန္ဒူက ရှေးအကျဆုံးဖြစ်ဟန်တူသည်။ ဗုဒ္ဓဘာသာတွင် မြောက်ပိုင်းမဟာယာန ဗုဒ္ဓဘာသာလောက၌ အတော်စောစောကာလကပင် ပုတီးဝင်ရောက်နေဟန်တူသည်။

တောင်ပိုင်း ထေရဝါဒ ဗုဒ္ဓဘာသာလောကတွင်မူ ရှေးအခါက ပုတီးသည် ထင်ပေါ်ခြင်းမရှိခဲ့ပေ။ သံဂါယနာတင် ဘုရားဟောပါဠိတော်များနှင့် ယင်း၏ အဖွင့် အဋ္ဌကထာ၊ ဋီကာ မည်သည့်ကျမ်းတွင်မျှ ပုတီးအကြောင်းမပါချေ။ ကျည်းကန်ရှင်ကြီးက "သုံးလူများထိပ်၊ ငါးမာရ်နှိပ်၊ စိပ်ရန်ပုတီး ရှိလိမ့်နည်း" ဟုမေးရာ ကျီးသဲလေးထပ်ဆရာတော်က ပုတီးရှိကြောင်းကို ကျမ်းဂန်မတွေ့ဖူးချေဟု ဖြေဆိုတော်မူလေသည်။

(စွယ်စုံကျော်ထင်ကျမ်း)

WWW.DHAMMARANSI.COM



သို့ဖြစ်၍ နောက်ပိုင်းအတော်ကျသော ခေတ်တွင်မှ ပုတီးသည် ထေရဝါဒ ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာခဲ့ဟန်တူသည်။

မဇ္ဈိမပဏ္ဏာသပါဠိတော်ဗောဓိရာဇကုမာရသုတ်၌ "ဝဋ္ဋနာဝဠိ" ဟူသော ပါဠိကိုတွေ့ရသည်။ ဆဋ္ဌမူပိဋကတ်ဘာသာပြန်၍ ပုတီးကုံးဟု ပြန်ဆိုသည်။ ဘုရားအလောင်း ဒုက္ကရစရိယာကျင့်တော်မူစဉ် ပိန်ကြုံလှပုံကိုပြရာ၌ ကျော[illegible]း အဆစ်များသည် ပုတီးကုံးမှ ပုတီးလုံးများလိုဖြစ်နေသည်ဟု ဥပမာပေးခြင်း ဖြစ်လေသည်။ ပုတီးစိပ်ခြင်းကိုပြသည်ကား မဟုတ်ချေ။

ထို "ဝဋ္ဋနာဝဠိ"ဟူသော ပါဠိတော်ဝေါဟာရကိုထောက်၍ ဘုရားလက်ထက်၌ ပုတီးပေါ်နေသည်ဆိုသောအချက်ကို ကောက်ယူနိုင်ပေသည်။ သို့သော် ဗုဒ္ဓသာသနာတွင်းပစ္စည်းကား ဟုတ်ဟန်မတူချေ။ လူတို့၏ အဆင်တန်ဆာ တစ်မျိုးသာဖြစ်ရာသည်။

(ဝဋ္ဋန= အလုံး၊ အာဝဠိ= အစဉ်၊ အကုံး)

သမိုင်းဖြစ်ရပ်များအရ ခရစ်ယာန်ဘာသာဝင်များသို့ ပုတီးရောက်ရှိသည်မှာ ခရုဆိတ်စစ်ပွဲများ(၁၀၉၆–၁၂၉၁)ဖြစ်ပွားပြီးချိန်မှ ဖြစ်လိမ့်မည်ဟု သုတေသီများက ခန့်မှန်းကြလေသည်။ ခရုဆိတ်စစ်ပွဲသည် ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များ ဖြစ်ပွားသည့် စစ်ပွဲဖြစ်သောကြောင့် သုတေသီတို့ ခန့်မှန်းသည့်အတိုင်း ထိုစစ်ပွဲဖြစ်ပွားပြီးနောက်ပိုင်းတွင်မှ ပုတီးသည် ခရစ်ယာန်ဘာသာဝင်များသို့ ရောက်ရှိသည်ဆိုလျှင် ထိုစစ်ပွဲတစ်ဝိုက်ကာလ၌ပင် အစ္စလာမ်ဘာသာဝင်များထံ၌ ပုတီးရောက်ရှိနေသည်ဟု တွက်ဆရပေသည်။ စစ်ပွဲကြီးတစ်ပွဲဖြစ်ပွားလျှင် စစ်ပြီးကာလ၌ ယဉ်ကျေးမှု ကူးလူးဆက်ဆံမှုများ ရှိတတ်သည်မှာ ဓမ္မတာဖြစ်၍ အထက်ပါ တွက်ဆမှုများသည် များစွာ ဖြစ်နိုင်ပေသည်။

WWW.DHAMMARANSI.COM



## ပုတီးလုံးရေ သတ်မှတ်ချက်များ

ပုတီးလုံးရေ သတ်မှတ်ချက်များမှာ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် အမျိုးမျိုး ရှိပေသည်။ ဟိန္ဒူဘာသာ၌ ဖန်ဆင်းရှင်ဗြဟ္မာ၊ စောင့်ရှောက်သူဗိဿနိုး၊ ဖျက်ဆီးသူ သီဝဟူ၍ နတ်ဘုရားကြီးသုံးမျိုးကို လက်ခံသည်ဖြစ်ရာ ၎င်းတို့အလိုက် ပုတီးလုံးရေ ထားရှိကြသည်။ ဗိဿနိုးကိုရည်စူး၍ ၁၀၈-လုံးထားသည်။ သီဝရှိခိုးသူများက ပုတီးလုံး ၃၂-လုံး၊ ၆၄-လုံး ထားကြသည်။ လုံးရေ ၃၀၊ ၄၀ နှင့် ပုတီးကုံးလုပ်ထားကြသည်များကိုလည်း တွေ့ရတတ်သေးသည်။

ဗုဒ္ဓဘာသာ၌ လူ၏ခန္ဓာကိုယ်မှာရှိသော ၃၂-ကောဋ္ဌာသကို ကမ္မဋ္ဌာန်းစီးဖြန်းရန်ရည်ရွယ်၍ ၃၂-လုံးပုတီးကုံးကို ပြုလုပ်ကြသည်။ ဘုရားဂုဏ်တော် ၉-ပါး၊ သံဃာဂုဏ်တော် ၉-ပါးတို့ကို ၁၂-ကျော့ဖြင့် နဝင်းကြေစိပ်နိုင်ရန်လည်းကောင်း၊ တရားဂုဏ်တော် ၆-ပါးကို ၁၈-ကျော့ဖြင့် အပြတ်စိပ်နိုင်ရန်လည်းကောင်း ပုတီးစေ့ကို ၁၀၈-လုံးထားပြီး ပုတီးကုံး ကုံးလေ့ရှိကြသည်။ သို့သော် လုပ်ရိုးလုပ်စဉ် အစဉ်အလာမှတစ်ပါး ပုတီးတစ်ကုံးတွင် ဘယ်နှလုံးသာ ရှိရမည်ဟု ပညတ်ချက်မရှိချေ။

ခရစ်ယာန်ဘာသာဝင်များအနက် ရိုမင်ကက်သလစ်ဂိုဏ်းက ပုတီးလုံး ၁၅၀ ရှိ ပုတီးကုံးကိုသုံးကြ၏။ ၁၅၀ ကို ၁၅-လုံးစီ ၁၀-ခါခွဲသည်။ တစ်ဖန် ၁၅-လုံးကို ၅-လုံးစီ ၃-ခါခွဲသည်။ ယင်းသို့ခွဲခြင်းမှာ ၅-လုံးက ပျော်ရွှင်မှု (Joyful)အတွက်၊ နောက် ၅-လုံးက ဝမ်းနည်းမှုအထိမ်းအမှတ်(Sorrowful) အတွက်၊ နောက် ၅-လုံးက ကျက်သရေ(Glorious)အတွက်ဟု ရည်စူးကြသည်။ အော်သော်ဒေါက်ခ်ချပ်ချက်စ်ဂိုဏ်းက ပုတီးလုံး ၁၀၀ ရှိသော ပုတီးကုံးကို အသုံးပြုကြသည်ဟု ဆိုပေသည်။

မိုဟာမ်မဒန်(အစ္စလာမ်)ဘာသာ၌ ၉၉-လုံးရှိသော ပုတီးကိုလည်း အသုံး

WWW.DHAMMARANSI.COM



ပြုကြသည်။ ၉၉–လုံးထားသည်မှာ ကောင်းကင်တမန်(god) ၉၉–ဦးအမည်ကို အစွဲပြုသည်ဟုဆိုသည်။ ထို့ပြင် ပရောဖက်အမည် ၁၀၁ ကို ရည်စူး၍လည်း ၁၀၁–လုံး ပုတီးကုံးကို သုံးကြသည်။ ၃၃–လုံးသာရှိသော ပုတီးကုံးငယ်ကိုလည်း စိပ်တတ်ကြသေးသည်။

နိုင်ငံအလိုက် ပုတီးကုံးထားပုံလည်း ကွဲပြားသေးသည်။ ဂျူးတို့က ၃၂–လုံးပုတီးကုံး၊ ၉၉–လုံးပုတီးကုံးများကို အသုံးပြုကြသည်။ တိဗက်လာမာ ဘုန်းတော်ကြီးများက ၁၀၈–လုံးပုတီးကို စိပ်ကြသည်။ တရုတ်ဘာသာတို့က လည်း ၁၀၈–လုံးပုတီးကိုပင် သုံးသည်။ အသေးဆုံး ၁၈–လုံး ပုတီးကုံး ကလေးများကိုလည်း သုံးတတ်ကြသည်ဟု ဆိုသည်။

ကိုရီးယားဗုဒ္ဓဘာသာတို့မှုကား ၁၀၈–လုံးပုတီးကုံးကို သုံးသည့်အပြင် ၁၁၀–လုံးရှိသော ပုတီးကုံးကိုလည်း ဆောင်ကြလေသည်။ ဂျပန်နိုင်ငံမှာလည်း ပုတီးကို ထူးထူးခြားခြား အသုံးပြုကြသည်။ ရုရှား–ဂျပန်စစ်ပွဲအတွင်းက ဂျပန်စစ်သားတိုင်း ပုတီးဆောင်ကြရသည်ဟုဆိုသည်။ ထိုစစ်တွင်းက ဂျပန် တို့က အသာရခဲ့သည်။ ဂျပန်နိုင်ငံအတွင်းမှာလည်း ပုတီး အလွန်ခေတ်စားခဲ့ သည်။ ယုတ်စွအဆုံး လက်ဖက်ရည်ဆိုင်မှာပင် ပုတီးကုံးကို ချိတ်ဆွဲထား ကြရသည်ဟု ဆိုပေသည်။

ပုတီးစတင်ခဲ့စဉ်က ကြိုးထုံးကစခဲ့သည်။ သို့သော် ခေတ်မီတိုးတက်လာ သောအခါ ပုတီးကို ကျက်သရေရှိအောင် အမျိုးမျိုး တိုးချဲ့စီစဉ်လာခဲ့ကြသည်။ သန္တာပုတီး၊ ပယင်းပုတီး၊ ငွေပုတီး၊ ပုလဲပုတီးများကို အိန္ဒိယဥ္စများစွာတွေ့နိုင် သည်။ ထို့ပြင် သစ်သားဖြင့်လည်း ပုတီးလုပ်သည်။ လူရိုး စသည်ဖြင့်လည်း ပုတီးလုပ်သည်။ မြန်မာနိုင်ငံတွင် ဆယ်စွယ်ပုတီး၊ ကြံမ်ပုတီး၊ အုန်းမှုတ်ပုတီး၊ သရီးပုတီးတို့ကို အသုံးပြုကြသည်။

WWW.DHAMMARANSI.COM



ဆင်ရိုးကိုပုတီးလုပ်ရာ၌ သူ့အတိုင်းလုပ်ကြသည်။ လူရိုးကိုပုတီးလုပ်ရာတွင်မူ ပြာချ၍ သရိုးပုတီးလုပ်ကြသည်။ လူရိုးကိုလုပ်ရာတွင် မိမိတို့၏မိဘအရိုး၊ ဆရာသမားအရိုး စသည်ဖြင့် လေးစားမြတ်နိုးအပ်သူတို့၏ အရိုးကိုသာ သရိုးပုတီးလုပ်ကြခြင်းဖြစ်လေသည်။ နံ့သာဖြူစသော နံ့သာများဖြင့်လည်း ပုတီးလုပ်ကြသည်။ အချုပ်မှာ မည်သည့်အရာဝတ္ထုဖြင့်မဆို ပုတီးပြုလုပ်ကောင်းသည်ဆိုသော အဓိပ္ပာယ်ပင်ဖြစ်၏။

ပုတီးအရောင်မှာလည်း အမျိုးမျိုးရှိသည်။ အနီရောင်ပုတီး၊ အဝါရောင်ပုတီး၊ အစိမ်းရောင်ပုတီး၊ အဖြူရောင်ပုတီး၊ အနက်ရောင်ပုတီးများပင် ဖြစ်သည်။ ပုတီးလုံးအရွယ်မှာလည်း အမျိုးမျိုးရှိသည်။ အသေးဆုံး ဆန်စေ့ခန့် အရွယ်မှ အကြီးဆုံး ဆီးဖြူသီးခန့်အထိ ရှိတတ်သည်။ အများအားဖြင့်မူ မိန်မပျို၏ လက်သန်းဖျားခန့်အရွယ်ကို အသုံးများကြသည်။ ကိုင်၍ စိပ်၍ကောင်းသော အနေအထား အရွယ်အစားပင်ဖြစ်၏။ ဟိန္ဒူဆာဓူးကြီးများသည် ဆီးဖြူသီးခန့် ပုတီးလုံးရှိသော ပုတီးကုံးကြီးကို အသုံးပြုတတ်ကြသည်။ ပုတီးသည် ၎င်းတို့၏ အဆောင်အယောင်တစ်မျိုးပင်ဖြစ်သည်။

## ပုတီးအသုံးပြုသူများ

ဘာသာတိုင်း၌ အဓိကအားဖြင့် ပုတီးလက်ကိုင်ပြုသူများမှာ ရဟန်းတော်များ၊ ဘာသာရေးတာဝန်ရှိသူများ ဖြစ်ကြသည်။ သာမန်ဘာသာဝင်များထဲကလည်း လိုလားသူများ ပုတီးစိပ်ကြသည်။

ဗုဒ္ဓဘာသာလောကတွင် ရှင်ပြုပဉ္စင်းခံကိစ္စများ၌ သင်္ကန်း၊ သပိတ် ပရိက္ခရာပြည့်စုံရန်လိုသည်။ ပရိက္ခရာရှစ်ပါးမှာ တိစီဝရိတ်သင်္ကန်းသုံးထည်၊ သပိတ်၊ ပဲကွပ်(ဝါ)ဓား၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ် ဤရှစ်မျိုးသာဖြစ်သည်။

WWW.DHAMMARANSI.COM



သာမဏေအတွက် ဒုကုဋ်သင်္ကန်းကြီးမလို၍ ပရိက္ခရာခုနစ်ပါးသာလိုသည်။ ရဟန်းခံရာတွင် သင်္ကန်းနှင့်သပိတ် ကိန်းသေပါရသည်။ မပါလျှင် မပြည့်စုံချေ။ ဤကား ဝိနည်းပညတ်ချက်ပေတည်း။

အထက်ပါအချက်ကိုကြည့်လျှင် ပုတီးသည် ရှင်ပြုပဉ္စင်းခံ၌ အမိကလိုအပ်သောပညတ်ချက်ဝင် ပစ္စည်းမဟုတ်ကြောင်း သိသာသည်။

သို့ရာတွင် ရှင်ရဟန်းတို့သည် ဆွမ်း၊ သင်္ကန်း ကျောင်းဆေး ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ပဋိသင်္ခါယောနိသော စသည်ဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ရသည်။ မဆင်ခြင်ဘဲ မနေရပေ။ ထိုသို့ ပစ္စဝေက္ခဏာဆင်ခြင်ရာ၌ ဆင်ခြင်သည့် အခေါက်ရေမှတ်ရန် ပုတီးကိုအသုံးပြုစေခဲ့သည်။ သို့နှင့် သင်္ကန်းတောင်း၊ ပုတီးစိပ်ဟူ၍ ပေါ်လာသည်။ ရှင်ပြုပဉ္စင်းခံရာ၌ ပုတီးထည့်လာကြသည်။ ဤသည်မှာ ရှေးဆရာများ၏အစီအစဉ်သာ ဖြစ်လေသည်။

အကြမ်းဖျဉ်းအားဖြင့် ပုတီးစိပ်ခြင်းသဘောမှာ ဤသို့ဖြစ်သည်။ ဂျိန်းဘာသာ၌ ပြုခဲ့သောဒုစရိုက်အပြစ်များမှ လွတ်ကင်းအောင် ပုတီးစိပ်သည်၊ ပုတီးတစ်လုံးချင်းချပေး၍ ပုတီးကုံး ဆုံးသွားသောအခါ အကုသိုလ် အပြစ်များလည်း တစ်ခုချင်းလျော့ပြီး နောက်ဆုံး စင်ကြယ်သွားသည်ဟု ယူဆကြသည်။

ဟိန္ဒူဘာသာဝင်တို့ ပုတီးစိပ်သည်မှာလည်း မိမိနှစ်သက်သော(god) တစ်ပါးပါး၏ အမည်နာမကိုပင် ထပ်တလဲလဲဆို၍ စိပ်တတ်သည်။ ခရစ်ယာန်၊ အစ္စလာမ်ဘာသာဝင်တို့သည်လည်း သက်ဆိုင်ရာနတ်ဘုရား တမန်တော်စသည်တို့၏ နာမတော်ကိုသာ ကြိမ်ဖန်များစွာ ပွားများရွတ်ဆိုခြင်းဖြင့် ပုတီးစိပ်လေသည်။ အခြားနည်းတို့လည်းရှိသည်။ ဤတွင် သုတေသီတို့ လေ့လာမှတ်သားချက်များအရသာ ဖော်ပြခြင်းဖြစ်၏။

ဗုဒ္ဓဘာသာတို့ ပုတီးစိပ်နည်းမှာကား မြတ်စွာဘုရား နာမတော်ကို ပုတီး

WWW.DHAMMARANSI.COM



စိပ်ခြင်းမဟုတ်ပေ။ မြတ်စွာဘုရား၌ အမှန်တကယ်ရှိသော ကျေးဇူးတော်ဂုဏ်တော်တို့ကို ရည်စူး၍စိပ်ကြလေသည်။ အချို့လည်း ဝိပဿနာဘက် ကိုင်းညွတ်၍ ၃၂-ကောဋ္ဌာသ စသော တရားသဘောကိုဆင်ခြင်၍ ပုတီးစိပ်လေသည်။

ဤစာအုပ်သည် လက်တွေ့အကျိုးရှိစေမည့် ပုတီးစိပ်နည်းအမျိုးမျိုးကို အဓိကထား၍ ဖော်ပြရန်ရည်ရွယ်သဖြင့် ပုတီးသမိုင်းကို အကျဉ်းချုပ်မျှသာ ဖော်ပြလိုက်ပါသည်။ ပုတီးသမိုင်းသည် စာဖတ်သူများအတွက် ဗဟုသုတအကျိုးငှာသာဖြစ်သည်။ အသိကိစ္စဖြစ်သည်။ လက်တွေ့ပုတီးစိပ်ပုံစိပ်နည်းများကမူ ကုသိုလ်ရရှိရေး၊ စွမ်းရည်ရရှိရေးအတွက်ဖြစ်သည်။ အကျင့်ကိစ္စဖြစ်သည်။ အကျင့်ကမူ ကောင်းကျိုးကိုဖြစ်ထွန်းစေမည် ဖြစ်သည်။

သို့ဖြစ်သောကြောင့် ပုတီးသမိုင်းကို ဤမျှဖြင့်ပင် အဆုံးသတ်လိုက်ပါသည်။

WWW.DHAMMARANSI.COM



# အခန်း(၂)

# အကျိုးထူးအောင် ပုတီးစိပ်နည်း

### ပုတီးစိပ်ခြင်း

"ပုတီး"ကို ပါဠိသက္ကတဘာသာဖြင့် "ဇပ္ပမာလာ"ဟုခေါ်သည်။ ဇပ္ပ= ရွတ်ဆိုခြင်း၊ သရဇ္ဈာယ်ခြင်း [1]၊ မာလာ= ပန်း၊ သို့မဟုတ်၊ အစဉ်အတန်း၊ ထို့ကြောင့် "ဇပ္ပမာလာ"၏အဓိပ္ပာယ်မှာ တစ်ခုခုကို ရွတ်ဆိုသရဇ္ဈာယ်သော အခါ ၎င်းရွတ်ဆိုမှုအကြိမ်ပေါင်းကိုမှတ်သားရန် သီကုံးထားသောအရာဝတ္ထု ဟူ၍ဖြစ်လေသည်။ မြန်မာလို "ပုတီးကုံး"ပင်တည်း။

ယခုခေတ် အများသုံးပုတီးတစ်ကုံးတွင် ပုတီးစေ့ကလေးပေါင်း ၁၀၈-စေ့ ပါရှိလေသည်။ အဘယ့်ကြောင့် ပုတီးစေ့ ၁၀၈စေ့ထားပြီး ပုတီးကုံးကို ပြုလုပ်ကြသလဲဟု စဉ်းစားသောအခါ ဤသို့တွေ့ရသည်။

တွေ့ပုံမှာ ဘုရားဂုဏ်တော်ကိုးပါး၊ သို့မဟုတ် သံဃာဂုဏ်တော်ကိုးပါးကို ၁၂-ခေါက်ပြန်စိပ်လိုက်လျှင် (၁၂ x ၉ = ၁၀၈)ဖြစ်ပေသည်။ တရားဂုဏ်တော် ခြောက်ပါးကို ၁၈-ခေါက်ပြန်စိပ်လိုက်လျှင်လည်း (၁၈ x ၆ = ၁၀၈)ပင်ဖြစ်လေသည်။ သရဏဂုံသုံးပါး[2] ကို ၃၆-ခေါက်ပြန်စိပ်လျှင်လည်း(၃၆ x ၃ = ၁၀၈)ပင် ဖြစ်လေသည်။ ၁၀၈ကို ၉နှင့်စားလျှင်လည်းပြတ်သည်။ ၆နှင့်စားလျှင်လည်း

---

၁။ သရဇ္ဈာယ်= ရပြီးသောစာကို အလွတ်ရွတ်ဆိုခြင်း။

၂။ သရဏဂုံသုံးပါး= ကိုးကွယ်ဆည်းကပ်သော ဘုရား၊ တရား၊ သံဃာ။

WWW.DHAMMARANSI.COM



ပြတ်သည်။ ၃ နှင့်စားလျှင်လည်း ပြတ်သည်။ ဤသို့ ပြတ်သည်ကို "တြင်းကြေ နဝင်းကြေ"ဟုခေါ်၏။ (တြင်း= တြို= ၃။ နဝင်း= နဝ= ၉)

ဤကဲ့သို့ပုတီးစိပ်သောအခါ မိမိစိပ်လိုသောဂုဏ်တော်ပေါင်းကို အကြွင်းမရှိ ကွက်တိကိုက် စိပ်နိုင်စေရန်အတွက် ပုတီးတစ်ကုံးလျှင် ပုတီးစေ့ ၁၀၈–စေ့ ထားပြီး သီကုံးထားခြင်းဖြစ်ကြောင်း သိအပ်ပေသည်။

ထို့ပြင် ၃၂–ကောဋ္ဌာသ[1] ကိုစိပ်ရန် ၃၂–လုံးပါ ပုတီးကုံး၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကိုစိပ်ရန် ၃၇–လုံးပုတီးကုံး၊ သစ္စာ ၄–ပါးကို စိပ်ရန် ၄–ပါးပုတီးကုံး စသည်လည်းရှိသေး၏။ သို့သော် ၁၀၈–လုံးပုတီးကုံးလောက် အသုံးမများတော့ချေ။ ယခုခေတ်၌ ၁၀၈–လုံး ပုတီးကုံးကိုသာ များစွာအသုံးပြုကြလေသည်။

"စိပ်"ဟူသောစကား၏ မူရင်းအဓိပ္ပာယ်မှာ မကျဲခြင်း၊ မလပ်ခြင်းဖြစ်၏။ မကျဲအောင်၊ မလပ်အောင် မည်သို့ပြုလုပ်ရမည်နည်းဆိုသော် ဆက်တိုက်မပြတ်ပြုလုပ်ရန်ဖြစ်ပေသည်။ တစ်ခုနှင့်တစ်ခု ဆက်မိသွားအောင် ဆက်တိုက်မပြတ်ပြုလုပ်ပေးမှ တစ်ခုနှင့်တစ်ခု ဆက်မိပြီး မကျဲခြင်း၊ ဝါ စိပ်ခြင်းဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ စိပ်အောင်လုပ်သည်၊ ဝါ မကျဲအောင်လုပ်သည်ကို "စိပ်သည်"ဟု အဓိပ္ပာယ်ဖော်ထုတ်နိုင်ပေသည်။

*(ဝေါဟာရတ္ထပကာသနီ–နှာ–၆၈၇)*

"ပုတီး"နှင့် "စိပ်"ဟူသောစကားနှစ်လုံး၏ ရင်းမြစ်အနက် ဖော်ဆောင်ချက်အရ "ပုတီးစိပ်ခြင်း"ဟူသော ဝေါဟာရ၏အဓိပ္ပာယ်မှာ ပုတီးကုံး၌ ပါရှိ

---

၁။ ကောဋ္ဌာသ= အစု။

WWW.DHAMMARANSI.COM



သော ပုတီးစေ့ကလေးများကို တစ်စေ့နှင့်တစ်စေ့ ဆက်၍ဆက်၍သွားအောင် တစ်စေ့ချင်းတစ်စေ့ချင်း ချ၍ချ၍ပေးနေခြင်းကို "ပုတီးစိပ်"ဟု ဆိုရပေသည်။ သို့ရာတွင် ပုတီးစေ့သက်သက်ကိုသာ ချနေခြင်းကားမဟုတ်။ တစ်ခုခုကို ရွတ်ဆို၍ တစ်ကြိမ်ဆုံးတိုင်းဆုံးတိုင်း ပုတီးစေ့ကလေးများကို တစ်စေ့ချင်းချ၍ မှတ်သားခြင်းပင်ဖြစ်လေသည်။

တစ်နည်းအားဖြင့် "စိပ်"ဟူသော ဝေါဟာရ၏အနက်ကို "ဆင်ခြင်ခြင်း" ဟူ၍လည်း ဖော်ပြကြသေးသည်။

ကြည်နူးစိပ်စိပ်၊ ဦးတင်ထိပ်၊ နှစ်ကျိပ်လေးဆူတွင်၊ သိမြင်မင်းရိပ်၊ စူဠလိပ်၊ စိပ်စိပ်ကြံဆင်ခြင်။

*(ကဝိလက္ခဏာ ၁၄၆၈၊ ၁၄၈၈)*

ဤအဓိပ္ပာယ်အရဆိုသော် စိပ်ပုတီးဟူသည် ဆင်ခြင်ရသောပုတီး၊ ဆင်ခြင်ရာ၌ အသုံးပြုမှတ်သားရသောပုတီးဟု ဆိုရပေမည်။ ဤအဓိပ္ပာယ်ကို တွင်းသင်းတိုက်ဝန် မဟာစည်သူကလည်း–

နေ့ညသိပ်သိပ်၊ ပုတီးစိပ်လျက်၊ နှိပ်နှိပ်ကွပ်ကွပ်။

ဟူ၍ မဟာဇနကပျို့၌ ထည့်သွင်းစပ်ဆိုလျက် ထောက်ခံထားပေသည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော ပုတီးစိပ်ခြင်း၏အဓိပ္ပာယ်ကို စုပေါင်းသုံးသပ်ပါလျှင် ပုတီးစိပ်ရာ၌ အလုပ်နှစ်ခု တစ်ပြိုင်နက် ပါဝင်လျက်ရှိကြောင်း တွေ့ရပေသည်။ အလုပ်တစ်ခုမှာ တစ်စုံတစ်ခုကို နှလုံးသွင်းအာရုံပြု၍ ရွတ်ဆိုရခြင်း၊ အခြားတစ်ခုမှာ ထိုသို့ရွတ်ဆိုမှု တစ်ကြိမ်ပြီးတိုင်း ပုတီးစေ့ချမှတ်ခြင်းတို့ ဖြစ်ပေသည်။

ဤကဲ့သို့ ပုတီးစိပ်ရာတွင်–

(၁) နှလုံးသွင်း ဆင်ခြင်ပွားများမှု၊

WWW.DHAMMARANSI.COM



(၂) ပုတီးစေ့ ချမှတ်မှု၊

ဟူ၍ လုပ်ငန်းနှစ်ရပ်ကို တစ်ပြိုင်နက် ပူးတွဲဆောင်ရွက်ရသည် ဖြစ်သောကြောင့် အာရုံမရဘဲ ပုတီးလုံးကလေးများ ရေတွက်ရုံ သက်သက်ဖြင့် ပုတီးစိပ်သည်ဟုဆိုလျှင် မပြည့်စုံကြောင်း သိအပ်ပေသည်။

သို့ရာတွင် မြတ်စွာဘုရား၏ကျေးဇူးတော် ဂုဏ်တော်များကို အာရုံတန်းမိအောင် စူးစိုက်ရှုမြင် ပွားများရင်း ပုတီးစေ့ကလေးများချ၍ ကြိုးစားအားထုတ်သမှုပြုခြင်းမှာမူ အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းရာ၌ အကူအညီကောင်းတစ်ရပ်ဖြစ်လေသည်။ တစ်နည်းဆိုရသော် ပုတီးကုံးမှ ပုတီးစေ့ချမှတ်သမှုပြုသော အရေအတွက်သည် အဓိဋ္ဌာန်ပါရမီတည်းဟူသော အရည်အချင်းကို အကျိုးပြုလေသည်။ ပုတီးစိပ်ခြင်းသည် အရည်အချင်းကို အကျိုးပြုလေသည်။ ပုတီးစိပ်ခြင်းသည် အရည်အချင်းကို အကျိုးပြုသော အရေအတွက် စနစ်ကောင်းတစ်ရပ်ဟူ၍ ဆိုလိုပေသည်။

## ပုတီးစိပ်ခြင်း၏ ရည်ရွယ်ချက်

ပုတီးစိပ်ခြင်း၏ ရည်ရွယ်ချက်မှာ ကုသိုလ်ရရန်[၁]ပင် ဖြစ်လေသည်။ ကုသိုလ်ဘယ်လိုရသလဲဟု မေးလျှင်မူကား ကုသိုလ်ရပုံကို ဤသို့ သိအပ် ပေသည်။

အလုပ်တစ်ခုသည်-

(၁) အပြစ်ကင်းစင်ခြင်း (အနဝဇ္ဇဂုဏ်)

(၂) ကောင်းကျိုးပေးခြင်း (သုခဝိပါကဂုဏ်)

---

၁။ ကုသိုလ်= ကုသလ= ကောင်းသောအမှု။

WWW.DHAMMARANSI.COM



ဟူသော လက္ခဏာနှစ်ရပ်နှင့် ပြည့်စုံလျှင် ကုသိုလ်ရသည်သာ ဖြစ်သည်။ အပြစ်မကင်းလျှင်သော် လည်းကောင်း၊ ကောင်းကျိုးမပေးလျှင်သော် လည်းကောင်း ကုသိုလ်အလုပ် မဟုတ်ပါချေ။ ဆိုခဲ့ပါ အပြစ်ကင်းခြင်း၊ ကောင်းသောအကျိုးကို ဖြစ်ထွန်းစေခြင်းဟူသော လက္ခဏာနှစ်ရပ်သည် ကုသိုလ် ဖြစ် မဖြစ် တိုင်းတာသည့် "စံ" ဖြစ်လေသည်။ မည်သည့်အလုပ်ကိုမဆို "စံ"နှင့်စက်ကြည့်ပြီးမှ ကုသိုလ်ဖြစ် မဖြစ် သတ်မှတ်ရလေသည်။

***(အဋ္ဌသာလိနီ-၈၁)***

ပုတီးစိပ်ခြင်းအလုပ်ကို ဖော်ပြပါစံနှင့် ချိန်စက်ကြည့်သည်ရှိသော် လက္ခဏာနှစ်ရပ်စလုံးနှင့် ညီညွတ်နေသည်ကို တွေ့ရလိမ့်မည်။

ပုတီးစိပ်ခြင်းအလုပ်သည် အပြစ်ကင်းသောအလုပ်ဖြစ်သည်။ ဒုစရိုက် ဆယ်ပါးမှ ကင်းလွတ်၍ သန့်ရှင်းသောအလုပ်ဖြစ်သည်။ မိမိကိုလည်းကောင်း၊ မိမိပတ်ဝန်းကျင်ကိုလည်းကောင်း၊ မည်သည့်နည်းနှင့်မျှ ထိခိုက်စေသောအလုပ် မဟုတ်ချေ။ အဘက်ဘက်မှ အပြစ်ကင်းသောအလုပ် ဖြစ်လေသည်။

ထို့ပြင် အာရုံရရ စူးစူးစိုက်စိုက် ပုတီးစိပ်နေခိုက်တွင် စိတ်ချမ်းသာနေလိမ့်မည်။ ဘေးအန္တရာယ်ကင်းခြင်း၊ သိဒ္ဓိ[၁] အမျိုးမျိုးကို ရရှိခြင်းစသော အကျိုးကျေးဇူးများကိုလည်း ရနိုင်ပေသည်။ ပုတီးစိပ်ခြင်းအလုပ်သည် တစ်ချိန်တည်းတွင် အကျိုးနှစ်ပါးကို ဖြစ်ထွန်းစေနိုင်သည်။ အတ္တဟိတ မိမိအကျိုးလည်း ရှိစေ၏။ ပရဟိတ သူတစ်ပါး၏အကျိုးကိုလည်း သွယ်ဝိုက်သောနည်းဖြင့် ပြီးစီးစေ၏။ သို့ဖြစ်၍ အကျိုးတရားပိုင်းကကြည့်လျှင် ကောင်းကျိုးပေးသော အလုပ်ဖြစ်သည်။

---

၁။ သိဒ္ဓိ= ပြီးစီးခြင်း၊ ပြီးစီးရန်လိုအပ်သော ဂုဏ်တန်ခိုး၊ ပြီးစီးစေသည့် ဂုဏ်တန်ခိုး။

WWW.DHAMMARANSI.COM



ဤသို့လျှင် ပုတီးစိပ်ခြင်းသည် အပြစ်ကင်းသော ကောင်းသောအလုပ် ဖြစ်သည်။ ကောင်းကျိုးချမ်းသာကိုလည်း တိုးပွားစေသည်။ ဤအင်္ဂါလက္ခဏာ နှစ်ရပ်နှင့်ပြည့်စုံ၍ ကုသိုလ်ရသည်။ ကုသိုလ်ရရှိရန်အတွက် ပုတီးစိပ်ခြင်း ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် ထူးမြတ်သော ဘာဝနာ[၁] ကုသိုလ်ရရှိစေရန်အတွက် ပုတီးစိပ်လိုသူတိုင်းသည် ထက်ထက်မြက်မြက် တင်းတင်းရင်းရင်း စွဲစွဲမြဲမြဲ စိပ်ကြရန်ဖြစ်ပေသည်။ ပုတီးမြဲလာလျှင် လောကီ[၂] လောကုတ္တရာ[၃]အကျိုးကျေးဇူး များကို ခံစားရရှိနိုင်မည် ဖြစ်ပေသည်။

## ပုတီးစိပ်ခြင်းနှစ်မျိုး

ပုတီးစိပ်ခြင်းသည် အလုပ်တစ်မျိုးပင်ဖြစ်သည်။ အလုပ်အမျိုးမျိုးအနက် စိတ်နှင့်ပတ်သက်သော ဘာဝနာအလုပ်ဖြစ်ပေသည်။ စိတ်နှင့်ပတ်သက်သော အလုပ်ဖြစ်၍ သိမ်မွေ့လေးနက်လေသည်။ အလေးအနက် ဂရုပြုလျက် စနစ်တကျ လုပ်မှသာလျှင် ထိရောက်အောင်မြင်ပြီး လိုအပ်သောအကျိုးကို ရရှိလိမ့်မည် ဖြစ်ပေသည်။

ပုတီးစိပ်သည့်အတွက် ထပ်တလဲလဲ အောက်မေ့သတိရမှု ဖြစ်ပွားစေသည်။ အဖန်တလဲလဲ သတိရခြင်းကို ပါဠိလို "အနုဿတိ"ဟု ခေါ်လေသည်။ (အနု= အဖန်ဖန်၊ သတိ= အမှတ်ရခြင်း)သို့ဖြစ်၍ ပုတီးစိပ်ခြင်းအလုပ်

---

၁။ ဘာဝနာ= ပွားစေခြင်း၊ စီးဖြန်းခြင်း။

၂။ လောကီ= မပြတ်ဖြစ်ပျက်နေသော ဘဝသံသရာနယ်။

၃။ လောကုတ္တရာ= (လောက+ဥတ္တရ) လောကကိုလွန်မြောက်သောနယ်။

WWW.DHAMMARANSI.COM



(၁၁) အမိဌာန်ပြုခြင်း၊

(၁၂) စနစ်တကျ ထိုင်ခြင်း၊

(၁၃) ပုတီးကိုင်နည်းစနစ်၊

(၁၄) ဂုဏ်တော်နှင့် တရားဓမ္မများ၊

(၁၅) ဆောင်ရမည့်အချက်များ၊

(၁၆) ရှောင်ရမည့်အချက်များ၊

(၁၇) ပြန်လည်ဆင်ခြင်ခြင်း၊

(၁၈) အမျှအတန်းပေးဝေခြင်း၊

ဤကျင့်ဝတ် ၁၈–မျိုးတို့ကို တစ်ခုစီ ရှင်းလင်းဖော်ပြပါမည်။

### (၁) ဆာလောင်မွတ်သိပ်မှုမရှိစေခြင်း

လူ၏ ကိုယ်ခန္ဓာသည် အစားအသောက်ကို အမှီပြုပြီး အသက်ရှင်နေရခြင်းဖြစ်သည်။ "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ[၁] "ဟူသော ပါဠိကလေးကို ဗုဒ္ဓဘာသာများစွာတို့ အလွတ်ရနေကြသည်။

"ခပ်သိမ်းသော သတ္တဝါတို့သည် အာဟာရလျှင် တည်ရာ ရှိကြကုန်၏" ဟု ဆိုလိုပေသည်။ ဘောဇဉ်ဟုခေါ်သော အစားအသောက်များသည် လူ၏ ကိုယ်ခန္ဓာအား ပဓာနကျကျ အထောက်အပံ့ပြုလျက်ရှိကြောင်း ပဋ္ဌာန်းဟုခေါ်သော ဗုဒ္ဓအဘိဓမ္မာကျမ်းကြီး၌လည်း ဖော်ပြထားသည်။

---

၁။ သဗ္ဗေ = အလုံးစုံ၊ သတ္တာ = သတ္တဝါများ၊ အာဟာရ = အစားအစာ(ဝါ) အကြောင်း တရား၊ ဋ္ဌိတိကာ = တည်ရာဖြစ်ခြင်း။

WWW.DHAMMARANSI.COM



သို့ဖြစ်၍ အစားအစာ စားသောက်မှုကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ချေ၊ သင့်တင့်သော အစားအစာများကို အချိန်သင့်အခါသင့် ချင့်ချိန်၍ ဂရုတစိုက် စားသုံးပေးရန် လိုပေသည်။

ဝမ်းထဲ၌ အစာမရှိဘဲ ပုတီးစိပ်ပါလျှင် အူတကြုတ်ကြုတ်ဖြစ်ပြီး စိတ်သမာဓိ[၁] မရနိုင်ဖြစ်တတ်သည်။ စိတ်ပျံ့လွင့်တတ်သည်။ အလွန်အကျွံလည်း မစားသင့်ချေ။ ထမင်းစားပြီးခါစ ပုတီးစိပ်လျှင် ထိန[၂] မိဒ္ဓ[၃] တွေ ဝင်လာပြီး စိတ် ထိုင်းမှိုင်းလာတတ်သည်။ အိပ်ငိုက်လာတတ်သည်။

ပုတီးစိပ်ခါနီးတွင် အပေါ့ အလေးကိုလည်း ရှင်းထားသင့်သည်။ ပုတီးစိပ်နေတုန်း ထသွားရလျှင် အဓိဋ္ဌာန်သမာဓိ ပျက်ပေလိမ့်မည်။

## (၂) သန့်ရှင်းသန့်ပြန့်ရခြင်း

ပုတီးမစိပ်မီ လုပ်ရမည့်သန့်ရှင်းရေးမှာ–

(က) ကိုယ်သန့်ရှင်းရမည်။

(ခ) အဝတ်အစား သန့်ရှင်းရမည်။

(ဂ) ပုတီးစိပ်သည့်နေရာ သန့်ရှင်းရမည်။

ဤသန့်ရှင်းရေးသုံးမျိုးကို မဖြစ်မနေ ရယူရမည်ဖြစ်သည်။

---

၁။ သမာဓိ= တည်ကြည်ခြင်း၊ (သံ+အာဓိ၊ သံ= ကောင်းစွာ၊ အာဓိ= ထားခြင်း) အာရုံတစ်ခုခု၌ စိတ်စူးစိုက်တည်ခြင်း။

၂။ ထိန = ထိုင်း၊

၃။ မိဒ္ဓ = မှိုင်း၊

WWW.DHAMMARANSI.COM



အချိန်အခါသင့်လျှင် ပုတီးမစိပ်မီ ရေချိုးသင့်သည်။ မချိုးနိုင်လျှင် ကိုယ်လက်အင်္ဂါ သန့်ရှင်းရမည်။ ကိုယ်၌ ချွေးစေးများ၊ မျက်နှာ၌ အဆီများ ရှိနေလျှင် စိတ်အိုက်နေတတ်သည်။

အဝတ်အစား သန့်ပြန့်ရေးတွင် နံနက်စောစောထ၍ ပုတီးစိပ်တတ်သူများသည် ညကဝတ်ထားသော အဝတ်များကို လဲပစ်သင့်သည်။ အဝတ်အစားများမှာ ချွေးနံ့၊ ကြေးနံ့ထွက်နေလျှင် စိတ်မရှင်းတတ်ပေ။

မိမိပုတီးစိပ်သည့်နေရာ၌ ပိုးမွှားများ၊ အမှိုက်သရိုက်များ၊ ဖုန်အမှုန်များ မရှိစေသင့်။ ကြိုတင် လှည်းဖယ်ထားရမည်။ မကောင်းသော အနံ့အသက်ဆိုးများလည်း ကင်းရန်လိုသည်။ အထူးသဖြင့် လေကောင်းလေသန့်ရဖို့ လိုပေသည်။

အိမ်ကျဉ်း၍ မိမိအိပ်သော အိပ်ရာပေါ်မှာပင် ပုတီးစိပ်ရန်လိုမည်ဆိုပါကလည်း စိပ်နိုင်ပေသည်။ သို့စိပ်လျှင် အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်တို့ သန့်ရှင်းဖို့လိုသည်။ အိပ်ရာခင်းကို ပြန့်ပြန့်ပြူးပြူးရှိစေပြီး စောင်ကို သေသေသပ်သပ် ခေါက်ထားသင့်သည်။ ခြင်ကိုက်လျှင် ခြင်ထောင်ထဲ၌ပင် ပုတီးစိပ်နိုင်သည်။

သစ်ပင်ရင်း၌နေသော ရဟန်းများသည် မိမိနေသောသစ်ပင်ရင်းကို သန့်ရှင်းအောင် တံမြက်လှည်းထားရမည်ဟု မြတ်စွာဘုရားက ပညတ်ထားသည်။ လူ၏စိတ်တွင် ဉာဏ်ပညာပွင့်လာစေရေးအတွက် "သန့်ရှင်းမှု"လို အပ်ကြောင်းကိုလည်း မြတ်စွာဘုရားက ညွှန်ပြတော်မူထားသည်။[၁] သို့ဖြစ်၍ ပုတီးစိပ်ရာ၌ သန့်ရှင်းရေးကို အလေးဂရုပြုအပ်ပေသည်။

---

၁။ ဗောဇ္ဈင်္ဂဝိဘင်း

WWW.DHAMMARANSI.COM



### (၃) အချိန်ရွေးချယ်မှု

အချိန်ရွေးချယ်ရာတွင် မိမိကိုယ်ခန္ဓာ အီသာခံကျန်းရှိချိန်၊ ပတ်ဝန်းကျင်မှ အသံဗလံများ နည်းပါးချိန်မှာ အကောင်းဆုံးဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော်သည် ကဆုန်လပြည့်နေ့ည တစ်ညလုံး တရားအားထုတ်ပြီး နံနက်အရုဏ်တက်ချိန်မှာ သဗ္ဗညုတဉာဏ်တော်[၁] ကို ဆွတ်ခူး သွားတော်မူခဲ့သည်။

ထို့ပြင်–

"ကြယ်တာရာ နက္ခတ်ပန်းတို့ဖြင့် အဆန်းတကြယ် လှပလျက်ရှိသော ညအခါသည် အိပ်ဖို့သက်သက်သာ မဟုတ်ချေ။ အခွင့်ကောင်း အခါကောင်းကို အရယူတတ်သော ပညာရှိတို့အတွက် ကိလေသာ[၂] ကို သုတ်သင်ရှင်းလင်းရန် အလို့ငှာ အကောင်းဆုံးအချိန် ဖြစ်လေသည်။"

ဤသို့လည်း ထုတ်ဖော်ဟောကြားတော်မူခဲ့လေသည်။ မြတ်စွာဘုရား သည် ညအချိန်ကို မိမိကိုယ်တိုင်လည်း အောင်မြင်စွာ အသုံးချသွားခဲ့သည်။ သူတစ်ပါးအားလည်း လမ်းပြခဲ့လေသည်။

သို့ဖြစ်၍ ညအခါတွင် ပုတီးစိပ်ရန် အကောင်းဆုံးဖြစ်ကြောင်း သိအပ်ပေသည်။

---

၁။ သဗ္ဗညုတဉာဏ်= အလုံးစုံသောတရားကို သိသောဉာဏ်။

၂။ ကိလေသာ= လူကို ပူပန်စေတတ်သည့်၊ နှိပ်စက်တတ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ။ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက။ အနောတ္တပ္ပ ဟူသော တရားဆယ်မျိုး။

WWW.DHAMMARANSI.COM



ဤတွင် 'ည' သတ်မှတ်ပုံမှာ ညနေ နေဝင်ချိန်မှ နောက်တစ်နေ့ အရုဏ်တက်ချိန်အထိဖြစ်ပေသည်။ နေမဲ့သောနေ့ မဟုတ်သောအခါကို 'ည'ဟု ဆိုလိုသည်။ အကြမ်းဖျဉ်းအားဖြင့် ညနေ ၇–နာရီခန့်မှ နံနက် ၅–နာရီခန့်အထိ ဖြစ်ပေသည်။

ထိုအချိန်များအနက် ည၏နောက်ဆုံးပိုင်းဖြစ်သော နောက်တစ်နေ့ အရုဏ်တက်ချိန်၌ ညနေက စားသောက်ထားသော အစားအစာများ ကောင်းစွာ ကြေညက်နေချေပြီ။ ရိုးရိုးလူများအဖို့ ညဉ့်ဦးညဉ့်လယ်က အိပ်စက်နားနေခဲ့ပါလျှင် အရုဏ်တက်ချိန်၌ အင်ပြည့်အားပြည့် ပြန်ဖြစ်နေလေသည်။

သို့ဖြစ်၍ နံနက် ၃–နာရီ ၄–နာရီအချိန်ပိုင်းတွင် ကိုယ်ခန္ဓာ ပေါ့ပါးလန်းဆန်းလျက်ရှိခြင်း၊ ပတ်ဝန်းကျင်လောကမှ အသံဗလံများ နည်းပါးခြင်းဟူသော အချက်နှစ်ရပ်နှင့်ပြည့်စုံကြောင်း တွေ့ရပေသည်။ မြတ်စွာဘုရားသည် နောက်တစ်နေ့၌ မည်သူ့ကို တရားဟောပြော ချွတ်ရမည်နည်းဟု ကမ္ဘာလောကကြီးကို ကြည့်တော်မူချိန်မှာလည်း အရုဏ်တက်လုလုအချိန်ပင် ဖြစ်လေသည်။ သို့ဖြစ်၍ ထိုအချိန်တွင် အဓိဋ္ဌာန်ပုတီးခွင်သို့ဝင်လျှင် အကောင်းဆုံး အထိရောက်ဆုံး ဖြစ်ပေလိမ့်မည်။

(ညတွင် တရားအားထုတ်ပြီး ပုတီးစိပ်သည့်အတွက်၊ သို့မဟုတ် နံနက်စောစောထပြီး ပုတီးစိပ်သည့်အတွက် အိပ်ပျက်ပြီးနောက်တစ်နေ့၌ ကိုယ်လက်မအီမသာရှိလိမ့်မည်ဟု မမှတ်ထင်အပ်ပါ၊ ပွဲကြည့်၍ အိပ်ပျက်ခြင်းမျိုးနှင့် မတူပါ၊ နောက်တစ်နေ့၌ လန်းလန်းဆန်းဆန်းပင်ရှိပါသည်။ ဤသည်မှာ တရားတော်၏ လက်ငင်းအကျိုးကျေးဇူး ဖြစ်လေသည်။)

WWW.DHAMMARANSI.COM



## (၄) နေရာယူမှန်ကန်ခြင်း

ပါဠိတော်များတွင် သမထ[၁] ဝိပဿနာ[၂] လုပ်ငန်း နိဒါန်းစကားရပ်များ၌ "အရည[၃] ဂတော၊ ရုက္ခမူလ[၄] ဂတော၊ သုညာဂါရ[၅] ဂတော[၁၁] ဟူ၍" "တော" သုံးတောကို မြတ်စွာဘုရား အမြဲတမ်းညွှန်ကြားတော်မူသည်။ သမထ, ဝိပဿနာ အလုပ်ကို တောထွက်ပြီးလုပ်ပါ၊ သစ်ပင်ရင်းမှာကျင့်ပါ၊ ဆိတ်ငြိမ်သောနေရာကို ချဉ်းကပ်ပါဟူ၍ လိုအပ်သောနေရာနှင့် ပတ်ဝန်းကျင်ကို ပြသတော်မူခြင်း ဖြစ်သည်။

ဤတွင် ဆိတ်ငြိမ်မှုသည် အဓိကအချက်ဖြစ်ပေသည်။ ညအခါနှင့် အရုဏ်တက်ချိန်မျိုးတွင် လောကကြီးတစ်ခုလုံး အိပ်မောကျနေချိန်ဖြစ်၍ ဆိတ်ငြိမ်သာယာသောအခါပင် ဖြစ်လေသည်။ မိမိအိမ်သည်ပင် ထိုအခါမျိုး၌ သုညာဂါရ= ဆိတ်ငြိမ်သောအဆောက်အအုံ ဖြစ်နေလေပြီ။

အရုဏ်တက်ချိန်တွင် မိမိအိမ်ရှိ ဘုရားစင်ရှေ့မှာ နေရာယူလိုက်လျှင် နေရာယူမှန်ပြီဟုဆိုနိုင်သည်။ ဘုရားစင်ရှေ့မှာ နေရာမရှိလျှင်လည်း သင့်သည့် နေရာကို ပုတီးအလုပ်ခွင်ဌာနအဖြစ် စခန်းချနိုင်ပါသည်။ ဤသည်မှာ နေ့စဉ် အိမ်မှာ အားထုတ်ရန်အတွက်ဖြစ်ပါသည်။

တစ်ခါတစ်ခါ အချိန်ရလျှင် အပြင်ထွက်၍အားထုတ်သင့်ပါသည်။ ယခုခေတ် ကမ္မဋ္ဌာန်းရိပ်သာအချို့နှင့် ဘုရားကျောင်းကန်များတွင် အေးချမ်းတိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ရနိုင်ပေသည်။

---

၁။ သမထ= စိတ်တည်ကြည်မှု သမာဓိ၊ ၂။ ဝိပဿနာ= ထူးထူးခြားခြားရှုမြင်မှု။ ၃။ အရည= တော၊ ၄။ ရုက္ခမူလ= သစ်ပင်ရင်း၊ ၅။ သုညာဂါရ= ဆိတ်ငြိမ်သောနေရာ။ ၁၁။ ဂတော= သွားရောက်ခြင်း၊ ချဉ်းကပ်ခြင်း။

WWW.DHAMMARANSI.COM



## (၅) သရဏဂုံသီလ ဆောက်တည်ခြင်း

စနစ်တကျ နေရာယူပြီးသောအခါ မြတ်စွာဘုရားထံမှောက်၌ သရဏဂုံ[၁] နှင့် သီလ[၂] ခံယူဆောက်တည်ရပါသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော် သရဏဂုံသုံးပါးနှင့် အနည်းဆုံး ၅–ပါးသီလ ခံယူဆောက်တည်ရန် ဖြစ်ပါသည်။

ဆောက်တည်ပုံမှာ မြတ်စွာဘုရားရှေ့မှောက်၌ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး ဩကာသ၊ ဩကာသ၊ ဩကာသ ဟူသောကန်တော့ချိုးကို ဆိုပါ။ နောက် အဟံဘန္တေစသည်ဖြင့် သီလတောင်းပါ၊ နောက် 'နမောတဿ' သုံးခေါက်ဆိုပါ။ ပြီးမှ ဗုဒ္ဓံသရဏံဂစ္ဆာမိ စသည်ဆိုပါ။ နောက်ဆုံးတွင်မှ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ စသော သီလသိက္ခာပုဒ်[၃] ကို တစ်ခုစီဆို၍ သီလခံပါ။ ဘုန်းကြီးများထံ သီလခံသောအခါ "အာမဘန္တေ"ဟု လိုက်ဆိုကြရသည်။ ဘုရားထံ၌ သီလခံသောအခါ "အာမဘန္တေ"ဟု ဆိုရန် မလိုပေ။ တစ်ခါတည်းဆက်ဆိုသွားရန် ဖြစ်ပေသည်။

အကယ်၍ ငါးပါးသီလကို မခံယူတတ်သူဖြစ်လျှင်–

တပည့်တော်သည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏။ တပည့်တော်သည် အသက်ကိုမသတ်ပါ၊ သူတစ်ပါး၏ဥစ္စာကို မခိုးပါ၊ သူတစ်ပါးသားမယားကို မပြစ်မှားပါ၊ လိမ်၍မပြောပါ၊ အရက်သေစာ မသောက်စားပါ

---

၁။ သရဏဂုံ= ဆင်းရဲကိုပယ်ပြီး ချမ်းသာသို့ရောက်စေတတ်သော ရတနာသုံးပါးကို ဆည်းကပ်ခြင်း။

၂။ သီလ= ကိုယ်ကျင့်တရား။

၃။ သိက္ခာပုဒ် = သိက္ခာ+ပဒ = သိက္ခာ = အကျင့်၊ ပဒ = အကြောင်း၊ အကျင့်၏အကြောင်း။

WWW.DHAMMARANSI.COM



ဟု မြန်မာလိုဆိုလိုက်ပါ။ သရဏဂုံနှင့် သီလဆောက်တည်ခြင်းကိစ္စ ပြီးပါသည်။ ဆောက်တည်ပြီးလျှင် 'ငါသည် ယခုအခါ၌ သရဏဂုံတည်သူ သီလရှိသူဖြစ်နေပြီ'ဟု မိမိကိုယ်ကို မျက်စိမှိတ်၍ စိတ်ဖြင့် အာရုံပြုပြီး သိအောင်လိုက်ပါ။ ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုလုပ်သောအခါ သရဏဂုံတည်ပြီး သီလရှိသူအနေဖြင့် ပြုလုပ်ပါက ပို၍အကျိုးကြီးပါသည်။ သို့ဖြစ်၍ သရဏဂုံနှင့် သီလကို ထပ်မံဆောက်တည်ရခြင်း ဖြစ်ပေသည်။

## (၆) အနန္တငါးပါး ကန်တော့ခြင်း

သရဏဂုံနှင့် သီလခံယူဆောက်တည်ပြီးနောက် အနန္တငါးပါးကို ကန်တော့ရပေမည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဤငါးဖြာကို အနန္တော အနန္တ[၁] ငါးပါးဟုခေါ်သည်။ ဘုရားရှေ့မှာ ဘုရားကိုတိုင်တည်၍ ကန်တော့ရသည်။

ကန်တော့ပုံမှာ–

တပည့်တော်သည် ဘဝဆက်ကာ သံသရာ[၂] မှ ယနေ့ကျအောင် ရှည်လျားသော သံသရာကာလအတွင်းဝယ် မသိမိုက်မဲ၍ ရတနာမြတ်သုံးပါးကိုဖြစ်စေ၊ မိဘနှင့်ဆရာကိုဖြစ်စေ၊ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ပြစ်မှားကျူးလွန်ခဲ့သည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ အနန္တငါးပါးကို ဦးနှိမ်ဝပ်လျှိုး ရှိခိုးကန်တော့ပါ၏။ ကန်တော့ရသော ဤကောင်းမှုကုသိုလ်ကြောင့် အပြစ်ဟူသမျှ ကင်းပျောက်ပါစေသတည်း။

---

၁။ အနန္တော အနန္တ = အဆုံးမရှိ၊ ဂုဏ်ကျေးဇူး အဆုံးမရှိ။

၂။ သံသရာ = ဘဝအဆက်ဆက် ဖြစ်နေရမှု၊ ဘဝကွင်းဆက်၊ ဘဝဖြစ်စဉ်။

WWW.DHAMMARANSI.COM



သုံးကြိမ်ဆိုပြီး ကန်တော့လျှင် ပို၍လေးနက်သည်။

ဤသို့ ကန်တော့ရန်လိုခြင်းမှာ အနန္တငါးပါးကို ပြစ်မှားထားသည့် အကုသိုလ်ကံ[၁] ရှိနေလျှင် သမထဝိပဿနာအလုပ်၏ အတားအဆီးဖြစ်နေတတ်သည်။ ပုတီးစိပ်ရာ၌ အနှောင့်အယှက်ဖြစ်နေတတ်သည်။ ပိတ်ဆို့နေသော ရေမြောင်း၌ ရေစီးမဖြောင့်သလို အလုပ်မှာ အနှောင့်အယှက်ဖြစ်နေတတ်သည်။ ဤသို့မဖြစ်စေရန် မတော်တဆ ထိုအကုသိုလ်ကံမျိုးရှိနေပါက ကင်းသွားအောင် လမ်းရှင်းခြင်းဖြစ်လေသည်။ သို့ဖြစ်၍ အနန္တငါးပါး ကန်တော့မှုကို ပြုထိုက်သည်ဟု သိအပ်ပေသည်။

## (၇) မေတ္တာပို့ခြင်း

အနန္တငါးပါးကန်တော့ပြီးနောက် မေတ္တာ[၂] ပို့ရန်ဖြစ်၏။ မေတ္တာပို့ရန်စနစ်မှာ ပထမဦးစွာ မိမိစိတ်ကိုတည်ငြိမ်အောင် ဆောက်တည်လိုက်နာရမည်။ ဆောက်တည်ပြီးနောက် လူနှင့်တကွ သက်ရှိသတ္တဝါများကို စိတ်အာရုံတွင် ထင်အောင်ရှု၍ သူတို့အပေါ် အကျိုးလိုလားသည့်စိတ် မွေးရမည်။ တစ်ဦးတည်းသော သားအပေါ် ထားရှိသည့် မိခင်၏စိတ်ထားမျိုး မွေးရမည်ဟု မေတ္တသုတ်တော်၌ ညွှန်းထားသည်။

ဤကဲ့သို့ စိတ်ကိုတည်ငြိမ်အောင် ဆောက်တည်ပြီးမှ စိတ်ကိုညွှတ်၍-

(၁) မိမိကိုယ်သည် ဘေးရန်ကင်းပါစေ၊
စိုးရိမ်ကြောင့်ကြ ကင်းပါစေ၊

---

၁။ အကုသိုလ်ကံ= ဆိုးညစ်သောပြစ်မှု။

၂။ မေတ္တာ= ချစ်ခင်မြတ်နိုး အကျိုးလိုလားသောစိတ်ထား။

WWW.DHAMMARANSI.COM



ဆင်းရဲဒုက္ခကင်းပါစေ၊

ချမ်းသာသုခရှိပါစေ၊

(၂) မိမိနှင့်စပ်သမျှ သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊

စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ၊

ဆင်းရဲဒုက္ခ ကင်းကြပါစေ၊

ချမ်းသာသုခ ရှိကြပါစေ၊

(၃) ကြွင်းသမျှ ကမ္ဘာသူ ကမ္ဘာသားအားလုံး

ဘေးရန်ကင်းကြပါစေ၊

စိုးရိမ်ကြောင့်ကြ ကင်းကြပါစေ၊

ဆင်းရဲဒုက္ခ ကင်းကြပါစေ

ချမ်းသာသုခ ရှိကြပါစေ၊

ဤကဲ့သို့ နှုတ်ကထုတ်ဆို၍ သုံးခေါက်အနည်းဆုံး မေတ္တာပို့သင့်ပေသည်။

မေတ္တာပို့ခြင်း၏ရည်ရွယ်ချက်မှာ မေတ္တာပို့လျှင် လူချစ်နတ်ချစ်သည်။ ပုတီးစိပ်နေစဉ်အတွင်း အမိဋ္ဌာန်ပျက်အောင် မာရ်နတ်[၁]၏ အသင်းအပင်း ပရလောကသားတို့က လာရောက်မနှောင့်ယှက်စေရန်ဖြစ်၏။ မြတ်စွာဘုရား လက်ထက်က ရဟန်းအချို့သည် မေတ္တာမပို့ဘဲ တရားအားထုတ်ကြရာ ရက္ခစိုး နတ်တို့က ခြောက်လှန့်ကြသဖြင့် တရားမရနိုင်ကြ။ နောက် မြတ်စွာဘုရား ညွှန်ကြားချက်အတိုင်း မေတ္တာပို့ပြီး တရားအားထုတ်မှ ဖြောင့်ဖြောင့်ဖြူးဖြူး အားထုတ်နိုင်ကြတော့သည်။

*(မေတ္တသုတ် အဋ္ဌကထာ)*

---

၁။ မာရ်နတ်= ကုသိုလ်ကောင်းမှုကို ဆန့်ကျင်ဘက်ပြုလုပ်သော နတ်မင်း။

WWW.DHAMMARANSI.COM



ဤသို့ဖြစ်ခဲ့သည့်ထုံးကိုထောက်၍ ဖြောင့်ဖြောင့်ဖြူးဖြူးပုတီးစိပ်နိုင်စေခြင်းအကျိုးငှာ မေတ္တာပို့ရခြင်းဖြစ်လေသည်။ မေတ္တာပို့သည့်အတွက် စိတ်အနှောင့်အယှက်ကင်းခြင်း အကျိုးအပြင် စိတ်တည်ကြည်မှု စောလျင်စွာရခြင်း၊ အဆိပ်လက်နက် မသင့်ခြင်း စသောအကျိုးများကိုလည်း ရပေသည်။

## (၈) ဘုရားပင့်ခြင်း

မေတ္တာပို့ပြီးနောက် မိမိဦးထိပ်ထက်သို့ မြတ်စွာဘုရားကို ပင့်ယူရမည်။ မိမိဦးထိပ်ထက်တွင် မြတ်စွာဘုရားသည် တည်နေကိန်းဝပ်တော်မူပါဟု စိတ်ဖြင့်ပင့်ရခြင်းဖြစ်သည်။

ဘုရားပင့်ပုံအစီအစဉ်မှာ မြတ်စွာဘုရား၏ ဆင်းတုတော် ရုပ်တုတော်ကို နှိမ့်ချရိုသေသောမျက်လုံးဖြင့် စူးစိုက်စွာကြည့်ရမည်။ ယင်းသို့ကြည့်စဉ် စိတ်ထဲက–

ဘုရားဖြစ်ရန် ပါရမီသုံးဆယ်ကို ဖြည့်ဆည်းတော်မူခဲ့ပြီ၊ စွန့်ခြင်းကြီး ငါးပါး[၁] ကိုလည်း စွန့်လှူခဲ့ပြီ၊ လောကအကျိုး၊ ဆွေတော်မျိုးတော်တို့အကျိုး၊ ဘုရားဖြစ်ခြင်းအကျိုးအတွက်

---

၁။ စွန့်ခြင်းကြီးငါးပါး= စွန့်နိုင်ခဲသောအရာဝတ္ထုကြီးငါးပါး။

(၁) ဓနပရိစာဂ= စည်းစိမ်ဥစ္စာကိုစွန့်ခြင်း။

(၂) ပုတ္တပရိစာဂ= သားသမီးကိုစွန့်ခြင်း။

(၃) ဘရိယပရိစာဂ= ဇနီးမယားကိုစွန့်ခြင်း။

(၄) အင်္ဂပရိစာဂ= ခြေလက်အင်္ဂါကိုစွန့်ခြင်း။

(၅) ဇီဝိတပရိစာဂ= အသက်ကိုစွန့်ခြင်း။

WWW.DHAMMARANSI.COM



ကျင့်တော်မူခဲ့ပြီ၊ နောက်ဆုံးဘဝ၌ မယ်တော် မာယာဝမ်း၌ သန္ဓေတော်ယူပြီး သက်တော် ၂၉ တွင် တောထွက်၍ ၃၅-နှစ်တွင် မာရ်အပေါင်းကို အောင်မြင်တော်မူပြီး သဗ္ဗညုဘုရားစင်စစ် ဖြစ်တော်မူခဲ့ပြီ။

မြတ်စွာဘုရားသည် သာသနာဖွင့် ဓမ္မစကြာတရားတော်ကို လည်း ဟောကြားခဲ့ပြီ၊ လောကုတ္တရာတရားကိုးပါး¹ကိုလည်း ဖော်ထုတ်ခဲ့ပြီ။

ဤသို့စသည်ဖြင့် ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို ဆင်ခြင်ရမည်။ ဆင်ခြင်ပြီးလျှင် "ဤကဲ့သို့သော ကျေးဇူးတော် ဂုဏ်တော် တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်တော်၏ ဦးထိပ်ထက် ၌ ကိန်းဝပ်စံပယ်တော်မူပါဘုရား" ဟု ပင့်ရလေသည်။

သို့မဟုတ်က အောက်ပါဘုရားပင့်ကို ရွတ်ဆို၍ ပင့်နိုင်လေသည်။

(ပါဠိ) မဟာကာရုဏိကော နာထော၊

ဗုဒ္ဓေါမေ ဌာတု သီသကေ။

**(နိဿယ)** မဟာကာရုဏိကော၊ လူရပ် နတ်လုံး ဗြဟ္မာ ဆုံးအောင် လုံးစုံများပြား သုံးဘုံသားတို့ကို သားရာဟုလာကဲ့ပမာသို့ လွန်စွာ သနားခြင်း မဟာကရုဏာရှိတော်မူထသော။ နာထော၊ လူသုံးပါးတို့၏ ကိုးစား ရာအစစ် ဖြစ်ကြီးဖြစ်တော်မူပေထသော။ ဗုဒ္ဓေါ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမတင် ကိုယ်တော်တိုင်သိမြင်တော်မူပေသော ရှင်ပင်ထွတ်ထားမြတ်ဘုရားသည်။ မေ၊ တပည့်တော်၏။ သီသကေ၊

---

၁။ လောကုတ္တရာတရားကိုးပါး= မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်။

WWW.DHAMMARANSI.COM



ဦးခေါင်းရတနာမြတ်အင်္ဂါ၌။ ဌာတု၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူလှည့်ပဲ့ ရောင်ခြည်တော် နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

မိမိရသော ဘုရားပင့်တစ်မျိုးမျိုးနှင့်လည်း ပင့်နိုင်ပေသည်။

## (၉) မိမိခန္ဓာကိုယ်ကို လှူဒါန်းခြင်း

ဘုရားပင့်ပြီးနောက် မိမိခန္ဓာ[1]ကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းရန်ဖြစ်သည်။ လှူဒါန်းပုံမှာ–

ခန္ဓာငါးပါး[2] အပေါင်းအစုမျှသာဖြစ်သော တပည့်တော်၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား လှူဒါန်းပါ၏။

ဤသို့ သုံးကြိမ်ဆို၍လှူလေ။

ထို့ထက် လေးနက်ခံ့ညား အသားပါပါ လှူလိုလျှင် အောက်ပါပါဠိကို ကျက်မှတ်၍လှူပါ။

---

၁။ ခန္ဓာ= အစု–တရားအစု။

၂။ ခန္ဓာငါးပါး–တရားအစုငါးပါး။

(၁) ရူပက္ခန္ဓာ= ရုပ်တရားအစု(ရုပ်ခန္ဓာတစ်ပါး)

(၂) ဝေဒနာက္ခန္ဓာ= ဝေဒနာတရားအစု

(၃) သညာက္ခန္ဓာ= သညာတရားအစု နာမ်ခန္ဓာလေးပါး

(၄) သင်္ခါရက္ခန္ဓာ= သင်္ခါရတရားအစု

(၅) ဝိညာဏက္ခန္ဓာ= ဝိညာဉ်တရားအစု

WWW.DHAMMARANSI.COM



## ဘုရားလှူရန်ပါဠိ

မမ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ပရိစ္စဇာမိ။

မမ အတ္တာနံ ဓမ္မဿ နိယျာတေမိ၊ ပရိစ္စဇာမိ။

မမ အတ္တာနံ သံဃဿ နိယျာတေမိ၊ ပရိစ္စဇာမိ။

**(နိဿယ)** မမ၊ တပည့်တော်၏။ အတ္တာနံ၊ ကိုယ်ခန္ဓာကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာတေမိ၊ အပ်နှင်းပါ၏။ ပရိစ္စဇာမိ၊ လှူဒါန်းပါ၏။ (ဓမ္မဿ။ တရားတော်အား။ သံဃဿ၊ သံဃာတော်အား)

ပါဠိသည် ဘုရား၏ဘာသာစကားဖြစ်၍ သာသနာရေးကိစ္စများတွင် အလေးအနက် သဘောထားရသည်။ လေးနက်မှုလည်း ရှိလှသည်။ ပါဠိကို ကျက်မှတ်ရန် မစွမ်းနိုင်မှသာ မြန်မာသက်သက်ကို အသုံးပြုရလေသည်။

ပုတီးစိပ်နေဆဲကာလအတွင်း မိမိကိုယ်ကို ဘုရားအား လှူထားခြင်းသည် အဆင့်အတန်းမြင့်သော ဘာသာရေးစွမ်းဆောင်ချက်တစ်မျိုး ဖြစ်သည်။ အကျိုးမှာ အမိဋ္ဌာန်ပြည့်ဝမှုကို အကျိုးပြုသည်။ ဘုရားရှင်၏လက်တွင်း ရောက်နေခိုက်ဖြစ်၍ မိမိကို ပြင်ပ ပယောဂများက မနှောင့်ယှက်နိုင်၊ အနှောင့်အယှက်ကင်းမှ အဓိဋ္ဌာန်ချောချောမောမော ရှိပေမည်။

## (၁၀) ပုတီးစိပ် ကမ္မဋ္ဌာန်းတောင်းခြင်း

ခန္ဓာကိုယ်လှူဒါန်းပြီးနောက် ပုတီးစိပ်ရန်အတွက် ကမ္မဋ္ဌာန်း တောင်းရပေမည်။ ပုတီးစိပ်ခြင်းများသည် "အနုဿတိကမ္မဋ္ဌာန်း"များတွင် အကျုံးဝင်လျက်ရှိ၏။ သရဏဂုံနှင့် ဘုရားဂုဏ်တော်ကိုစိပ်လျှင် ဗုဒ္ဓါနုဿတိ[၁]၊ တရား

---

၁။ ဗုဒ္ဓါနုဿတိ=ဗုဒ္ဓါ+အနုဿတိ-ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့သတိရခြင်း။

WWW.DHAMMARANSI.COM



ဂုဏ်တော်ကိုစိပ်လျှင် ဓမ္မာနုဿတိ၊ သံဃာဂုဏ်တော်ကိုစိပ်လျှင် သံဃာနုဿတိ စသည်ဖြစ်လေသည်။ ၃၂-ကောဋ္ဌာသနှင့် ခန္ဓာငါးပါး စသည်ကို စိပ်လျှင်မူ ဝိပဿနာနည်းသို့ အကျုံးဝင်ပေသည်။

## ပုတီးစိပ် ကမ္မဋ္ဌာန်းတောင်းပုံ

(ပါဠိ) အဟံဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ
အနုဿတိ ကမ္မဋ္ဌာနံ ယာစာမိ၊ ဒေထ
မေဘန္တေ တံ ကမ္မဋ္ဌာနံ အနုကမ္ပံ ဥပါဒါယ။

(နိဿယ) ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ကျွတ်လွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ။ အနုဿတိ ကမ္မဋ္ဌာနံ၊ အနုဿတိ ကမ္မဋ္ဌာန်းကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ ဘုရားတပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ တံကမ္မဋ္ဌာနံ၊ ထိုအနုဿတိကမ္မဋ္ဌာန်းတရားကို။ မေ၊ တပည့်တော်အား။ ဒေထ၊ ခွင့်ပြုပေးသနားတော်မူပါ မြတ်စွာဘုရား။

ဗုဒ္ဓဘာသာ နည်းစနစ်ဖြစ်သော သမထဝိပဿနာ ဘာဝနာပွားများနည်းအားလုံးသည် မြတ်စွာဘုရား ဟောကြားသောနည်းချည်းဖြစ်သည်။ မြတ်စွာဘုရား၏ မူပိုင်သာလျှင်ဖြစ်သည်။ သို့ဖြစ်၍ မြတ်စွာဘုရား ညွှန်ကြားသော နည်းစနစ်အတိုင်း လက်တွေ့ ကျင့်ကြံအားထုတ်လိုသောအခါ မိမိကျင့်ကြံလိုသော နည်းစနစ်ကို မြတ်စွာဘုရားထံမှ တောင်းခံရယူခြင်းသည် သဘာဝ အလွန်ကျသော ထုံးနည်းကျင့်ဝတ်တစ်ခုဖြစ်လေသည်။ ထို့ကြောင့်ပင် ကျေးဇူးရှင်ကို နေရာပေးတတ်သော ရေးပညာရှိသူတော်ကောင်း အဆက်ဆက်တို့က

WWW.DHAMMARANSI.COM



ကမ္မဋ္ဌာန်းတောင်းခြင်းစနစ်ကို အလေးဂရုပြုပြီး ဆောင်ရွက်ခဲ့လေပြီ။

မြန်မာလိုသက်သက် တောင်းလိုမူ-

"မြတ်စွာဘုရား တပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်အလို့ငှာ အနုဿတိကမ္မဋ္ဌာန်းကို တောင်းခံပါ၏။ တပည့်တော်အား သနားသဖြင့် အနုဿတိကမ္မဋ္ဌာန်းကို ပေးသနားတော်မူပါဘုရား"

ဤသို့ဆို၍ တောင်းပန်လေ။

## (၁၁) အဓိဋ္ဌာန်ပြုခြင်း

ပုတီးစိပ်ကမ္မဋ္ဌာန်းကိုရပြီးသောအခါ မည်၍မည်မျှ အားထုတ်ရမည်ဟု မိမိစိတ်ကို တင်းတင်းရင်းရင်းပိုင်းဖြတ်ရမည်။ ဥပမာ-မိနစ် ကိုးဆယ်စိပ်မည်၊ သို့မဟုတ် ပုတီးကိုးပတ်စိပ်မည် စသည်ဖြင့် ကိုယ့်ဟာကိုယ် ပြဋ္ဌာန်းရမည်။ ပိုင်းဖြတ်ပြဋ္ဌာန်းပြီးနောက် အဓိဋ္ဌာန်ပါရမီ[၁]၊ သစ္စာပါရမီမြောက်အောင် ဤကဲ့သို့ဆို၍ အဓိဋ္ဌာန်ရပေမည်။ ဘုရားရှေ့မှာ အဓိဋ္ဌာန်လျှင် ပိုကောင်းသည်။

## အဓိဋ္ဌာန်ပုံ

အကျွန်ုပ်သည် ယခု ပုတီးစိပ်သောအခါ တစ်ထိုင်တည်းနှင့် ပုတီးကိုးပတ် ကောင်းစွာပြည့်မြောက်အောင်စိပ်မည်။ မည်သည့်အကြောင်းကြောင့်မျှ အထိုင်ဖျက်ခြင်း၊ ပုတီးစိပ်ဖျက်ခြင်း မပြုပါ။ ကျွန်ုပ်၏ သစ္စာအဓိဋ္ဌာန်ကို မြတ်စွာဘုရားနှင့် သိကြားဒေဝါ နတ်များစွာတို့ သိကြားသည် ဖြစ်ပါစေသောဝ်။

---

၁။ ပါရမီ= သံသရာတစ်ဖက်ကမ်းသို့ ကူးမြောက်စေနိုင်သော အကျင့်။

WWW.DHAMMARANSI.COM



အမိဋ္ဌာန်သည် လုပ်ငန်းကြီးကို ကြီးကြပ်ကွပ်ကဲသူနှင့်တူသည်။ အလုပ်ကို အမိဋ္ဌာန်နှင့်လုပ်မှ စည်းစည်းလုံးလုံးရှိသည်။ ကျကျနန အောင်မြင်သည်။ "အကွပ်မရှိသောကြမ်း ပရမ်းပတာ"ဆိုရာတွင် အမိဋ္ဌာန်သည် အကွပ်နှင့်တူသည်။ အမိဋ္ဌာန်မပြုဘဲ ရိုးရိုးလုပ်လျှင် အကွပ်မရှိသောကြမ်းနှင့်တူသည်။ သူ့ဟာသူနေလျှင် တော်သေးသည်။ တစ်ခုခုလာ၍ထိခိုက်လျှင် ပရမ်းပတာဖြစ်တော့သည်။ အမိဋ္ဌာန်မပါလျှင် အလုပ်ပျက်လွယ်ပေသည်။ အမိဋ္ဌာန်ဖက်လျှင် ဝီရိယပါ အစွမ်းထက်လာ၏။

အမြင့်ဆုံးဝီရိယ၏အင်္ဂါလေးပါးမှာ–

(၁) ငါ၏ကိုယ်၌ အရိုးသာကျန်ပါစေ၊

(၂) ငါ၏ကိုယ်၌ အကြောသာကျန်ပါစေ၊

(၃) ငါ၏ကိုယ်၌ အရေသာကျန်ပါစေ၊

(၄) ငါ၏ကိုယ်၌ သွေးသားများအားလုံး ခြောက်ခန်းကုန်ပါစေ၊ ငါသည် လုံ့လဝီရိယကို မလျှော့၊ ဤသို့ကြိုးစားခြင်းဖြစ်လေသည်။

## (၁၂) စနစ်တကျထိုင်ခြင်း

အမိဋ္ဌာန်ပြုပြီးနောက် အမိဋ္ဌာန်ပြီးမြောက်သည်အထိ အားထုတ်နိုင်စေရန်အတွက် စနစ်တကျထိုင်တတ်ရန် လိုသည်။ ထိုင်ရာ၌ အချက်နှစ်ချက်ကို လိုက်နာရန်လိုသည်။

(က) တင်ပျဉ်ခွေထိုင်ခြင်း၊ ၎င်းကို ထက်ဝယ်ဖွဲ့ခွေ ထိုင်ခြင်းဟုလည်း ခေါ်သည်၊ ပဒုမာသန ဟုလည်း ခေါ်သည်။

---

၁။ ပဒုမာသန= ပဒုမ= ကြာ+အာသန= နေရာ၊ ပဒုမ္မာကြာပွင့်ကဲ့သို့သောနေရာ။

WWW.DHAMMARANSI.COM



(ခ) ကျော၊ ဇက်၊ ဦးခေါင်းဟူသော အထက်ပိုင်းကိုယ်ခန္ဓာကို မတ်မတ်ထားခြင်းတို့ ဖြစ်၏။

တင်ပျဉ်ခွေထိုင်ပုံမှာ ဘယ်ခြေကို ညာပေါင်ပေါ်သို့တင်၊ ညာခြေကို ဘယ်ခြေပေါ်ထပ်ပြီး ဘယ်ပေါင်ပေါ်သို့တင်၊ ဘယ်ခြေကအောက်၊ ညာခြေက အပေါ်ဖြစ်၏။ ခြေဖဝါးနှစ်ဖက်သည် ပေါင်နှစ်ဖက်ပေါ်၌ ပက်လက်အနေအထားရှိသည်။ ယင်းသို့ ထိုင်ပြီး ခါးမှာအားထည့်၍ ကိုယ်နှင့်ခေါင်းကို မတ်မတ်ထောင်နေစေရမည်၊ သို့မှသာ ဟန်ချက်ညီသည်။

တင်ပျဉ်ခွေ ထိုင်ကျင့်မရှိသူများအဖို့ အစတွင် မထိုင်နိုင်ဘဲရှိတတ် သည်။ သို့ရာတွင် ဝလွန်းသူများမှတစ်ပါး မည်သူမဆို တစ်နေ့ နည်းနည်းချင်း အထိုင်ကျင့်ပေးပါက နောက် အကျင့်ရလာပြီး ထိုင်ချင်သလောက် ကြာကြာ ထိုင်နိုင်လာပေသည်။

ဤသို့ ကြာကြာမထိုင်နိုင်ခင်ကြားမှာ တင်ပျဉ်ချိတ်ထိုင်နိုင်သည်။ ဘယ်ခြေကို ညာပေါင်ပေါ်မှာတင်၍ ထိုင်ခြင်းဖြစ်၏။ ထို့ပြင် ခြေဖဝါးနှစ်ခုလုံးကို ပေါင်အောက်မှာထား၍ထိုင်ခြင်း၊ ခြေဖဝါးနှစ်ခုကို တစ်ခုပေါ်တစ်ခု မထပ်ဘဲ ခပ်လျော့လျော့ သက်သက်သာသာထိုင်ခြင်းတို့ဖြင့်လည်း ထိုင်နိုင်သည်။ မိန်းမများအဖို့ ပုဆစ်တုပ်၍လည်း ထိုင်နိုင်သည်။

မည်သို့ထိုင်သည်ဖြစ်စေ၊ ကိုယ်အထက်ပိုင်းကိုမူ အားထည့်ပြီး မတ်မတ်ထောင်နေစေရမည်။ သို့မှသာ ကျောရိုးဆက်ချင်း ကောင်းစွာ စေ့စပ်လျက် ကျောရိုးတွင်းခြင်ဆီများ နှံ့စပ်နိုင်မည်ဖြစ်ပေသည်။

အရေးအကြီးဆုံးမှာ မည်သို့ပင်ထိုင်သည်ဖြစ်စေ၊ အဓိဋ္ဌာန်ပုတီးစိပ်နေချိန်အတွင်း မူလအထိုင်ကို မပျက်စေဖို့ပင်ဖြစ်သည်။ အထိုင်တစ်ခုတည်းနှင့် အဓိဋ္ဌာန်မြောက်သွားလျှင် အကောင်းဆုံးဖြစ်သည်။ သို့ရာတွင် မိမိကျန်းမာရေး

WWW.DHAMMARANSI.COM



အရ ခဏခဏ ပြင်ထိုင်ပေးဖို့လိုမည်ဆိုလျှင် မူလအဓိဋ္ဌာန်စဉ်က "တစ်ထိုင်တည်းနှင့်"ဟု အထိုင်သတ်မှတ်ချက်မထည့်ဘဲ ပုတီးပတ်၊ သို့မဟုတ် အချိန်ကိုသာ အဓိဋ္ဌာန်ရန်ဖြစ်ပေသည်။

### (၁၃) ပုတီးကိုင်နည်းစနစ်

တင်ပျဉ်ခွေထိုင်နှင့် ပုဆစ်တုပ်ထိုင်အနေအထားတွင် လက်ကိုပက်လက်ထားပြီး လက်ဖမိုးနှစ်ဖက်ကို ဒူးဖျားများပေါ်၌တင်လျက် လက်နှစ်ဖက်[illegible]ပူးနှင့် ပုတီးကိုကိုင်၍ စိပ်ရန်ဖြစ်သည်။ ဤအနေအထားသည် သက်သာလွယ်ကူသည်။

ပုတီးစိပ်ရာတွင် ပုတီးကွင်းကို နဂိုအတိုင်းထားပြီး တစ်ဖက်ကစိပ်၊ တစ်ဖက်ကတွန်းပေး ဤသို့လည်း စိပ်နိုင်သည်။ သို့မဟုတ် ပုတီးကွင်းကို ကြက်ခြေခတ် လိမ်လိုက်ပြီး လက်နှစ်ဖက်စလုံးနှင့် စိပ်နိုင်သည်။ သို့မဟုတ် လက်တစ်ဖက်ကို အလွတ်ထားပြီး လက်တစ်ဖက်တည်းနှင့်ကိုင်၍ စိပ်နိုင်သည်။

ပုတီးစေ့ချရာ၌လည်း လက်မ လက်ညှိုး၊ လက်မ လက်ခလယ် ကြိုက်ရာနှင့်ချနိုင်သည်။ ကြိုက်သလို စိပ်နိုင်သည်။

### (၁၄) ဂုဏ်တော်နှင့် တရားဓမ္မများ

ပုတီးစိပ်ရာ၌ သရဏဂုံ ၃-ပါး၊ ဘုရားဂုဏ်တော် ၉-ပါး၊ တရားဂုဏ်တော် ၆-ပါး၊ သံဃာဂုဏ်တော် ၉-ပါးတို့ကို စိပ်နိုင်သည်။ ၃၂-ကောဋ္ဌာသနှင့် ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးတို့ကိုလည်း စိပ်နိုင်သည်။

မိမိပွားများလိုသော တရားဓမ္မအစုစုကို ကြိုတင်လေ့လာပြီး ကမ္မဋ္ဌာန်းတောင်းစဉ်၊ အဓိဋ္ဌာန်ပြုစဉ်ကတည်းက ရည်ရွယ်ထားရသည်။ ၎င်းရည်ရွယ်ရင်းတရားကို အာရုံပြု၍ ယခုလက်တွေ့ ပုတီးစိပ်ရန်ဖြစ်ပေသည်။

(သရဏဂုံနှင့် ဂုဏ်တော် စသည်တို့ကို သီးသန့်လေ့လာထားပါ။)

WWW.DHAMMARANSI.COM



## (၁၅) ဆောင်ရမည့်အချက်များ

ပုတီးစိပ်နေဆဲကာလတွင် အဓိကဆောင်ရမည့်အချက်မှာ အာရုံမိဖို့၊ သမာဓိရဖို့ ဖြစ်ပေသည်။ ဂုဏ်တော်စိပ်လျှင် မိမိစိပ်သောဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို စူးစူးစိုက်စိုက် စိတ်ဝင်စားရမည်။ အကယ်၍ မိမိအာရုံထဲမှာ မြတ်စွာဘုရားရုပ်ပုံ ပေါ်လာလျှင် ထိုပုံတော်ကို အာရုံမပြတ်စေဘဲ မြတ်စွာဘုရား၏ဂုဏ်တော်ကိုပါ အာရုံစူးအောင် ရှုပါလေ။ ဂုဏ်တော်ဆိုက်မှ အကျိုးပို၍ထူးလိမ့်မည်။ ထို့ပြင် လေးလေးနက်နက် ယုံယုံကြည်ကြည် စိပ်ပါလေ။

## (၁၆) ရှောင်ရမည့်အချက်များ

ရှောင်ရမည့်အချက်မှာ ပုတီးစိပ်နေသည့်အခိုက်အတန့်၌ တစ်ခုခုကို မျှော်ကိုးလိုလားသည့် လိုချင်စိတ်မဖြစ်ရပေ။ ကောင်းကျိုးကို လိုချင်၍ ပုတီးစိပ်သည်မှာမှန်၏။ သို့ရာတွင် ပုတီးစိပ်နေဆဲကာလ၌ လိုချင်စိတ်ကို ခေတ္တဖယ်ထားရသည်။ ဘာတစ်ခုမျှ မျှော်လင့်ချက်မထားရချေ။ ပုတီးစိပ်သည့် အာရုံသန့်သန့်သာ တည်စေရသည်။

နောက် ရှောင်ရမည့်အချက်မှာ "ဝိတက်"[၁] (စိတ်ကူး)ပင် ဖြစ်သည်။ ပုတီးစိပ်နေတုန်း တောစိတ်ကူး၊ တောင်စိတ်ကူး စိတ်ကူးတွေ ဝင်လာတတ်သည်။ ဝိတက်အဝင်မခံပါနှင့်၊ ဝင်လာလျှင် "ငါ့မှာစိတ်ကူးတွေ ဝင်လာပါကလား"ဟု ချက်ချင်းသိအောင် လုပ်ရသည်။ သိသည်နှင့်တစ်ပြိုင်နက် စိတ်ပြောင်းပြီး ပုတီးစိပ်သည့် ဘုရားအာရုံဆီ မိမိစိတ်ကို ဦးတည်ပေးရသည်။ တစ်နည်းဆိုသော် ပုတီးစိပ်နေသောအလုပ်ခွင်မှ အပြင်ထွက်ပြေးသည့် စိတ်

---

၁။ ဝိတက်= အာရုံကိုကြံစည်မှု= စိတ်ကူး၊ စိတ်တွေး။

WWW.DHAMMARANSI.COM



ကလေးကို ပြန်ဖမ်းပြီး အလုပ်ခွင်သို့ ပြန်ပို့ပေးရပေမည်။ နွားရိုင်းကိုဖမ်းပြီး တိုင်မှာကြိုးနှင့် ချည်ထားသကဲ့သို့ ဂနာမငြိမ်သည့်စိတ်ကလေးကို ပုတီးစိပ်သောအာရုံ၌ ပြန်၍ချည်ပေးရလေသည်။

ဤသို့ စနစ်တကျ ကြိုးစားသွားလျှင် တစ်နေ့ထက် တစ်နေ့ ထူးခြားလာပါလိမ့်မည်။

## (၁၇) ပြန်လည်ဆင်ခြင်ခြင်း

အဓိဋ္ဌာန်စေ့၍ ပုတီးစိပ်မှုပြီးဆုံးသွားသောအခါ ချက်ချင်းမထသေးဘဲ မိမိပုတီးစိပ်ခဲ့ပုံကို ပြန်လည်ဆင်ခြင်သုံးသပ်ရမည်။ "ငါသည် စိတ်တည်ငြိမ်စွာဖြင့် ပုတီးစိပ်ခဲ့ပြီ၊ ဤအတွင်း ငါ၏စိတ်သည် နှစ်သက်ခဲ့ပြီ၊ ချမ်းသာခဲ့ပြီ၊ ငါသည် ထူးမြတ်သော ဘာဝနာကုသိုလ်ကိုရပေပြီ၊ ငါ၏အဓိဋ္ဌာန်သည် အောင်ခဲ့ပြီ"ဤသို့ စသည်ဖြင့် ဆင်ခြင်ရမည်။

အကယ်၍ ပုတီးစိပ်နေစဉ်အတွင်း စိတ်အကြံဝိတက်တွေ များခဲ့လျှင် "ငါပုတီးစိပ်စဉ်အတွင်း ဝိတက်များခဲ့၏။ နောင်အခါများ၌ ယခုထက် စိတ်စွမ်းအားပို၍ကြိုးအောင် ငါကြိုးစားမည်" ဤသို့ စသည်ဖြင့် ဆင်ခြင်ရမည်။

ထို့ပြင် ယခုငါသည် ပုတီး ၁၀-ပတ်ကို အောင်မြင်စွာ စိပ်နိုင်ပြီးနောက် ပုတီးပတ်တိုး၍ အချိန်တိုး၍ကြိုးစားမည်၊ နေ့တိုင်းနေ့တိုင်း ငါလုပ်ကိုင်သော အလုပ်များထဲတွင် ယခုအလုပ်သည် ငါ့အတွက် အမြတ်ဆုံးဖြစ်လေသည် တကား။ ငါသည် မြတ်စွာဘုရားသာသနာနှင့် ကြုံတွေ့ရသောကြောင့် ယခုလို ကုသိုလ်ရခွင့်ကြုံရ၏။ ဗုဒ္ဓသာသနာတော်၏ကျေးဇူးကား ကြီးမားလှပါပေ၏ တကား။ ဤကဲ့သို့ ဆင်ခြင်ရပေမည်။

WWW.DHAMMARANSI.COM



မဂ်[၁] ဖိုလ်[၂] ရသောအရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ရရှိပြီးသော မဂ်ဖိုလ်နိဗ္ဗာန်[၃] နှင့် ပယ်ပြီးသောကိလေသာ၊ ပယ်ရန်ကျန်သေးသော ကိလေသာတို့ကို အမြဲတမ်း ဆင်ခြင်လေသည်။ ဤအချက်ကို အထောက်အထားပြု၍ ပုတီးစိပ်ပြီး ဆင်ခြင်သည့်အလုပ်သည် ဧကန် လုပ်ထိုက်သော အလုပ်ဖြစ်ကြောင်း အလေးအနက် မှတ်ယူရပေသည်။

## (၁၈) အမျှအတန်းပေးဝေခြင်း

ဤကဲ့သို့ ဆင်ခြင်ပြီးနောက် မိမိပြုလုပ်အားထုတ်သော ပုတီးစိပ်မှုဘာဝနာကုသိုလ်အတွက် ဆုတောင်းရန်၊ အမျှဝေရန် လိုအပ်ပေသည်။

**ဆုတောင်းပါဠိ–**

ဣဒံမေပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

**(အနက်)**မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ယခုအခိဋ္ဌာန်ပုတီးစိပ်၍ရသော ဘာဝနာကုသိုလ်သည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား[၄]လေးပါး[၅]တို့၏ ကင်းရာကုန်ရာကို ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ မေ၊

---

၁။ မဂ်–မဂ္ဂ= ကိလေသာတို့ကို ပယ်သတ်သောဉာဏ်။

၂။ ဖိုလ်–ဖလ= မဂ်၏အကျိုးဖြစ်သောဉာဏ်။

၃။ နိဗ္ဗာန်= နိ၊ မရှိ+ဝါန+တဏှာ၊ တဏှာကင်းရာကုန်ရာ နိဗ္ဗာန်။

၄။ အာသဝေါတရား= ယိုစီးထွက်ကျလာတတ်သောတရား၊ အရက်သေစာကဲ့သို့ လူသားကို ယစ်မူးစေတတ်သောတရား။

၅။ အာသဝေါတရားလေးပါး= ကာမအာသဝေါတရား၊ ဘဝအာသဝေါတရား၊ ဒိဋ္ဌိအာသဝေါတရား၊ အဝိဇ္ဇာအာသဝေါတရား။

WWW.DHAMMARANSI.COM



အကျွန်ုပ်၏။ ဣဒံပုညံ၊ ယခု ပုတီးစိပ်၍ရသော ဘာဝနာကုသိုလ်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ပစ္စယော၊ အကြောင်းအထောက်အပံ့သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

နိဗ္ဗာန်ကိုရည်စူး၍ သံသရာဝဋ်မှ ကျွတ်လွတ်စေမည့် ပါရမီကုသိုလ် ဖြစ်သည်။

**အမျှဝေပါဦး-**

ဣဒံ မေ ပုည ဘာဂံ သဗ္ဗသတ္တာနံ ဒေမိ။

**(အနက်)**မေ၊ အကျွန်ုပ်၏။ ဣဒံပုညဘာဂံ၊ ယခုပြုသော ပုတီးစိပ်ကုသိုလ်၏ကောင်းမှုအဖို့ကို။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသောသတ္တဝါတို့အား။ ဒေမိ၊ ကျွန်ုပ်နှင့်ထပ်တူထပ်မျှ ရကြပါစေရန် ပေးမျှပါ၏။

အားလုံး အမျှ အမျှ အမျှ[၁] ရကြပါစေသတည်း။

သာဓု သာဓု သာဓု[၂]

အမျှပေးလျှင် ပေးသူမှာလည်း ကုသိုလ်တိုးလာသည်။ အမျှရသူမှာလည်း ကုသိုလ်ရသည်။ အမျှပေးဝေသောစနစ်သည် အတ္တဟိတ ကိုယ်ကျိုးလည်း တိုးပွား၊ ပရဟိတ သူတစ်ပါးအကျိုးလည်း ဖြစ်ပွားစေသောအလုပ်ဖြစ်သည်။

သို့ဖြစ်သောကြောင့် အမြဲဒ္ဓာန်ပုတီးစိပ်လုပ်ငန်းပြီးတိုင်းပြီးတိုင်း အမျှဝေ၍ နှုတ်ခမ်းသတ်နိဂုံးချုပ်ခြင်းသည် အကောင်းဆုံးဖြစ်လေသည်။

ဤကဲ့သို့ ဆုတောင်းအမျှဝေပြီးမှ ပုတီးစိပ်အလုပ်ခွင်မှ ထွက်ခွာရန် ဖြစ်လေသည်။

အကျဉ်းချုပ် ပြန်လည်ဖော်ပြရသော်-

---

၁။ အမျှ= မိမိနှင့်ထပ်တူထပ်မျှရစေရန် ပေးချခြင်း။

၂။ သာဓု=ကောင်းလေစွ။

WWW.DHAMMARANSI.COM



**ပုတီးမစိပ်မီကျင့်ဝတ် ၁၀–ပါး**

ဆာလျှင် တစ်ခုခုအဆာပြေစားထားပါ။

ကိုယ်ခန္ဓာနှင့် အဝတ်အစား သန့်ပြန့်ပါစေ။

ပုတီးစိပ်သောနေရာလည်း သန့်ရှင်းပါစေ။

မိမိနှင့်သင့်လျော်သောအချိန်ကို ရွေးပါ၊ အထူးသဖြင့် နံနက်စောစော ထစိပ်နိုင်လျှင် ကောင်းပေသည်။

နေရာစနစ်တကျယူပြီးမှ ပုတီးစိပ်အလုပ်ခွင်စပါ။

ထို့နောက် သရဏဂုံသီလခံယူဆောက်တည်ပါ။

အနန္တငါးပါး ကန်တော့ပါ။

မေတ္တာပို့ပါ။

မေတ္တာပို့ပြီးနောက် ဘုရားပင့်ပါ။

ဘုရားပင့်ပြီးလျှင် မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို လှူဒါန်းလိုက်ပါ။

ထို့နောက် ပုတီးစိပ်ရန် ကမ္မဋ္ဌာန်းတောင်းပါ။

မိမိစိပ်နိုင်သလောက် အဓိဋ္ဌာန်ပြုပါ။

**ပုတီးစိပ်နေစဉ် ကျင့်ဝတ် ၅–ပါး**

ဖြစ်နိုင်လျှင် တင်ပျဉ်ခွေထိုင်ပါ၊ သို့မဟုတ် ပုဆစ်တုပ်ထိုင်ပါ၊ ကိုယ်ကို မတ်မတ်ထားပါ။

ပုတီးကို လက်နှစ်ဖက်ဖြင့်ကိုင်စိပ်ပါ။

ယုံယုံကြည်ကြည်စိပ်ပါ။

မိမိအနှစ်သက်ဆုံးတရားတစ်ခုခုကို စိပ်ပါ။

သမာဓိတည်ရန် ကြိုးစားပါ။

WWW.DHAMMARANSI.COM



ပုတီးစိပ်နေဆဲကာလမှာ အကျိုးတရားကို မျှော်လင့်သည့်လိုချင်စိတ် လုံးဝမထားရပါ။

မဆိုင်သည့်စိတ်ကူးတွေ ဝင်လာလျှင် အမြန်ဖယ်ပါ။

**ပုတီးစိပ်ပြီးကျင့်ဝတ် ၂-ပါး**

မိမိပုတီးစိပ်ခဲ့သည့်လုပ်ငန်းကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ၊ နိဗ္ဗာန်သို့ ဆုတောင်းပါ။

ထို့နောက် အမျှအတန်းပေးဝေပါလေ။ သာဓုခေါ်ပါလေ။

မည်သည့်ဂုဏ်တော်၊ မည်သည့်တရားတော်ကိုဖြစ်စေ ပုတီးစိပ်သည့်အခါတိုင်း ဖော်ပြပါကျင့်ဝတ်များကို မပျက်မကွက် လက်တွေ့လိုက်နာ ဆောင်ရွက်ကြပါလေ၊ သိသိသာသာ အကျိုးထူးလာပါလိမ့်မည်။

ဤပုတီးစိပ်သည့်လုပ်ငန်းကို ဆန်းစစ်ကြည့်လျှင်-

(၁) သီလ သမာဓိ ပညာတည်းဟူသော သိက္ခာသုံးပါးလုံး ပြည့်စုံနေသည်ကို တွေ့ရမည်။ သီလခံယူသည်။ စိတ်တည်ကြည်မှုသမာဓိရအောင် ကျင့်သည်။ ဤအလုပ်ကို ဉာဏ်ယှဉ်၍လုပ်မှုရသဖြင့် ပညာပါပြီးဖြစ်သည်။ သို့ဖြစ်၍ သိက္ခာသုံးပါးနှင့် ပြည့်စုံသည်။

(၂) သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဗိုလ်ငါးပါးနှင့် စုံလင်သည်ကို တွေ့ရမည်။ ရတနာသုံးပါးကို ယုံကြည်မှုသည် "သဒ္ဓါဗိုလ်" ဖြစ်သည်။ အားထုတ်မှုသည် "ဝီရိယဗိုလ်"ဖြစ်သည်။ မပြတ်ဆင်ခြင် အောက်မေ့ အမှတ်ရနေခြင်းသည် "သတိဗိုလ်"ဖြစ်သည်။ စိတ်တည်ကြည်မှုသည် "သမာဓိဗိုလ်"ဖြစ်သည်။ ပိုင်းခြားဝေဖန်သိမှုသည် "ပညာဗိုလ်"ဖြစ်သည်။ သို့ဖြစ်၍ ဗိုလ်ငါးပါးနှင့် ပြည့်စုံခြင်းဖြစ်သည်။

သို့ဖြစ်သောကြောင့် ကောင်းကျိုးချမ်းသာကို လိုလားသောသူတော်ကောင်း ပုဂ္ဂိုလ်တိုင်းသည် ဤလုပ်ငန်းကို ကြိုးပမ်းအားထုတ်ဖြစ်ကြပါစေသတည်း။

WWW.DHAMMARANSI.COM


## အခန်း(၃)

# ဗုဒ္ဓမြတ်စွာ ဂုဏ်ကိုးဖြာ

လူတို့၏ကမ္ဘာလောက မဇ္ဈိမဒေသ[၁]၌ မြတ်စွာဘုရား ပွင့်တော်မူသောအခါ မြတ်စွာဘုရား၏ ကောင်းမြတ်သောကျော်စောသတင်းသည် ဤကဲ့သို့ ပျံ့နှံ့လာပါသည်။

ဂေါတမ[၂] မြတ်စွာဘုရားသည်-

"**အရဟံ**"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူပေသည်။

"**သမ္မာသမ္ဗုဒ္ဓ**"ဟူသောဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

"**ဝိဇ္ဇာစရဏသမ္ပန္နော**"ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

"**သုဂတော**"ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

---

၁။ မဇ္ဈိမဒေသ= အလယ်ဗဟိုကျသောအရပ်(ယခု အိန္ဒိယနိုင်ငံအတွင်း၌ တည်ရှိသည်။)

၂။ ဂေါတမ= လူမျိုးနွယ်တစ်ခု၏အမည်၊ ဂေါတမအနွယ်။

WWW.DHAMMARANSI.COM



"**လောကဝိဒူ**"ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

"**အနုတ္တရော ပုရိသ ဒမ္မသာရထိ**"ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

"**သတ္ထာဒေဝ မနုဿာနံ**"ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

"**ဗုဒ္ဓေါ**" ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

"**ဘဂဝါ**" ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေသည်။

ဤကဲ့သို့ ဂုဏ်တော်ကိုးပါးနှင့် ထူးထူးခြားခြား ပြည့်စုံတော်မူကြောင်း သတင်းပျံ့နှံ့ခဲ့ပါသည်[၁]။

မြတ်စွာဘုရားသည် ဖော်ပြပါ ဂုဏ်တော်မြတ်ကိုးပါးကို ရရှိတော်မူခြင်းမှာ လေးသင်္ချေ[၂] နှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းတော်မူခဲ့သော ပါရမီကုသိုလ်တော်မြတ်ကြောင့် ရရှိခြင်းဖြစ်ပါသည်။

ဤတွင် ဘုရားကိုယ်တော်နှင့် ဘုရားဂုဏ်တော်ကို ခွဲခြားမှတ်သားရန် လိုပါသည်။ "ဘုရားကိုယ်တော်" ဟူသည်မှာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးတော်မူ၍ သန့်ရှင်းစင်ကြယ်သော လက္ခဏာကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)တို့နှင့်လည်း ပြည့်စုံတော်မူသော ရုပ်နာမ်ခန္ဓာ အစုအဝေး ဒြပ်ပုံတော် ဖြစ်ပါသည်။ "ဘုရားဂုဏ်တော်" ဟူသည်မှာ ထိုဘုရား

---

၁။ သုတ်သီလက္ခန်ပါဠိတော်၊ အမ္ဗဋ္ဌသုတ်။

၂။ သင်္ချေ= အသင်္ချေ= မရေမတွက်နိုင်အောင် များခြင်း၊ သို့မဟုတ် ၁ နောက် သုည တစ်ရာ့လေးဆယ်ရှိသော အရေအတွက်။

WWW.DHAMMARANSI.COM



ကိုယ်တော်၌တည်သော တရားတော်၏ အရည်အချင်း အရည်အသွေး သတ္တိစွမ်းပကား ကျေးဇူးတော်များ ဖြစ်ပါသည်။

ယခုအခါ ထိုဘုရားဂုဏ်တော်မြတ်ကိုးပါး၏ ပါဠိ¹ အနက်အဓိပ္ပာယ်တို့ကို တစ်ခုစီ ရှင်းလင်းဖော်ပြသွားပါမည်။

## ဘုရားဂုဏ်တော်ကိုးပါး ပါဠိ

ဣတိပိသော ဘဂဝါ

၁။ အရဟံ

၂။ သမ္မာသမ္ဗုဒ္ဓေါ

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော

၄။ သုဂတော

၅။ လောကဝိဒူ

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ

၇။ သတ္ထာ ဒေဝ မနုဿာနံ

၈။ ဗုဒ္ဓေါ

၉။ ဘဂဝါ

၎င်းဂုဏ်တော်ကိုးပါး ပါဠိကို—

---

၁။ ပါဠိ= မြတ်သောစကားတော်၏ အစဉ်၊ ဝါ ဘုရားစကားတော်။

WWW.DHAMMARANSI.COM



၁။ သော ဘဂဝါ ဣတိပိ အရဟံ

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

၄။ သော ဘဂဝါ ဣတိပိ သုဂတော

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ

၇။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ

ဟူ၍ ဂုဏ်တော်တစ်ပါးစီ ဆိုနိုင်ပါသည်။ ဂုဏ်တော်ကို ပွားများသော အခါ အထက်ဝ၌ တွဲစပ်ဖော်ပြသည့်အတိုင်း ဂုဏ်တော်တစ်ပါးစီ ပွားများ ရမည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ[၁]၌ ပြဆိုထားပါသည်။

## ဂုဏ်တော်ကိုးပါး အနက်

**၁။ အရဟံဂုဏ်တော်။** ။သောဘဂဝါ၊ သစ္စာလေးဆင့် ခိုင်လုံးရင့်ကာ ပွင့်လာခေါင်ဖျား ထိုအောင်တော်မူ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကိလေသာတို့မှ ကင်းဝေးတော်မူခြင်း၊ ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူခြင်း၊ သံသရာစက်၏ အကန့်အထောက်တို့ကို ဖျက်ဆီးတော်မူခြင်း၊ ပူဇော်

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ= အထူး သန့်ရှင်းသောလမ်း၊ ဝါ နိဗ္ဗာန်လမ်းကို အကျယ်တဝင့် ဖော်ပြသောကျမ်းကြီး။

WWW.DHAMMARANSI.COM



အထူးနှင့်တကွ ပစ္စည်းလေးပါးတို့ကို ခံယူတော်မူထိုက်ခြင်း၊ မကောင်းမှုကို ပြုလုပ်ဖွယ် ဆိတ်ကွယ်ရာမရှိခြင်း ဟူသောအကြောင်းကြောင့်လည်း။ အရဟံ၊ "အရဟ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ သယမ္ဘုဉာဏ်[၁]တော်မြတ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သာလျှင် ကြွင်းမဲ့ဥဿုံ အလုံးစုံသော ဉေယျဓမ်တရား[၂] ဟူသမျှတို့ကို ကောင်းစွာ မဖောက်မပြန် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ "သမ္မာသမ္ဗုဒ္ဓ"ဟူသော ဂုဏ်တော် မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**၃။ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်။** ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော "ဝိဇ္ဇာစရဏ သမ္ပန္န" ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**၄။ သုဂတောဂုဏ်တော်။** ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ငြိကပ်မှုကင်း သန့်ရှင်းလှစွာ ကြွသွားတော်မူခြင်း၊ ကောင်းသောနိဗ္ဗာန်သို့ ဦးတည်၍ ကြွချီတော်မူခြင်း၊ အစွန်းတရားနှစ်ပါး[၃] မှ ကင်းလျက် အမှန်လမ်းဖြင့် ကြွသွားတော်မူခြင်း။ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောစကား တော်ကိုသာ မြွက်ဆိုတော်မူခြင်းဟူသော အကြောင်းကြောင့်လည်း။ သုဂတော၊

---

၁။ သယမ္ဘုဉာဏ်= အလိုလိုဖြစ်သောဉာဏ်။

၂။ ဉေယျဓမ်= ဉေယျဓမ္မ= ‌ကေန်သိရမည့်တရား။

၃။ အစွန်းနှစ်ပါး= ကာမလိုက်စားမှုအစွန်း၊ ခန္ဓာကိုယ်ညှဉ်းဆဲသောအကျင့်ကို ကျင့်ခြင်းအစွန်း။

WWW.DHAMMARANSI.COM



"သုဂတ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**၅။ လောကဝိဒူဂုဏ်တော်။** ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္ထတိပိ၊ ဤသို့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်းဟူသော လောကကြီးသုံးပါးတို့ကိုလည်းကောင်း၊ လောက၏သဘာဝ၊ လောက၏ ဖြစ်ကြောင်းတရား၊ လောက၏ချုပ်ငြိမ်းမှုနှင့် လောကချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းကိုလည်းကောင်း အကြွင်းမရှိ သိမြင်တော်မူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ "လောကဝိဒူ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်။** ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္ထတိပိ၊ ဤသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်[၁]၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် မိမိထက်သာလွန်သူ တစ်စုံတစ်ယောက်မျှမရှိခြင်း၊ မယဉ်ကျေးသေးသော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်ခြင်း၊ ယင်းသို့ဆုံးမရာ၌ အတုမရှိ အောင်မြင်တော်မူခြင်းဟူသော အကြောင်းကြောင့်လည်း။ အနုတ္တရောပုရိသဒမ္မသာရထိ၊ "အနုတ္တရောပုရိသဒမ္မသာရထိ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

**၇။ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်။** ။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္ထတိပိ၊ ဤသို့ ဗြဟ္မာနတ်လူ သုံးဘုံသူတို့အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ဖွံ့ဖြိုးစေခြင်းငှာ သင့်တင့်လျောက်ပတ်ကောင်းမြတ်သောအဆုံးအမကို ပေးတော်မူတတ်ခြင်း၊ ဘဝကန္တာရခရီးခဲမှ

---

၁။ ဝိမုတ္တိဂုဏ်= ထူးကဲစွာလွတ်မြောက်မှုဂုဏ်(အရဟတ္တဖိုလ်ဂုဏ်)။

WWW.DHAMMARANSI.COM



သတ္တဝါတို့ကို ထုတ်ဆောင် ကယ်တင်တော် မူတတ်ခြင်းဟူသော အကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ "သတ္ထာဒေဝမနုဿာန"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ **ဗုဒ္ဓဂုဏ်တော်။** ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ သစ္စာလေးပါးမြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင်လည်း သိတော်မူခြင်း၊ သူတစ်ပါးကိုလည်း မိမိနည်းတူသိမြင်စေခြင်းငှာ ဟောကြားပြသဆုံးမတော်မူခြင်းဟူသော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ "ဗုဒ္ဓ" ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ **ဘဂဝါဂုဏ်တော်။** ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ အလေးပြုအပ်ခြင်းမာရ်ငါးပါး[၁] ကို ဖျက်ဆီးအောင်မြင်ပြီးဖြစ်ခြင်း။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း စသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ "ဘဂဝါ"ဟူသော ဂုဏ်တော်မြတ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဣတိ[၂]၊ ဤသို့သောဂုဏ်တော်မြတ်ကိုးပါးတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူထသော။ တထာဂတံ၊ ရှေးရှေးသောဘုရားရှင်တို့နည်းတူ လာခြင်းကောင်းတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားကို။ အဟံ၊ ကျွန်ုပ်သည်။ ဝန္ဒာမိ၊ ထိခြင်းငါးဖြာ[၃] ဝန္ဒနာဖြင့် သဒ္ဓါကြည်ဆွတ် စိတ်ပါညွတ်လျက် ပျပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

---

၁။ မာရ်ငါးပါး=ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်။
၂။ ဘုရားရှိခိုးလိုသော် "ဣတိ"စသည်ကိုဆက်၍ဆိုပါ၊ ပုတီးစိပ်လိုသော်ဆိုဖွယ်မလိုပြီ။
၃။ ထိခြင်းငါးပါး=ရှိခိုးသောအခါ အောက်ခံကြမ်းပြင်၌ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နဖူး၊ ဤငါးပါးကိုထိစေခြင်း။

WWW.DHAMMARANSI.COM



## ဂုဏ်တော်ကိုးပါး အဓိပ္ပာယ်

မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးအဓိပ္ပာယ်ကို မူရင်းပါဠိတော် အဋ္ဌကထာ[၁] ဋီကာ[၂] ကျမ်းများ၌ ဖော်ပြထားသည့်အတိုင်း လက်ရင်းကျကျ မကျဉ်းမကျယ် ဖွင့်ဆိုဖော်ပြသွားပါမည်။

### ၁။ အရဟံဂုဏ်တော်၏ အဓိပ္ပာယ်

"အရဟံ"ဟူသော ဝေါဟာရသည် အနက်အဓိပ္ပာယ်များစွာကို ညွှန်ပြလေသည်။ ၎င်းကညွှန်ပြသော အဓိပ္ပာယ်အရ သဒ္ဒါနည်း[၃] အားဖြင့် ခွဲခြမ်းစိတ်ဖြာသည်ရှိသော် အောက်ပါအတိုင်း ငါးမျိုးဖြာ၍ ထွက်လာပါသည်။

(၁) အာရကာ= ဝေးခြင်း

(၂) အရိ+ဟတ၊ အရိ= ရန်သူ၊ ဟတ= ပယ်သတ်ခြင်း၊

(၃) အရ+ဟံ(အရ+ဟတ)အရ= အကန့်အထောက်၊
ဟတ= ဖျက်ဆီးခြင်း၊

(၄) အရဟံ= ထိုက်ခြင်း၊

(၅) အ+ရဟံ၊ အ= မရှိခြင်း၊ ရဟ= ဆိတ်ကွယ်ရာ၊

၁။ အာရက= ဝေးခြင်း

မြတ်စွာဘုရားသည် ဝေးတော်မူ၏။ အဘယ်မှ ဝေးတော်မူသနည်း။ ကိလေသာတို့မှ ဝေးတော်မူပေ၏။ အဘယ်ကြောင့် ဝေးတော်မူသနည်း။ ကိလေသာတို့ကို မဂ်ဖြင့် ပယ်သတ်တော်မူပြီးဖြစ်သောကြောင့် ဝေးတော်မူရပေသည်။ ထိုသို့ ကိလေသာတို့မှ ဝေးတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရား

---

၁။ အဋ္ဌကထာ= ဘုရားဟောပါဠိကို သိအောင် ဖွင့်ပြသောကျမ်း။

၂။ ဋီကာ= အဋ္ဌကထာကို နားလည်အောင် ထပ်၍ဖွင့်ပြသောကျမ်း။

၃။ သဒ္ဒါနည်း= အက္ခရာ၊ ပုဒ် စသည်တို့ကို စီရင်သောနည်း။

WWW.DHAMMARANSI.COM



သည် "အရဟံ"မည်တော်မူလေသည်။ ("အာရကာ"ကို သဒ္ဒါနည်းဖြင့် "အရဟံ"ပြုသည်။

"ကိလေသာ"ဟူသည်မှာ မိမိစွဲမှီ၍ဖြစ်သော သတ္တဝါကို ပူလောင်စေတတ်၏။ နှိပ်စက်တတ်၏။ ယင်းသို့ ပူလောင်စေတတ်၊ နှိပ်စက်တတ်သော လက္ခဏာရှိ၍ပင် ကိလေသာ(တရားပူ)ဟူ၍ ခေါ်ရလေသည်။

ပူလောင်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာသည် အကျဉ်းအားဖြင့် (၁၀)ပါးရှိသည်။ ၎င်းတို့မှာ–

၁။ လောဘတရား = လိုချင်တပ်မက်ခြင်း သဘောတရား၊

၂။ ဒေါသ = ပြစ်မှား ဖျက်ဆီးခြင်း သဘောတရား၊

၃။ မောဟ = တွေဝေ မိုက်မဲခြင်း သဘောတရား၊

၄။ မာန = မောက်မာ ခက်ထန်ခြင်း သဘောတရား၊

၅။ ဒိဋ္ဌိ = မမှန်မကန် ရှုမြင်ခြင်း သဘောတရား၊

၆။ ဝိစိကိစ္ဆာ= သဘောအမှန်ကို မဆုံးဖြတ်နိုင်ခြင်းသဘောတရား၊

၇။ ထိန=ထုံထိုင်းခြင်းသဘောတရား၊

၈။ ဥဒ္ဓစ္စ=ပျံ့ပျံ့လွင့်လွင့်ဖြစ်ခြင်းသဘောတရား၊

၉။ အဟိရိက=မကောင်းမှု၌ မရှက်တတ်ခြင်း သဘောတရား၊

၁၀။ အနောတ္တပ္ပ=မကောင်းမှု၌ မထိတ်မလန့်ခြင်း သဘောတရား၊

ထိုကိလေသာတို့သည် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ နာမ်သန္တာန်[၁] ရုပ်သဏ္ဍာန်၌ ထာဝရစွဲမှီ၍ မပြတ်ဖြစ်လေသည်။ စိတ်၏အညစ်အကြေးများ ပေတည်း။

---

၁။ သန္တာန် = အဆက်မပြတ်ဖြစ်နေသော အစဉ်၊ ဖြစ်စဉ်။

WWW.DHAMMARANSI.COM



**၁၅၀၀ ကိလေသာ။** ။ ကိလေသာတို့သည် သတ္တဝါဟု ခေါ်ဝေါ်သမုတ်အပ်သော နာမ်[1] ရုပ်[2] တရားတို့၌ တည်မှီ၍လည်းဖြစ်ကြ၏။ မိမိတည်မှီရာ နာမ်နှင့်ရုပ်ကိုလည်း အာရုံပြုလေ၏။ ထိုနာမ်တရားသည် စိတ်တစ်ခု၊ စေတသိက်[3] ၅၂–ခုအားဖြင့် ပေါင်း (၅၃)ခုရှိ၏။ ရုပ်တရားသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စသည်ဖြင့် နိပ္ဖန္နရုပ် ၁၈–ပါး၊ လက္ခဏာရုပ် ၄–ပါးအားဖြင့် ပေါင်း(၂၂)ပါးရှိ၏။ နှစ်ရုပ်ပေါင်း(၇၅)ပါးဖြစ်၏။

လောဘ ကိလေသာသည် ထို ၇၅–ပါးသော နာမ်ရုပ်တရားတို့ကို အာရုံပြု၏။ ဆိုလိုသည်မှာ လောဘကိလေသာသည် စိတ်ကိုအာရုံပြု၏။ ပထဝီကိုအာရုံပြု၏။ ဤသို့စသည်ဖြင့် နာမ်ရုပ် တစ်ခုစီ တစ်ခုစီကို အာရုံပြုသောကြောင့် အာရုံအလိုက် လောဘကိလေသာပေါင်း (၇၅)မျိုး ဖြစ်ပွားလာလေသည်။ ထိုနည်းတူ ဒေါသကိလေသာစသည်တို့သည်လည်း (၇၅)မျိုးပင် ဖြစ်ပွားလာသောကြောင့် ကိလေသာအပွား (၇၅ x ၁၀ = ၇၅၀)ရှိလာလေသည်။ ဤသည်မှာ မိမိသန္တာန်ဟုဆိုအပ်သော နာမ်ရုပ်(၇၅)ပါးကို အာရုံပြုသောအခါ ဖြစ်ပွားလာသော ရလဒ်ပေတည်း။

ကိလေသာတို့သည် မိမိစွဲမှီ၍ဖြစ်နေသော မိမိအဇ္ဈတ္တ[4]သန္တာန်ကို

---

၁။ နာမ်= အာရုံသို့ ကိုင်းညွတ်တတ်သောသဘောတရား၊ ဝါ၊ သိတတ်သောသဘောတရား။

၂။ ရုပ်= ဖောက်ပြန်တတ်သော သဘောတရား၊ ဝါ၊ မသိတတ်သော သဘောတရား။

၃။ စေတသိက်= စိတ်၌မှီ၍ဖြစ်တတ်သော သဘောတရား။

၄။ အဇ္ဈတ္တ= မိမိကိုယ်တွင်း။

WWW.DHAMMARANSI.COM



သာမက သူတစ်ပါးတည်းဟူသော ဗဟိဒ္ဓ[၁]သန္တာန်ရှိ နာမ်ရုပ်(၇၅)ပါးတို့ကိုလည်း တစ်ပါးစီ အာရုံပြုလေသည်။ ယင်းသို့ ဗဟိဒ္ဓကို အာရုံပြုသောအခါ ကိလေသာ အပွား( ၇၅ x ၁၀ = ၇၅၀)ကို ရရှိပြန်လေသည်။

သို့ဖြစ်၍ မိမိအဇ္ဈတ္တသန္တာန်[၂]ကို အာရုံပြု၍ဖြစ်သော ကိလေသာပွား ၇၅၀၊ သူတစ်ပါး ဗဟိဒ္ဓသန္တာန်[၃]ကို အာရုံပြု၍ဖြစ်သော ကိလေသာပွား ၇၅၀၊ နှစ်ရပ်ပေါင်းသော် ကိလေသာပေါင်း ၁၅၀၀ ဖြစ်လေသည်။ အချုပ်မှာ မိမိကို လည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း အာရုံပြု၍ ကိလေသာ ၇၅၀ စီ ဖြစ်၏။ နှစ်ရပ်ပေါင်း ၁၅၀၀ ရှိ၏ဟူလို။ (ပညတ်အမျိုးမျိုးဖြင့် ဆက်ကာ ဆက်ကာ မြှောက်ပွားသော် မရေတွက်နိုင်အောင် များပေလိမ့်မည်။)

## ဆောင်ပုဒ်

နာမ်တေပညာ်၊ ရုပ်နိပ္ဖန်[၄]၊ လက္ခဏာ်ရုပ်လေး။
ကိလေဆယ်ဖြစ်၊ အာရုံဖြစ်၊ ခုနစ်ရာ့ငါးဆယ်ရေး။
သန္တာန်နှစ်ဖြာ[၅]၊ ဆင့်ပွားကာ၊ ငါးရာတစ်ထောင်တွေး။

---

၁။ ဗဟိဒ္ဓ = မိမိကိုယ်မှအပ၊ ပြင်ပ။
၂။ အဇ္ဈတ္တသန္တာန် = မိမိသန္တာန်။
၃။ ဗဟိဒ္ဓသန္တာန် = ပြင်ပ သူတစ်ပါးသန္တာန်။
၄။ နာမ်တေပညာ် = နာမ်တရား(၅၃)ပါး၊ ရုပ်နိပ္ဖန်=နိပ္ဖန္နရုပ်(၁၈)ပါး။
၅။ နာမ်သန္တာန်= စိတ်စေတသိက်တို့၏ဖြစ်စဉ်။ ရုပ်သန္တာန်= ရုပ်တရားတို့၏ ဖြစ်စဉ်။

WWW.DHAMMARANSI.COM



ထိုကိလေသာတို့သည် ဘုရားအလောင်းတော်ဘဝတစ်လျှောက်လုံး ဘုရားအလောင်းတော်၏ကိုယ်မှာ စွဲမှီ၍ အမြဲတမ်းဖြစ်လာခဲ့လေသည်။ သံသရာကာလကြီးတစ်လျှောက်လုံး ဘုရားအလောင်းနှင့် ကိလေသာတို့သည် နီးစပ်လာခဲ့ပေသည်။

သို့သော် ဘုရားအလောင်းတော်သည် အရဟတ္တမဂ်ဉာဏ်[၁] ကို ရသောအခါ သံသရာတစ်လျှောက်လုံး ရင်းရင်းနှီးနှီး လက်ခံ ပေါင်းဖက်လာခဲ့သည့် ကိလေသာအားလုံးကို မဂ်ဉာဏ်ဖြင့် ဖယ်ရှင်းတော်မူလိုက်လေသည်။ သို့ဖြစ်သောကြောင့် အရဟတ္တမဂ်ဉာဏ်ကို ရပြီးနောက် မြတ်စွာဘုရားအဖြစ် ပွင့်လာချိန်မှစ၍ ဘုရားရှင်၏သန္တာန်၌ ကိလေသာဟူ၍ လုံးဝမရှိလေပြီ။ ဘုရားရှင်၏ ပတ်ဝန်းကျင်ရှိ ပုထုဇဉ်အများ၌မူ ကိလေသာတို့ရှိလေ၏။ ထိုကိလေသာတို့သည် မြတ်စွာဘုရားအနီးအနားသို့ မကပ်နိုင်ကြပြီ၊ ဘုရားနှင့် ဝေးလေပြီ။

မြတ်စွာဘုရားသည် ကိလေသာ၏အထုံအငွေ့ဟု တင်စားခေါ်နိုင်သော ဝါသနာကိုပါ အပြတ်ပယ်စွန့်လေသည်။ ကိလေသာမူရင်းများကိုရော၊ ကိလေသာ၏ အထုံငွေ့ဟုဆိုရသည့် ဝါသနာဓာတ်ကိုပါ အရဟတ္တမဂ်ဖြင့် ပြတ်သားစွာ ပယ်ရှင်းပြီးဖြစ်သောကြောင့် ကိလေသာနှင့် အဝေးကြီး ဝေးတော်မူလေသည်။

---

၁။ အရဟတ္တမဂ်ဉာဏ်= အရဟတ္တ–ရဟန္တာပုဂ္ဂိုလ်၏အဖြစ်၊ မဂ်(မဂ္ဂ) = ကိလေသာကို ပယ်သတ်တတ်သောတရား၊ ဉာဏ်(ဉာဏ) = သစ္စာလေးပါးကို သိခြင်း။

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်၏ကိလေသာကို ပယ်သတ်တတ်သော၊ သစ္စာ ၄–ပါး ကို သိမြင်သောဉာဏ်ကို အရဟတ္တမဂ်ဉာဏ်ဟု ခေါ်သည်။

WWW.DHAMMARANSI.COM



ဤကဲ့သို့ ကိလေသာမှ ဝေးတော်မူခြင်းကြောင့် "အရဟံ" ဟူသော ဂုဏ်တော်ကို သဘာဝအားဖြင့် ရခြင်းဖြစ်လေသည်။

၂။ အရိ+ ဟတ၊ အရိ= ရန်သူ၊ ဟတ= ပယ်သတ်ခြင်း။

လောကတွင် မိမိအား အကျိုးမဲ့ပြုသူကို ရန်သူဟု သတ်မှတ်ကြပေသည်။ တရားသဘောနယ်တွင်လည်း သတ္တဝါတို့အား လက်တွေ့ ဒုက္ခပေးနေသည့် ကိလေသာများကို "ရန်သူ" ဟူ၍ သတ်မှတ်ကြလေသည်။ အဘယ့်ကြောင့်နည်းဆိုသော် ကိလေသာဆယ်ပါးကို တစ်ခုစီ စိစစ်ကြည့်လျှင် မည်သည့်တရားကမျှ မိမိတည်ကိန်းရာသတ္တဝါကို အကျိုးမပြုကြောင်း တွေ့ရပေမည်။ လောဘကလည်း လူကိုဖျက်ဆီးသည်။ ဒေါသကလည်း လူကိုဖျက်ဆီးသည်။ ကျန်သောကိလေသာများလည်း နည်းတူပင်။ ကိလေသာတရားတို့သည် နေ့စဉ်လက်တွေ့ဘဝ၌သာ ဖျက်ဆီးသည်မဟုတ်သေး။ သူတို့ကြောင့်ပင် အို၊ နာ၊ သေဘေးမှ မလွတ်ကြရ၊ အပါယ်ဘေးမှ[၁] မကင်းကြရ၊ ဘဝဒုက္ခဟူသမျှ ကြုံနေကြရပေ၏။

ပုထုဇဉ်[၂] သတ္တဝါတို့သည် ထိုကိလေသာ ရန်သူတို့ကို မပယ်နိုင် မသတ်နိုင်ကြ၊ လက်ခံသိမ်းပိုက်နေကြရ၏။

မြတ်စွာဘုရားမှာမူ ကိလေသာတို့ကို လုံးဝပယ်သတ်နိုင်သည့် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူသောကြောင့် ထိုမဂ်ဉာဏ်ဖြင့် ကိလေသာရန်သူအားလုံးကို ဖြိုခွင်း ဖျက်ဆီးနိုင်လေသည်။

---

၁။ အပါယ်ဘေး= ချမ်းသာကင်း၍ ဆင်းရဲသောဘေး။

၂။ ပုထုဇဉ်= ကိလေသာ ထူပြောသူများ၊ ကိုးကွယ်ရာ မမြဲသူများ။

WWW.DHAMMARANSI.COM



ဤကဲ့သို့ ကိလေသာရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အပြီးအပြတ် သုတ်သင် ရှင်းလင်းတော်မူနိုင်သောကြောင့်လည်း သဘာဝအားဖြင့် "အရဟံ" ဟူသော ဂုဏ်တော်ကို ရရှိခြင်းဖြစ်လေသည်။

(အရိ+ဟတကို သဒ္ဒါနည်းဖြင့် အရဟံပြုသည်။)

၃။ အရ+ဟ(အရ+ဟတ)အရ= အကန့်အထောက်၊
ဟတ= ဖျက်ဆီးခြင်း

လှည်းဘီးတစ်ခုတွင် အလယ်၌ ပုံတောင်း၊ ဘေးပတ်ပတ်လည်၌ အကွပ်၊ ပုံတောင်းနှင့် အကွပ်ကြားတွင် အကန့်အထောက်များကို တွေ့နိုင်သည်။ ပုံတောင်း၏အလယ်တွင်ရှိသော အပေါက်၌ လှည်းဝင်ရိုးကို စွပ်ရလေသည်။

ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတည်းဟူသော သတ္တဝါတို့ကျင်လည်ရာ ဘဝသုံးပါးကို ဝဋ်ဆင်းရဲရထားကြီးဟုတင်စားပြီး ခန္ဓာ[၁] အာယတန[၂] ဓာတ်[၃] တရားတို့ မပြတ်ဖြစ်ပျက်မှုသံသရာကို ရထားဘီးဖြင့်တင်စားလျက် သံသရာစက်ဟုခေါ်လေသည်။ ထိုသံသရာစက်၌ အဝိဇ္ဇာ[၄]နှင့် ဘဝတဏှာ[၅]

---

၁။ ခန္ဓာ= အစု၊ ရုပ်နာမ်တရားအစု။
၂။ အာယတန= ရှည်စေခြင်း၊ သံသရာရှည်သည့် ရုပ်နာမ်တရား။
၃။ ဓာတ်= ဆောင်ခြင်း၊ မိမိသဘောမိမိဆောင်၍ ဖြစ်တတ်သော ရုပ်နာမ်တရား။
၄။ အဝိဇ္ဇာ= အ+ဝိဇ္ဇာ= အမှန်သိမှု၏ ဆန့်ကျင်ဘက်တရား။
ဝါ၊ အမှန်ကိုမသိမှု၊ အမှားကိုသိမှု။
၅။ ဘဝတဏှာ= ဘဝကို တွယ်တာတပ်မက်ခြင်း။

WWW.DHAMMARANSI.COM



ကို ပုံတောင်း၊ ဇရာ[၁]နှင့် မရဏာ[၂]ကို အကွပ်၊ ပြုပြင်တတ်သော ကုသိုလ်စေတနာစသည်ကို အကန့်အထောက်၊ အာသဝေါတရား[၃] တို့ကို ဝင်ရိုးဟု တင်စားလေသည်။ ထိုသံသရာဘီးကြီးကို တပ်ဆင်ထားသော ဘဝသံသရာ ရထားကြီးသည် ဘဝသုံးပါး၌ ဟုန်းဟုန်းသွားလျက် ရှိလေသည်။ ဆိုလိုသည်မှာ သတ္တဝါတို့သည် သံသရာ၌ ကျင်လည်နေရသည်ဟု ဆိုလိုသည်။

မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်ရန် ကြိုးကုတ်အားထုတ်တော်မူသောအခါ အင်္ဂါလေးတန်နှင့်ပြည့်စုံသော ဝီရိယတည်းဟူသော ခြေနှစ်ဖက်ကို သီလတည်းဟူသောမြေပေါ်တွင် ခိုင်မြဲစွာရပ်လျက် သဒ္ဓါလက်ဖြင့် ဉာဏ်ပုဆိန်ကို ကိုင်တော်မူပြီးလျှင် ဆိုခဲ့ပါသံသရာစက်၏ အကန့်အထောက်တို့ကို ရိုက်ချိုး ဖျက်ဆီးတော်မူလိုက်လေသည်။ လိုရင်းကား ဝီရိယ၊ သီလ၊ သဒ္ဓါဉာဏ်တို့ဖြင့် သံသရာစက်၏ အကန့်အထောက်တို့ကို ဖျက်ဆီးတော်မူခြင်း ဖြစ်လေသည်။ ထိုသို့ဖျက်ဆီးပြီး၍ မြတ်စွာဘုရားအဖို့ သံသရာ မလည်ရတော့ချေ။

ဤကဲ့သို့ သံသရာစက်ဝိုင်းကြီး လည်ပတ်၍မရအောင် သံသရာစက်ဘီး၏ အကန့်အထောက်(ဒေါက်)တို့ကို ဖျက်ဆီးတော်မူနိုင်ခြင်းကြောင့်လည်း "အရဟံ"ဟူသော ဂုဏ်တော်ကို သဘာဝအားဖြင့် ရခြင်းဖြစ်လေသည်။

---

၁။ ဇရာ= အရွယ်မှ ဆုတ်ယုတ်ခြင်း။

၂။ မရဏာ= အသက်စွန့်ခြင်း၊ သေခြင်း။

၃။ အာသဝေါတရား= မပြတ်ယိုစီးတတ်သောတရား။

WWW.DHAMMARANSI.COM



၄။ အရဟာထိုက်ခြင်း

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာတို့က ပေးလှူပူဇော်သော ဆွမ်း ၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး[၁] တို့ကို ခံယူတော်မူထိုက်၏။ အခြားနည်းဖြင့် ထူးထူးမြတ်မြတ် ပူဇော်မှုမှန်သမျှကိုလည်း ခံထိုက်ပေ၏။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလက ဗိမ္ဗိသာရမင်း ကောသလမင်း စသူတို့ကလည်း ပူဇော်ကြ၏။ သဟမ္ပတိဗြဟ္မာမင်းကမူ မြင်းမိုရ်တောင်ပမာဏမျှရှိသော ပန်းဆိုင်းကြီးဖြင့် ပူဇော်ဖူး၏။ ဘုရားရှင် ပရိနိဗ္ဗာန်[၂] စံယူပြီးနောက်၌လည်း သီရိဓမ္မာသောကမင်း စသည်တို့က အထွတ်အမြတ် လှူဒါန်းပူဇော်ခဲ့ကြကုန်၏။

မြတ်စွာဘုရားအနေဖြင့် တစ်လောကလုံးက ပူဇော်သမျှ၊ ချီးမြှောက်သမျှကို မထိမခိုက် ပကတိသဘောအားဖြင့် ခံယူတော်မူထိုက်လေသည်။

ယင်းသို့ ပူဇော်အထူးကို ခံယူရသောကြောင့် တစ်စုံတစ်ရာထိခိုက်မှုလုံးဝမရှိချေ။

ဤကဲ့သို့ တစ်လောကလုံး ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်းဟူသော အကြောင်းသည်လည်း "အရဟံ" ဟူသောဂုဏ်ကို ရရှိခြင်း၏ အကြောင်းဖြစ်လေသည်။

---

၁။ ပစ္စည်းလေးပါး= မြတ်စွာဘုရား သာသနာတော် အရှည်တည်တံ့အောင် အထောက်အပံ့ပြုသော အရာလေးမျိုး။

၂။ ပရိနိဗ္ဗာန်= ကိုယ်ခန္ဓာ အမှီအတွယ် အဆက်အစပ်လုံးဝမရှိ၊ ချမ်းသာမှုသဘောတရား သက်သက်မျှသာဖြစ်သော နိဗ္ဗာန်။

WWW.DHAMMARANSI.COM



၅။ အ+ရဟ၊ အ= မရှိခြင်း၊ ရဟ= ဆိတ်ကွယ်ရာ

လောကလူသားများအနက် လူရှေ့သူရှေ့မရှောင် မကောင်းမှုဒုစရိုက်[၁] ကို ပြုဝံ့သူတစ်မျိုး၊ လူရှေ့သူရှေ့တွင်မူ သူတော်ကောင်းယောင်ဆောင်လျက် လူကွယ်ရာ ဆိတ်ကွယ်မှုကိုရမှ ဒုစရိုက်ကိုကျူးလွန်တတ်သူတစ်မျိုး၊ ဤသို့ အကြမ်းဖျဉ်းအားဖြင့် နှစ်မျိုးရှိလေသည်။ များသောအားဖြင့် မိမိကိုယ်ကို ပညာရှိသူတော်ကောင်းယောင် ဆောင်နေကြသူများသည် လူသူလေးပါး ကဲ့ရဲ့ မည်စိုးသောကြောင့် လူမသိနိုင်သော ဆိတ်ကွယ်ရာ၌သာ မကောင်းမှုကို ပြုတတ်ကြလေသည်။ မြတ်စွာဘုရားမှာမူ လူရှေ့သူရှေ့မဆိုထားဘိ၊ လူမမြင်ကွယ်ရာ ဆိတ်ကွယ်ရာအရပ်ကို ရသော်မှလည်း မကောင်းမှုဒုစရိုက်ကို တစ်ကြိမ်တစ်ခါမျှပြုခြင်းမရှိချေ။ အကြောင်းမှာ ဒုစရိုက်ကိုပြုလုပ်ရန် အခြေခံမှုနေပြီး ဖန်တီးပေးသည့် ကိလေသာတရားဆိုးများ လုံးဝ ကင်းရှင်းတော်မူပြီး ဖြစ်၍ ပေတည်း။

ယခုလို အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုရရှိပြီး ဘုရားရှင် အဖြစ် ပွင့်တော်မူပြီးသောအခါ မဆိုထားဘိ၊ သက်တော် ၂၉–နှစ်ရွယ် တောထွက်သောညမှ သက်တော် ၃၅–နှစ် ဘုရားဖြစ်သည့်ကာလအထိ ဘုရားအလောင်းတော်ဘဝမှာပင် စိတ်ထဲကသော်မှ မကောင်းမှုဘက်သို့ ညွှတ်မိခြင်း မရှိခဲ့ချေ။

ဝသဝတ္တီမာရ်နတ်မင်းသည် တောထွက်သောညက တားမရ၍ ခုနစ်နှစ်ပတ်လုံး ဘုရားအလောင်း၏နောက်ကလိုက်ပြီး အပြစ်တင်နိုင်ရန်အတွက် အပြစ်ရှာခဲ့ရာ ပုဒ်မတပ်စရာ အပြစ်ရှာမရသည့်နောက်ဆုံး လက်လျှော့လိုက်ရကြောင်း

---

၁။ ဒုစရိုက်= ဒု= မကောင်းသော၊ စရိုက်= အကျင့်။

WWW.DHAMMARANSI.COM

မာရသံယုတ် သတ္တဝဿာနုဗန္ဓသုတ်[၁]၌ အတိအလင်း မာရ်နတ်မင်းက ဝန်ခံထားလေသည်။

ဤကဲ့သို့ ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို မပြုမလုပ်ခြင်းဟူသော အကြောင်းရပ်သည် "အရဟံ"ဟူသောဂုဏ်တော်ကိုရရှိစေရန် အကြောင်းတစ်ရပ်ဖြစ်လေသည်။

## ၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အဓိပ္ပာယ်

သမ္မာ= ကောင်းစွာ၊ မဖောက်မပြန်၊

သံ= ကိုယ်တိုင်

ဗုဒ္ဓ= သိခြင်း၊

မည်သည့်အရာကို သိသနည်း၊ "တရားအားလုံးကို" သိပေသည်။ အဘယ်သို့ သိသနည်း၊ "ကောင်းစွာ"သိပေသည်။ မည်သူသိသနည်း၊ "မြတ်စွာဘုရားကိုယ်တိုင်" သိပေသည်။ "သံ=ကိုယ်တိုင်"ဟူသော စကားရပ်ဖြင့် သူတစ်ပါးထံမှ တစ်ဆင့်ခံသိရခြင်းမျိုးမဟုတ်၊ ဖြည့်ဆည်းပူးခဲ့သော ပါရမီအဟုန်ကြောင့် အလိုလိုဖြစ်လာသောဉာဏ်(သယမ္ဘူဉာဏ်)ဖြင့် မိမိကိုယ်တိုင်ထိုးထွင်းသိခြင်းဖြစ်သည်ဟူသော အဓိပ္ပာယ်ကိုဆောင်လေသည်။

"ကောင်းစွာ"ဟုဆိုရာ၌ မည်သို့ကောင်းသနည်း၊ တရားတစ်ခုစီတစ်ခုစီ၏ကိစ္စ[၂] လက္ခဏာ[၃] ကို ဆိုက်အောင် ထိုးထွင်း၍ မဖောက်မပြန်

---

၁။ သတ္တဝဿာနုဗန္ဓသုတ်= ခုနစ်နှစ်ပတ်လုံး ဘုရားအလောင်းနောက်က မာရ်နတ်လိုက်ပြီး မကောင်းကြံပုံကို ဖော်ပြသောသုတ်။

၂။ ကိစ္စ= ပရမတ္ထတရားတစ်ခုစီ၌ ပြည့်စုံမှုအရည်အသွေး။

၃။ လက္ခဏာ= ပရမတ္ထတရားတစ်ခုစီအတွက် အမှတ်အသား။

WWW.DHAMMARANSI.COM



သိခြင်းဖြစ်သည်။ အပေါ်ယံမျှ သိခြင်းမဟုတ်ဟူလို၊ ဤသို့ သဘောလက္ခဏာ ဆိုက်အောင် မဖောက်မပြန်သိပုံကို ကောင်းစွာသိသည်ဟု ဆိုရပေသည်။

မြတ်စွာဘုရားသိသော တရားတို့မှာ-

(၁) သင်္ခါရ= ပြုပြင်စီရင်သောတရား။

(၂) ဝိကာရ= ဖောက်ပြန်ပြောင်းလဲသောတရား။

(၃) လက္ခဏာ= တရားတစ်ခုစီ၏ သဘောအမှတ်လက္ခဏာများ။

(၄) နိဗ္ဗာန်= တဏှာမှထွက်မြောက်သောတရား။

(၅) ပညတ်= အမည်နာမ အမျိုးအစား အစရှိသော သမ္မုတိတရားအားလုံး။

ဤတရားတို့ကို ဉေယျဓမ်^၁ တရားငါးပါးဟု ခေါ်လေသည်။ ၎င်း ဉေယျဓမ်တရားငါးပါးကို ကောင်းစွာကိုယ်တိုင် ထိုးထွင်း၍ သိမြင်တော်မူသော ကြောင့် "သမ္မာသမ္ဗုဒ္ဓေါ"ဟူသောဂုဏ်ကို ရလေသည်။

တစ်နည်း- ဗုဒ္ဓ= နိုးထခြင်း၊

မြတ်စွာဘုရားသည် မည်သူတစ်ဦးတစ်ယောက်ကမျှ မနှိုးရဘဲ ကောင်းစွာ ကိုယ်တိုင် နိုးတော်မူသည်။ အဘယ်မှ နိုးဘိသနည်းဟူမူ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူခြင်းဖြစ်၏။

တစ်နည်း- ဗုဒ္ဓ= ပွင့်ခြင်း၊

ပဒုမာကြာငုံသည် နေအရောင်နှင့် ထိတွေ့သောအခါ ပွင့်၍လာလေသည်။ ဤနည်းအတူ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဆုံမိရာတွင် သဗ္ဗညုတဉာဏ်တော် ဖြစ်ပေါ်လာခြင်းအားဖြင့် ကောင်းစွာ ကိုယ်တိုင် ပွင့်တော်မူလာပေသည်။

---

၁။ ဉေယျဓမ်= သိအပ် သိသင့်သောတရား။

WWW.DHAMMARANSI.COM



ဤကဲ့သို့ ကောင်းစွာကိုယ်တိုင် နှိုးထခြင်း၊ ပွင့်တော်မူခြင်းဟူသော အကြောင်းကြောင့်လည်း "သမ္မာသမ္ဗုဒ္ဓေါ"ဟူသောဂုဏ်တော်ကို ရလေသည်။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် အဓိပ္ပာယ်

ဝိဇ္ဇာ= အသိဉာဏ်

စရဏ= အကျင့်တရား

သမ္ပန္နော= ပြည့်စုံခြင်း

ဝိဇ္ဇာဉာဏ်မှာ အကျဉ်းအားဖြင့်သုံးပါး၊ အကျယ်အားဖြင့် ရှစ်ပါးရှိ၏။ စရဏအကျင့်တရားမှာ တစ်ဆယ့်ငါးပါးရှိလေသည်။

ဝိဇ္ဇာဉာဏ်သုံးပါးမှာ–

(၁) ပုဗ္ဗေနိဝါသ ဉာဏ် (ပု)

(၂) ဒိဗ္ဗစက္ခု[၁] ဉာဏ် (ဒိ)

(၃) အာသဝက္ခယ[၂] ဉာဏ် (အာ)

တို့ပင် ဖြစ်ကြသည်။ အတိုကောက်အားဖြင့် ပု၊ ဒိ၊ အာဟုခေါ်သည်။

ရှေးအတိတ်ဘဝပေါင်း မြောက်မြားစွာကို ပြန်လည်သတိရနိုင်သော ဝိဇ္ဇာဉာဏ်ကို ပုဗ္ဗေနိဝါသဉာဏ်ဟု ခေါ်သည်။ မြတ်စွာဘုရားသည် ဤဉာဏ်ဖြင့် အတိတ်ဘဝများစွာ၌ သတ္တဝါတို့၏အမည်၊ အမျိုးခံစားခဲ့ရသော ဆင်းရဲချမ်းသာစသည်ဖြင့် ဘဝတစ်ခုခုနှင့်ပတ်သက်သမျှ အသေးစိတ်ဖြစ်ရပ်များ အားလုံးကို အကုန်အစင် ပြန်လည် သိမြင်နိုင်စွမ်းရှိလေသည်။

---

၁။ ဒိဗ္ဗ+စက္ခု။ ဒေဝ= ဒိဗ္ဗ= နတ်။ စက္ခု= မျက်စိ။

၂။ အာသဝ+ခယ၊ အာသဝ= အာသဝေါတရား၊ ခယ= ကုန်ခြင်း။

WWW.DHAMMARANSI.COM



နတ်မျက်လုံးကဲ့သို့ ထူးကဲစွာ မြင်နိုင်သိနိုင်သော ဝိဇ္ဇာဉာဏ်ကို ဒိဗ္ဗစက္ခုဉာဏ်ဟုခေါ်သည်။ မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုဉာဏ်ကို ရသူဖြစ်၍ တိုက်နံရံ၊ တောင် စသည့် ထုထည်အားလုံးကို ဖောက်ထွင်း၍မြင်နိုင်သည်။ မိုင်ပေါင်းများစွာ ဝေးကွာရာကိုလည်း လှမ်း၍မြင်နိုင်သည်။ အဏုမြူကဲ့သို့ အလွန့်အလွန်သေးငယ်သောအရာဝတ္ထုများကိုလည်း မြင်နိုင်သည်။ မိမိတို့ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံအလိုက် သတ္တဝါတို့၏ အနည်းနည်းအဖုံဖုံ ဖြစ်ပျက်နေကြပုံကိုလည်း မြင်နိုင်လေသည်။

ကိလေသာ အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သည့် ဝိဇ္ဇာဉာဏ်ကို (အာသဝက္ခယဉာဏ်ကို)ရတော်မူ၍ ကိလေသာအားလုံး ကင်းတော်မူသည့် ဘုရားစင်စစ် ဖြစ်တော်မူလေသည်။

ဗုဒ္ဓဘာသာတို့သည် ကုသိုလ်ကောင်းမှု တစ်ခုခုပြုပြီးတိုင်း "ပု၊ ဒိ၊ အာ"နှင့် ပြည့်စုံရပါလို၏ဟု တိုတိုနှင့်လိုရင်းရောက်အောင် ဆုတောင်းတတ်ကြကုန်သည်။ "ပု၊ ဒိ၊ အာ"နှင့်သာပြည့်စုံလျှင် ရဟန္တာလည်းဖြစ်မည်။ တန်ခိုးလည်း လွန်စွာကြီးမည် ဖြစ်ပေသည်။

(ဤဝိဇ္ဇာသုံးပါးကို မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ဘယဘေရဝသုတ်တော်၌ မြတ်စွာဘုရား ဟောကြားတော်မူထားလေသည်)။

ဝိဇ္ဇာရှစ်ပါးတို့မှာ—

(၁) ပုဗ္ဗေနိဝါသဉာဏ်

(၂) ဒိဗ္ဗစက္ခုဉာဏ်

(၃) အာသဝက္ခယဉာဏ်

(၄) ဝိပဿနာ[၁]ဉာဏ်

---

၁။ ဝိပဿနာ= ထူးကဲစွာရှုမြင်မှု။

(၅) မနောမယိဒ္ဓိ[၁]ဉာဏ်

(၆) ဣဒ္ဓိဝိဓဉာဏ်

(၇) ဒိဗ္ဗသောတ[၂]ဉာဏ်

(၈) စေတောပရိယ[၃]ဉာဏ်

တို့ ဖြစ်ပေသည်။ အမှတ်(၁)၊ (၂)၊ (၃)တို့ကို အထက်၌ဖော်ပြခဲ့ပေပြီ။

ဝိပဿနာဉာဏ်ဖြင့် ရုပ်တရား နာမ်တရားတို့၏ မမြဲမှု၊ ဆင်းရဲမှု၊ အနှစ်သာရကင်းမဲ့မှု သဘောမှန်ကို သိမြင်လေသည်။

မနောမယိဒ္ဓိဉာဏ်ဖြင့် ဈာန်စိတ်ကို အသုံးချပြီး ကိုယ်ခန္ဓာအတွင်းမှာ သီးခြားကိုယ်ခွဲတစ်ခု ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်သည်။

ဣဒ္ဓိဝိဓဉာဏ်ဖြင့် တန်ခိုးရုပ်ပုံအမျိုးမျိုးကို အရာအထောင်မက ဖန်ဆင်းနိုင်သည်။ (သို့သော် တန်ခိုးကို ရုပ်သိမ်းလိုက်လျှင် ဖန်ဆင်းထားသမျှ ကွယ်ပျောက်သွားလေသည်။)

ဒိဗ္ဗသောတဉာဏ်ဖြင့် နတ်နားကဲ့သို့ ကြားနိုင်သည်။ ဝေးလှသောအသံ၊ အလုံပိတ်ထားသောအသံ၊ တိုးလွန်းသောအသံဟူသမျှ အားလုံးကို ကြားသိနိုင်သည်။

စေတောပရိယဉာဏ်ဖြင့် သူတစ်ပါး၏စိတ်ကို သိနိုင်သည်။ မြတ်စွာဘုရားသည် ဤဝိဇ္ဇာရှစ်ပါးနှင့်လည်း ပြည့်စုံတော်မူပေသည်။

---

၁။ မနောမယ+ဣဒ္ဓိ၊ မနောမယ= ဈာန်စိတ်ဖြင့် ပြီးပြည့်စုံစေခြင်း၊ ဣဒ္ဓိ=တန်ခိုး။

၂။ ဒိဗ္ဗ+သောတ၊ ဒိဗ္ဗ= နတ်၊ သောတ= နား။

၃။ စေတော+ပရိယ+ဉာဏ၊ စေတော= စိတ်၊ ပရိယ= ပိုင်းခြား၍၊ ဉာဏ= သိခြင်း။

WWW.DHAMMARANSI.COM



(ဝိဇ္ဇာရှစ်ပါးကို သုတ်သီလက္ခန် ပါဠိတော် အမ္ဗဋ္ဌသုတ်၌ ဟောတော်မူထား၏။)

စရဏတရား တစ်ဆယ့်ငါးပါးတို့မှာ–

(၁) သီလသံဝရ–ရဟန်းတို့၏ အကျင့်သီလနှင့်ပြည့်စုံခြင်း။

(၂) ဣန္ဒြိယေသုဂုတ္တဒွါရတာ= မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါး စောင့်စည်းမှုရှိခြင်း။

(၃) ဘောဇနေမတ္တညုတာ=အစားအသောက်နှင့်ပတ်သက်၍ ခံယူရာ၌လည်းကောင်း၊ သုံးဆောင်ရာ၌လည်းကောင်း အတိုင်းအရှည်ကို သိရှိခြင်း။

(၄) ဇာဂရိယာနုယောဂ=အမြဲတမ်း နိုးနိုးကြားကြားရှိလျက် တရားဓမ္မ ကိစ္စကို ဆောင်ရွက်ခြင်း။

(၅) သဒ္ဓါ=ဘုရား တရား သံဃာ ကံ–ကံ၏အကျိုး အတိတ်ဘဝ အနာဂါတ်ဘဝ ပဋိစ္စသမုပ္ပါဒ်[၁] တရား၊ ဤရှစ်ဌာနတို့၌ အလေးအနက် သက်ဝင်ယုံကြည်မှုရှိခြင်း။

(၆) သတိ=ကုသိုလ်ဓမ္မတို့ကို သတိရခြင်း။

(၇) ဟိရီ=အရှက်ရှိခြင်း

(၈) သြတ္တပ္ပ=မကောင်းမှုကို ထိတ်လန့်တတ်ခြင်း။

(၉) ဗာဟုသစ္စ=အကြားအမြင်များခြင်း။

(၁၀) ဝီရိယ=လုံ့လရှိခြင်း။

---

၁။ ပဋိစ္စ+သမုပ္ပါဒ်၊ ပဋိစ္စ=အကြောင်းတရားကို အစွဲပြု၍၊ သမုပ္ပါဒ်=အကျိုးတရားဖြစ်လာခြင်း။

WWW.DHAMMARANSI.COM



(၁၁) ပညာ=ပညာရှိခြင်း။

(၁၂) ပထမဈာန်-

(၁၃) ဒုတိယဈာန်-

(၁၄) တတိယဈာန်-

(၁၅) စတုတ္ထဈာန်-ဤဈာန်[၁]လေးပါးနှင့် ပြည့်စုံခြင်း။

မြတ်စွာဘုရားသည် ဖော်ပြပါဝိဇ္ဇာဉာဏ်တို့အပြင် ဤစရဏအကျင့်တရား တစ်ဆယ့်ငါးပါးတို့နှင့်လည်း လုံးဝပြည့်စုံတော်မူသည့်အတွက်ကြောင့် "ဝိဇ္ဇာစရဏ သမ္ပန္န"ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူကြောင်း ကျော်စောသတင်း ပျံ့နှံ့လေသည်။

## ၄။ သုဂတဂုဏ်တော် အမိပ္ပာယ်

သုဂတ၊ သု= ကောင်းစွာ

ဂတ= သွားခြင်း-ပြောဆိုခြင်း

"သွားခြင်း"သည် ကိုယ်ဖြင့်သွားခြင်း၊ စိတ်ဖြင့် ဉာဏ်ဖြင့်သွားခြင်းဟု နှစ်မျိုးရှိသည်။ ဤတွင် ဉာဏ်ဖြင့်သွားခြင်းကို ဆိုလိုပေသည်။

မြတ်စွာဘုရားသည် အဘယ်သို့သွားလေသနည်း၊ ကောင်းသော နိဗ္ဗာန်သို့ သွားလေသည်။ အဘယ်အရာဖြင့် သွားသနည်း၊ အရိယမဂ်ဉာဏ်ဖြင့် သွားခြင်းဖြစ်ပေသည်။ မဂ်ဉာဏ်ဖြင့်သွားခြင်းဖြစ်၍ ကိလေသာ သံယောဇဉ်တို့ဖြင့်လည်း မငြိမကပ်၊ လက်ဝဲလက်ယာစွန်းသို့လည်း မလိုက်၊ မဇ္ဈိမပဋိပဒါ

---

၁။ ဈာန်-ဈာန=ရှုးရှုးစိုက်စိုက် ရှုမြင်တတ်သောတရား၊ ကိလေသာတို့ကို ပယ်ခွာတတ်သောတရား။

WWW.DHAMMARANSI.COM



လမ်းကောင်းလမ်းမှန်ဖြင့် နိဗ္ဗာန်သို့သာ တန်းတန်းမတ်မတ် ကြွသွားတော်မူလေသည်။

တစ်နည်းအားဖြင့် မြတ်စွာဘုရားသည် ကောင်းသောစကားကိုသာ ပြောဆိုမြဲဖြစ်၏။ ကြားရသူတိုင်းကနှစ်သက်ပြီး ဟုတ်မှန်အကျိုးရှိသော စကားခွန်းမျိုး၊ အပြောခံရသူက မကြိုက်စေကာမူ ဟုတ်မှန်အကျိုးရှိသည့် စကားခွန်းမျိုးကို ချိုသာစွာ မြွက်ကြားမြဲဖြစ်လေသည်။

မဟုတ်မမှန်သောစကား၊ အကျိုးမရှိသောစကားမျိုးကို တစ်ခွန်းတစ်ပါဒမျှ မြွက်ဟတော်မူခြင်း မရှိလေပြီ၊ မြတ်ဘုရားနှင့်ခေတ်ပြိုင် နိဂဏ္ဌနာဋပုတ္တတိတ္ထိဆရာကြီးသည် လေးလပတ်လုံးအကြံထုတ်ပြီး စကားပြောမှုနှင့် ပတ်သက်၍ နှစ်စွန်းထွက်ပြဿနာတစ်ရပ်ကို စီစဉ်ပြီး မိမိ၏ဒါယကာ အဘယမင်းသားအား မြတ်စွာဘုရားထံလွှတ်ပြီး အမေးခိုင်းရာတွင် သုဂတဂုဏ်တော်ကို ထင်ရှားစေသည့် စကားခြောက်ခွန်းကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့လေသည်။

"စကားခြောက်ခွန်း၊ လူနှိုက်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဟူ၍ ဖြစ်ပေသတည်း။

**စကားခြောက်ခွန်းကား**

၁။ အကျိုးမရှိ မဟုတ်မမှန် မနှစ်သက်၊
၂။ အကျိုးမရှိ မဟုတ်မမှန် နှစ်သက်၊
၃။ အကျိုးမရှိ ဟုတ်မှန် မနှစ်သက်၊
၄။ အကျိုးမရှိ ဟုတ်မှန် နှစ်သက်၊
၅။ အကျိုးရှိ ဟုတ်မှန် မနှစ်သက်၊
၆။ အကျိုးရှိ ဟုတ်မှန် နှစ်သက်၊

WWW.DHAMMARANSI.COM



ဤကဲ့သို့ ကောင်းသောနိဗ္ဗာန်သို့ ဖြောင့်မတ်စွာ ဉာဏ်တော်ဖြင့် ကြွသွားတော်မူခြင်း၊ အကျိုးရှိသောစကားကောင်းကိုသာ မြွက်ကြားတော်မူခြင်း ဟူသော အကြောင်းရပ်များကြောင့် "သုဂတ" သုဂတဟူ၍ ဂုဏ်သတင်း ပျံ့မွှေးတော်မူခြင်း ဖြစ်လေသည်။

## ၅။ လောကဝိဒူ ဂုဏ်တော်အဓိပ္ပာယ်

လောက= လောက၊

ဝိဒူ= သိခြင်း၊

"လောက"ဟူသည် ဖြစ်တတ် ပျက်တတ်သော သဘာဝတရား ကြီးပင်ဖြစ်၏။ တစ်နည်းဆိုရသော် ဖြစ်မှုပျက်မှု သဘောတရားစု၏ တည်ရာ ဖြစ်ရာ ဌာနကြီးပင်ဖြစ်၏။

ယင်းလောကသည် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရ[၁] လောကဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် သက်ရှိသတ္တဝါတို့၏ ဘဝမန္ဒာ ဖြစ်စဉ်ကြီးကို သတ္တလောကဟု ခေါ်၏။ ဇီဝိတဟုခေါ်သော အသက်ကင်းမဲ့ ကြသည့် ကမ္ဘာ့ရေ မြေ တောတောင် ဥယျာဉ်ဗိမာန်စသော တည်ရာမှီရာ လောကဓာတ်ကြီး၏ ခန္ဓာဖြစ်စဉ်ကြီးကို ဩကာသလောကဟုခေါ်၏။ ထို သက်ရှိ သက်မဲ့ လောကနှစ်ရပ်လုံး၏ ပြုပြင်ပြောင်းလဲသောဖြစ်စဉ်ကြီးကို သင်္ခါရလောကဟုခေါ်၏။ မြတ်စွာဘုရားသည် ထိုလောကကြီးသုံးပါးကို ဝေဖန် ပိုင်းခြား သိမြင်တော်မူသောကြောင့် "လောကဝိဒူ"ဟူသော ဂုဏ်တော်ကို ရလေသည်။

---

၁။ သတ္တ= သတ္တဝါ၊ ဩကာသ= နေရာ၊ သင်္ခါရ= ပြုပြင်ခြင်း။

WWW.DHAMMARANSI.COM



တစ်နည်းအားဖြင့် "လောက"ဟူသည် သတ္တဝါတို့၏ ဘဝခန္ဓာပင် ဖြစ်ပေ၏။ မြတ်စွာဘုရားသည် ထိုခန္ဓာတည်းဟူသော လောကကား ဒုက္ခအတိ သာဖြစ်၏။ တဏှာတည်းဟူသောအကြောင်းကြောင့် ဖြစ်ပေါ်နေရ၏။ ခန္ဓာ လောက၏ ချုပ်ငြိမ်းမှုနိဗ္ဗာန်သည် ရှိ၏။ ထိုနိဗ္ဗာန်ကိုရရှိရေးအတွက် မဂ္ဂင် ရှစ်ပါး[၁] လမ်းစဉ်သာ အမှန်ဖြစ်၏ဟူ၍ သစ္စာဆိုက်အောင် သိမြင်တော်မူ လေသည်။

ကျွန်ုပ်တို့လူသားတစ်ဦးစီသည် လောကတစ်ခုစီပင်ဖြစ်ပေ၏။ မိမိလည်း မိမိလောကနှင့်၊ သူလည်း သူ့လောကနှင့်ပေတည်း။ မြတ်စွာဘုရားသည် ကျွန်ုပ်တို့လူသားတစ်ဦးစီ၏ ဘဝလောကကိုလည်း အကြွင်းမဲ့ နားလည်၏။ ကျွန်ုပ်တို့ အဘယ့်ကြောင့် ယခုလိုဖြစ်နေသည်ဆိုသည့် အကြောင်းရင်းကိုလည်း သိ၏။ ကျွန်ုပ်တို့၏ ဘဝလောကအဆုံးသတ်မည့် ပန်းတိုင်ကိုလည်း မြင်၏။ ထိုဘဝချုပ်ငြိမ်းရာသို့ မည်သို့မည်ပုံ သွားရမည်ဆိုသည့် လမ်းစဉ်ကိုလည်း ဟောကြားတော်မူ၏။

ထိုသို့ နားလည်သိမြင်တော်မူသောကြောင့် မြတ်စွာဘုရားကို "လောက ဝိဒူ" ဖြစ်ပါပေဟု အံ့ချီးပူဇော်ကြရလေသည်။

---

၁။ မဂ္ဂင်=မဂ္ဂ+အင်္ဂ၊ မဂ္ဂ=မဂ်၊ အင်္ဂ=အစိတ်အပိုင်း၊ မဂ္ဂင်ရှစ်ပါး=သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

WWW.DHAMMARANSI.COM



## ၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်အဓိပ္ပာယ်

အ= မရှိ

ဥတ္တရော= သာလွန်သူ

အနုတ္တရော= သာလွန်သူမရှိ

ပုရိသ+ဒမ္မ+သာရထိ၊ ပုရိသ= ယောကျ်ား

ဒမ္မ= မယဉ်ကျေးသေး၍ ဆုံးမထိုက်သော

ပုရိသဒမ္မ= မယဉ်ကျေးသေး၍ ဆုံးမထိုက်သောသူ

သာရထိ= ဆုံးမခြင်း

ဤဂုဏ်တော်တွင် အဓိပ္ပာယ်သုံးမျိုး ပါဝင်ပေ၏။ ပထမအဓိပ္ပာယ်မှာ တစ်ကမ္ဘာလုံး၌ မြတ်စွာဘုရားထက်သာလွန်သူ တစ်ဦးတလေမျှ မရှိခြင်းဖြစ်၏။ မည်သည့်ဘက်မှ မသာလွန်နိုင်သနည်းဆိုသော် သီလရှိမှု၊ သမာဓိရင့်သန်မှု၊ ပညာကြီးမြင့်မှု၊ ဝိမုတ္တိခေါ်သော အရဟတ္တဖိုလ်ကို ပိုင်စိုးမှု၊ ဝိမုတ္တိဉာဏဒဿနဟုဆိုအပ်သော လွတ်မြောက်ရေးဉာဏ်အမြင် ထက်မြက်မှုတို့ဘက်တွင် အဘယ်သူမျှ မြတ်စွာဘုရားကို မမှီနိုင်ပါချေ။

ဥပမာ–မလ္လာမင်းသားတစ်ပါးက အာဠာရရသေ့[၁] ကြီးသည် အလွန်သမာဓိကြီးလှသည်။ မိမိအနီးမှ လှည်းငါးရာဖြတ်၍ မောင်းသွားသည်ကိုပင် မသိလိုက်ဟု မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားက "ငါဘုရားသည် အာတုမကျောင်းမှာ သမာဓိတရားဖြင့်နေစဉ်အခါက မိမိအနီးသို့ မိုးကြိုးပစ်ချလေရာ လယ်သမားနှစ်ဦးနှင့် နွားလေးကောင်သေရှာသည်ကိုပင်

၁။ အာဠာရရသေ့=ဘုရားအလောင်းဘဝက ဆရာတင်ခဲ့ဖူးသော ရသေ့ဂိုဏ်းဆရာကြီး။

WWW.DHAMMARANSI.COM



မသိလိုက်”ဟု မိန့်ကြားတော်မူလေသည်။ ဤသို့ဆိုလျှင် မြတ်စွာဘုရား၏ သမာဓိက ပို၍ကြီးမြတ်ပါပေသည်ဟု မင်းသားက ဝန်ခံခဲ့ရဖူးပေသည်။

သို့ဖြစ်၍ မြတ်စွာဘုရားထက် သီလ၊ သမာဓိ၊ ပညာ စသည်ဖြင့် သာလွန်သူဟူ၍ မရှိသည့်အတွက် မြတ်စွာဘုရားသည် “အနုတ္တရ” သာလွန်သူ မရှိသော ဘုရားစင်စစ် ဖြစ်လေသည်။

ဒုတိယအဓိပ္ပာယ်မှာ မြတ်စွာဘုရားသည် မယဉ်ကျေး၊ မလိမ္မာသူများကို ဆုံးမထိုက်၍ ဆုံးမပြီဆိုလျှင် အနုနည်းဖြင့် အပြီးသတ်အောင်မြင်မြဲ ဖြစ်လေသည်။ ဤသို့အောင်မြင်ခြင်းမှာ မြတ်စွာဘုရား၌ ပညာဉာဏ်ရော၊ တန်ခိုးတော်ပါ စွယ်စုံပြည့်ဝတော်မူသောကြောင့် ဖြစ်၏။ မြတ်စွာဘုရား အဆုံးအမဖြင့် လိမ္မာလာသူမှန်သမျှသည်လည်း ပြန်၍ မိုက်သွားပြန်သူဟူ၍ မရှိချေ။ အင်္ဂုလိမာလ၊ အာဠဝက၊ ပဋာစာရီ စသည်ကို ထောက်ရှုနိုင်သည်။

ဤသို့ သတ္တဝါတို့ကို ဆုံးမရာ၌လည်း အတုမရှိသောကြောင့် အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ် ထင်ရှားရပြန်သည်။

တတိယအဓိပ္ပာယ်မှာ လိမ္မာယဉ်ကျေးသူများကိုလည်း ပို၍ လိမ္မာယဉ်ကျေးအောင်၊ တစ်နည်းဆိုသော် အပြီးသတ်လိမ္မာသွားအောင် နည်းပေးလမ်းပြ ဆုံးမတော်မူနိုင်ပြန်သည်။ ဥပမာ ဗိမ္ဗိသာရမင်း၊ ပုက္ကုသာတိမင်း၊ အနာထပိဏ်၊ ဝိသာခါ၊ သိကြား၊ ဗြဟ္မာ စသည် ဝေနေယျသတ္တဝါ[၁]များတို့ကို မဂ်ဖိုလ်နိဗ္ဗာန် ရရှိစေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဂေါတမမြတ်စွာဘုရားသည် “အနုတ္တရော ပုရိသ ဒမ္မသာရထိ”ဂုဏ်တော်ရှင် ဘုရားစင်စစ်ဖြစ်ပေ၏ဟု ဂုဏ်သတင်း ပျံ့နှံ့ခြင်းဖြစ်လေသည်။

---

၁။ ဝေနေယျသတ္တဝါ= ဆုံးမထိုက်သောသတ္တဝါ၊ ဝါ အထူးဆောင်ယူထိုက်သော သတ္တဝါ။

WWW.DHAMMARANSI.COM



## ၇။ သတ္ထာဒေဝ မနုဿာနဂုဏ်တော် အဓိပ္ပာယ်

သတ္ထာ= ဆရာ(သို့မဟုတ်)အကြီးအမှူးခေါင်းဆောင်။

ဒေဝ= နတ်၊ ဗြဟ္မာ။

မနုဿ= လူ

အဆုံးအမပေးတတ်သူကို ဆရာဟု ဆိုရသည်။ အဘယ်သို့ ဆုံးမသနည်းဆိုသော် မကောင်းမှုကိုညွှန်ပြ၍ တားမြစ်ခြင်း၊ ကောင်းမှုတိုးပွားအောင် သင်ကြားခြင်းဖြင့် ဆုံးမရပေသည်။

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့အား အကုသိုလ်နှင့် ကုသိုလ်ကို ခွဲခြားနားလည်အောင်၊ အကုသိုလ်ရှောင်ပြီး ကုသိုလ်ကိုဆောင်တတ်အောင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံး၌အကျိုးရှိအောင်၊ ထို့ထက် မဂ်ဖိုလ်နိဗ္ဗာန်ရ၍ ဘဝဒုက္ခ[၁]ဟူသမျှမှ လုံးဝလွတ်သွားအောင် နည်းအမျိုးမျိုးဖြင့် ဟောကြားဆုံးမခဲ့လေသည်။ ထိုမြတ်စွာဘုရား၏ အဆုံးအမနည်းနာနိဿယတို့သည် ယခုအခါ ပိဋကတ်သုံးပုံအဖြစ် ထင်ရှားစွာကျန်ရစ်ခဲ့၏။ ထိုပိဋကတ်သုံးပုံသည် ရှေ့တွင်ဖော်ပြမည့် ဗုဒ္ဓဂုဏ်တော်နှင့် ယခုသတ္ထာဒေဝမနုဿာန ဂုဏ်တော်မြတ်၏ ရလဒ်ဆုမွန်ကြီး ဖြစ်လေသည်။

တစ်နည်းအားဖြင့် "သတ္ထာ" အကြီးအမှူးဟု အနက်ကြံဆပြီး တစ်မျိုးကြည်ညိုလေးစားကြသေးသည်။ ရှေးခေတ်က လှည်းကုန်သည်များသည် စားစရာမရှိ ရေမရှိသောကန္တာရခရီး[၂] မျိုးကို မကြာခဏ ဖြတ်သန်းသွားကြသည်။ သို့သွားကြသောအခါ ရှေ့ဆုံးလှည်းမှ လှည်းမှူးကြီး တော်ပါမှ ကန္တာရ

---

၁။ ဘဝဒုက္ခ= ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း။

၂။ ကန္တာရခရီး= ဘေးအန္တရာယ်များ၍ ဖြတ်ကူးနိုင်ရန်ခဲယဉ်းလှသောခရီး။

WWW.DHAMMARANSI.COM



ခရီးကို လွန်မြောက်နိုင်ကြသည်။ လှည်းမှူးမလိမ္မာလျှင် မျက်စိလည်လမ်းမှား၍ ကန္တာရထဲမှာ သေပွဲဝင်ကြရရှာသည်။

လူနတ်ပြဟ္မာ သက်ရှိသတ္တဝါဟူသမျှတို့၏ ဘဝသည်လည်း ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေးတို့ဖြင့် ပြေးမလွတ်ရာဖြစ်သော ကန္တာရခရီးကြမ်းသဖွယ် ဖြစ်လေသည်။ သတ္တဝါတို့သည် ဘဝကန္တာရထဲမှာ ထပ်တလဲလဲ နစ်မြုပ်နေကြရကုန်၏။

မြတ်စွာဘုရားသည်ကား မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါအကျင့်တရား၊ ကမ္မဋ္ဌာန်းဘာဝနာ နည်းနိဿယများကို သတ္တဝါတို့အားပေးအပ်ပြီး ရှေ့မှ လမ်းပြလျက် သတ္တဝါတို့ကို ဘဝကန္တာရမှ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာသို့ အရောက် ပို့ဆောင်တော်မူလေသည်။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ကမ္ဘာသူကမ္ဘာသား နတ်လူများအတွက် လှည်းမှူးကြီးပမာ ရှေ့ဆောင်လမ်းပြ ခေါင်းဆောင်ကောင်းကြီး ဖြစ်ပါပေသည်။

**၈။ ဗုဒ္ဓဂုဏ်တော် အဓိပ္ပာယ်**

ဗုဒ္ဓ= မိမိကိုယ်တိုင်သိခြင်း၊ သူတစ်ပါးတို့အားလည်း သိစေတော်မူခြင်း။

မည်သည့်အရာကိုသိသနည်း၊ သိစေသနည်း။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါး(အမှန်လေးပါး)[၁]သိခြင်း သိစေခြင်း ဖြစ်ပေသည်။ သစ္စာလေးပါးကိုသိခြင်းသည် အဘယ်မျှ အရေးကြီးသနည်းဆိုသော် ဘဝသံသရာမှ ထွက်ပေါက်ကိုတွေ့ခြင်းပင် ဖြစ်လေသည်။

---

၁။ ယထာဘူတကျကျဖြစ်နေသည့်အတိုင်း (ဝါ)မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဖြစ်သည့်အတိုင်း။

WWW.DHAMMARANSI.COM



**ဒုက္ခသစ္စာ=** ဆင်းရဲမှုအမှန်တရား။
ငင်းတို့မှာ ပဋိသန္ဓေနေရခြင်း၊ အိုရ၊ နာရ၊ သေရခြင်း၊ မနှစ်သက်စရာဟူသမျှနှင့် အတူတကွဖြစ်ရခြင်း၊ နှစ်သက်စရာဟူသမျှနှင့် ကွေကွင်းရခြင်း၊ ဖြစ်ချင်ရာမဖြစ်ရခြင်းသည် ဒုက္ခသစ္စာပေတည်း။ အချုပ်အားဖြင့် မိမိခန္ဓာကိုယ်ကြီးသည် ဒုက္ခသစ္စာကြီးပေတည်း။

**သမုဒယသစ္စာ=** သမုဒယအကြောင်းတရား။
ဆင်းရဲခြင်း၏အကြောင်းမှန်တရား။ တွယ်တာတတ်သော ဘဝသစ်ကို ဖြစ်စေတတ်သော၊ မြင်မြင်ကရာကို ခုံမင်နှစ်သက်တတ်သော တဏှာလောဘသည် သမုဒယသစ္စာပေတည်း။

**နိရောဓသစ္စာ=** ဒုက္ခချုပ်ငြိမ်းမှုအမှန်တရား။
ထိုတဏှာလောဘ၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုနိဗ္ဗာန်သည် နိရောဓသစ္စာပေတည်း။

**မဂ္ဂသစ္စာ=** မဂ္ဂ–လမ်း၊ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းမှန်တရား။
မဂ်စိတ်လေးခု၌ ယှဉ်သော လောကုတ္တရာမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာပေတည်း။ မဂ္ဂင်ရှစ်ပါးတို့ကား–

၁။ သမ္မာဒိဋ္ဌိ မှန်ကန်စွာ သိမြင်မှု
၂။ သမ္မာသင်္ကပ္ပ မှန်ကန်စွာ တွေးကြံမှု
၃။ သမ္မာဝါစာ မှန်ကန်စွာပြောဆိုမှု
၄။ သမ္မာကမ္မန္တ မှန်ကန်စွာပြုလုပ်မှု
၅။ သမ္မာအာဇီဝ မှန်ကန်စွာ အသက်မွေးမှု

WWW.DHAMMARANSI.COM



၆။ သမ္မာဝါယမ မှန်ကန်စွာ အားထုတ်မှု

၇။ သမ္မာသတိ မှန်ကန်စွာ အမှတ်သတိရမှု

၈။ သမ္မာသမာဓိ မှန်ကန်စွာတည်ငြိမ်မှုတို့ ဖြစ်ကြသည်။

မြတ်စွာဘုရားသည် နောက်ဆုံးအနေဖြင့် ဘဝဇာတ်ကြီး သိမ်းတော်မူရန် ကုသိနာရုံသို့ ကြွတော်မူစဉ်အခါက–

"ချစ်သားတို့ . . . သစ္စာလေးပါးတရားမြတ်ကို ယထာဘူတ[၁] ကျကျ မမြင်နိုင်ခဲ့ကြ၍၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်းပြီး မသိနိုင်ခဲ့ကြ၍ သို့စဉ်လောက် ရှည်လျားလှသော ဘဝ သံသရာ ကာလကြီးတစ်လျှောက်လုံး ငါဘုရားရော သင် ချစ်သားတို့ပါ ကျင်လည်ခဲ့ရခြင်း ဖြစ်လေသည်"

ဟူ၍ မိန့်ကြားတော်မူခဲ့လေသည်။ **(မဟာပရိနိဗ္ဗာနသုတ်)**

မြတ်စွာဘုရားသည် ဤကဲ့သို့ သစ္စာလေးပါးသိမြင်မှုကိစ္စ၏ အရေး ကြီးလှပုံကို ဒိဋ္ဌ သိရှိတော်မူသောကြောင့် မိမိကိုယ်တိုင် သစ္စာလေးပါးကို အကြွင်းမဲ့သိမြင်ပြီးရုံနှင့် မရပ်နိုင်ဘဲ ကျန်သမျှ သတ္တဝါတို့အားလည်း မိမိ ကဲ့သို့ သိမြင်ကြစေရန် မနေမနား ဟောကြားချေချွတ်တော်မူလေသည်။ အဘယ် ကြောင့်ဆိုသော် သတ္တဝါတို့အနေဖြင့် သစ္စာလေးပါးကို မိမိကဲ့သို့ မသိမမြင် ကြရာသော် အဆုံးမရှိသော ဘဝသံသရာကြီး၌ မျောကြရာတော့မည်။ သို့ မျောကြရလျှင် သူတို့သည် အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုး ကြီးတို့၏ နှိပ်စက်ညှဉ်းဆဲမှုကို အလူးအလဲ ခံသွားကြရရှာတော့မည်ဟု ပြင်းပြ စွာ ဖြစ်လာသော မဟာကရုဏာ[၂]တော်မြတ်ကလည်း တိုက်တွန်းလာသော ကြောင့် ဖြစ်လေသည်။

---

၁။ ယထာဘူတ = ဖြစ်သည့်အတိုင်း၊ ဟုတ်မှတ်သည့်အတိုင်း။

WWW.DHAMMARANSI.COM



ဤကဲ့သို့ မိမိကိုယ်တိုင်ကလည်း သစ္စာလေးပါးကို တပ်အပ်ထင်ထင် သိမြင်ခြင်း၊ သတ္တဝါတို့အားလည်း မိမိနည်းတူ သစ္စာလေးပါးကို သိမြင်သွားအောင် မနေမနား ဟောကြားချေချွတ်မှုကို ပြုခြင်းကြောင့် ဆောင်ရွက်တော်မူသော သာသနာပြုလုပ်ငန်းပေါ်မူတည်ပြီး တစ်လောကလုံးက ဤဘုရားကား "ဗုဒ္ဓ"ပေတည်းဟု အံ့ချီး၍မကုန်နိုင်အောင် ဖြစ်ရပြန်လေသည်။

ယင်းကဲ့သို့ ဝေနေယျသတ္တဝါများအား မြတ်စွာဘုရား ဟောကြားဆုံးမခဲ့သော တရားတော်များသည် ပိဋကတ်သုံးပုံအဖြစ် ဓမ္မအမွေအနှစ် ကျန်ရစ်တော်မူခဲ့လေသည်။

## ၉။ ဘဂဝါဂုဏ်တော်အဓိပ္ပာယ်

ဘဂ= ဘုန်း

ဝါ= ဝန္တု= ရှိသူ။

ဘဂဝါ= ဘုန်းရှိသော မြတ်စွာဘုရား။

မြတ်စွာဘုရား၌ ဣဿရိယ ဓမ္မယသ သိရီကာမ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါး ရှိတော်မူသည်။

(၁) **ဣဿရိယဘုန်းတော်=** ဟူသည်မှာ အစိုးရခြင်း၊ မိမိဖြစ်ချင်သလိုဖြစ်စေနိုင်ခြင်း၊ သတ္တိစွမ်းပကားပင်ဖြစ်ပေသည်။

မြတ်စွာဘုရားသည် စွမ်းအားကြီးသော မိမိ၏စိတ်ကို လုံးဝအစိုးရလေသည်။ မိမိ၏စိတ်ကို အဘိညာဉ်အဆင့်သို့ မြှင့်တင်ပြီး ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြသနိုင်လေသည်။ ဆန့်ကျင်ဘက်ဖြစ်သော ရေနှင့်မီးတို့ကို တစ်ပြိုင်နက် မိမိကိုယ်ပေါ်မှ ပေါ်ထွက်လာစေသည်။ ဥပမာ–

---

၁။ မဟာကရုဏာ= ကြီးမြတ်လှသော ကြင်နာ သနားမှု။

WWW.DHAMMARANSI.COM



လက်ယာမျက်လုံးတော်မှ ရေ၊ လက်ဝဲမျက်လုံးတော်မှ မီး၊ လက်ယာနားတော်မှ ရေ၊ လက်ဝဲနားတော်မှ မီး စသည်ဖြင့် ရေမီးအစုံလိုက်အစုံလိုက် ဖြာခနဲဖြာခနဲ ကွန့်မြူးထင်ရှားစေနိုင်ပေသည်။

ထိုဣဒ္ဓိသရိယဘုန်းတော်သည်လည်း ရှစ်မျိုးရှိ၏။ ဣဒ္ဓိသရိယဘုန်းတော်ရှစ်မျိုးတို့မှာ–

အဏိမာ မဟိမာ လဃိမာ ပတ္တိ ပါကမ္မ ဤသိတာ ဝသိတာနှင့် ယတ္ထကာမဝသာယိတာတို့ ဖြစ်ကြ၏။

(၁) **အဏိမာ ဘုန်းတော်**= မိမိကိုယ်တော်ကို အနုမြူလောက်သေးငယ်အောင် ဖန်ဆင်းသောဘုန်းတော်။

(၂) **မဟိမာ ဘုန်းတော်**= မိမိကိုယ်ကို မြင်းမိုရ်တောင်မျှမက ကြီးချင်သလောက် ကြီးအောင် ဖန်ဆင်းနိုင်သောဘုန်းတော်။

(၃) **လဃိမာ ဘုန်းတော်**= မိမိကိုယ်တော်တစ်ခုလုံးကို စိတ်လောက် ပေါ့ပါး လျင်မြန်သွားအောင် ဖန်ဆင်းနိုင်သောဘုန်းတော်။

(၄) **ပတ္တိ ဘုန်းတော်**= အဘယ်မျှလောက်ဝေးဝေး ရောက်ချင်သောနေရာသို့ ချက်ချင်းရောက်နိုင်သော ဘုန်းတော်။

(၅) **ပါကမ္မ ဘုန်းတော်**= စိတ်တော်က ရည်သန်သည့်အတိုင်း ရုပ်ပုံတော် အမျိုးမျိုး များစွာဖြစ်စေနိုင်သော ဘုန်းတော်။

(၆) **ဤသိတာ ဘုန်းတော်**= သူတစ်ပါးတို့အပေါ် အရှိန်အဝါဖြင့် လွှမ်းမိုး နိုင်သော ဘုန်းတော်။

(၇) **ဝသိတာ ဘုန်းတော်**= တန်ခိုးအရာ၌ လေ့လာမှုအားကြီးလှ၍ နိုင်နိုင် နင်းနင်းရှိသော ဘုန်းတော်။

(၈) **ယတ္ထကာမဝသာယိတာ ဘုန်းတော်**= တန်ခိုးစွမ်းအား အပြောင်းအလဲ

WWW.DHAMMARANSI.COM



အရုပ်အသိမ်း လွန်စွာလျှင်မြန်ပြီး လိုအပ်သလို ဖန်တီးနိုင်စွမ်းသော ဘုန်းကော်။

ဤကား ဣဿရိယဘုန်းတော် ရှစ်ပါးပေတည်း။

၂။ **ဓမ္မဘုန်းတော်ဟူသည်မှာ=** မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးနှင့် ပြည့်စုံတော်မူသည့် တရားဘုန်းတော်ဖြစ်၏။

၃။ **ယသဘုန်းတော်ဟူသည်မှာ=** လူတို့၏ ကမ္ဘာလောက၌ သာမကနတ်ဗြဟ္မာ လောက၌ပါ ဂုဏ်သတင်း ပျံ့နှံ့ကျော်ကြားမှုရှိသည့် ဘုန်းတော်ကြီးဖြစ်သည်။

၄။ **သီရိဘုန်းတော်ဟူသည်မှာ=** ရုပ်ရေ ရူပကာယ လှပတင့်တယ်တော်မူသော ဘုန်းတော်ပင်ဖြစ်သည်။ ပါရမီကုသိုလ်တော်မြတ်ကြောင့် မြတ်စွာဘုရား၏ရုပ်ပုံတော်သည် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်[၁]၊ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ပြည့်စုံတော်မူသောကြောင့် မြင်သူတကာတို့ ဖူးမြော်၍ မဝလောက်အောင် ကျက်သရေရှိလှလေသည်။

၅။ **ကာမ ဘုန်းတော်ဟူသည်မှာ=** အတ္တဟိတ ၊ ပရဟိတ အကျိုးနှစ်ဝကို စိတ်ဆန္ဒတော်ရှိသည့်အတိုင်း ပြီးပြည့်စုံတော်မူသည့် ဘုန်းတော်ပင်ဖြစ်လေသည်။

၆။ **ပယတ္တဘုန်းတော်ဟူသည်မှာ=** လုံ့လဝီရိယစွမ်းပကား အတုမရှိ

---

၁။ လက္ခဏာတော်ကြီး ၃၂၊ လက္ခဏာတော်ငယ် ၈၀၊ အကျယ်ကို နှစ်ဖက်လှ "အလင်းပြ ပရိတ်ကြီး" စာအုပ်၌ရှုပါ။

WWW.DHAMMARANSI.COM



ကြီးမားတော်မူသော ဘုန်းတော်ပင်ဖြစ်သည်။ ဘုရားမဖြစ်မီ ကာလတစ်လျှောက်လုံး ဝီရိယပါရမီ ဖြည့်ဆည်းခဲ့ရုံသာမက ဘုရားဖြစ်သောအခါ၌လည်း ၄၅ ဝါ ကာလပတ်လုံး နေ့ည မနေမနား တရားဟောကြား ဆုံးမတော်မူခဲ့သည့် ကြီးမြတ်သော ဝီရိယစေတသိက်ရှိခြင်းသည် ပယတ္တဘုန်းတော်ပင် ဖြစ်လေသည်။

**ဂုဏ်တော်ကိုးပါးအနှစ်ချုပ်**

၁။ **အရဟံဂုဏ်တော်=** မြတ်စွာဘုရားသည် ကိလေသာတို့မှ ကင်းဝေးလေပြီ၊ ကိလေသာတို့ကို ပယ်ရှားပြီးဖြစ်လေပြီ၊ သံသရာစက်၏ အကန့်အထောက်တို့ကို ဖျက်ဆီးပြီးဖြစ်လေပြီ။ လူသူလေးပါး မသိမမြင်နိုင်သည့် ဆိတ်ကွယ်ရာကိုရစေကာမူ မည်သည့်နည်းနှင့်မျှ မကောင်းမှုအလုပ်ကို မလုပ်တော့ပြီ၊ အထွတ်အမြတ် ပေးလှူပူဇော်မှုဟူသမျှကိုလည်း ကောင်းစွာ ခံယူတော်မူထိုက်လေပြီ။

၂။ **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်=** သိရမည့်တရားဟူသမျှကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ မှန်မှန်ကန်ကန် သိရှိတော်မူလေပြီ။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်=** ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏအကျင့်တရား တစ်ဆယ့်ငါးပါးတို့နှင့် ကောင်းစွာပြည့်စုံတော်မူပါပေသည်။

၄။ **သုဂတဂုဏ်တော်=** နိဗ္ဗာန်သို့ဦးတည်၍ နှစ်ဖက်စွန်းလွတ်သော လမ်းမှန်ဖြင့် သန့်ရှင်းစွာ ကြွသွားတော်မူပါပေသည်။ စကားဆိုရန် ခွင့်ခြောက်တန်တို့တွင် ဟုတ်မှန်ကျိုးကြောင်း စကားကောင်းကိုသာ မိန့်ဆိုတော်မူတတ်ပါပေသည်။

WWW.DHAMMARANSI.COM



၅။ **လောကဝိဒူဂုဏ်တော်=** သတ္တဝါ သင်္ခါရ ဩကာသဟူသော လောကကြီးသုံးပါးကို ပိုင်းခြားဝေဖန်၍ သိမြင်တော်မူဘိသည်။ လောကနှင့်ပတ်သက်၍ ဖြစ်ပေါ်မှု၊ ချုပ်ငြိမ်းမှု ထွက်မြောက်မှုဆိုင်ရာ ကျင့်လမ်းကြံလမ်းကိုလည်း ပြည့်စုံစွာ သိမြင်တော်မူဘိသည်။ သိမြင်သည့်အတိုင်းလည်း ဟောကြားတော် မူခဲ့ပေသည်။

၆။ **အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်=** မြတ်စွာဘုရားထက် သီလ သမာဓိ ပညာ သာလွန်သူမရှိချေ။ မယဉ်ကျေး မလိမ္မာသူတို့ကိုလည်း ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်ပေသည်။

၇။ **သတ္ထာဒေဝမနုဿာနံဂုဏ်တော်=** လူနတ်ပြဟ္မာ သတ္တဝါတို့အား ပစ္စုပ္ပန်ချမ်းသာရအောင် ကောင်းမြတ်သောအဆုံးအမကို ပေးတော်မူသည့်အပြင် ဘဝသံသရာမှ လွတ်မြောက်ရေးအတွက်ကိုပါ နည်းပေးလမ်းပြပြု၍ ကယ်မတော်မူပါပေသည်။

၈။ **ဗုဒ္ဓဂုဏ်တော်=** ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော သစ္စာလေးပါးအမှန်တရားကို မိမိကိုယ်တော်တိုင် သိရှိတော်မူရုံမျှမက ပါရမီရှိသော သတ္တဝါတို့အား မိမိသိသလို သိစေခြင်းငှာ မနေမနား တရားပြတော်မူခဲ့လေပြီ။

၉။ **ဘဂဝါဂုဏ်တော်=** မာရ်ငါးပါးကို အောင်မြင်တော်မူပြီး ဖြစ်လေပြီ။ ဘုန်းတော်ခြောက်ပါးတို့နှင့်လည်း ကောင်းစွာ ပြည့်စုံတော်မူပါပေသည်။

WWW.DHAMMARANSI.COM



## ကိုးဂုဏ် လူ့ဆွေ အစိန္တေ

ဘုရားဂုဏ်တော်ဟူသည်မှာ အခြားမဟုတ်၊ ထိုမြတ်စွာဘုရား၌ တည်ရှိသော လောကီလောကုတ္တရာ တရားဓမ္မ အနှစ်သာရများနှင့် ၄င်းတရားတော်၏ သတ္တိစွမ်းပကားများပင်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဂုဏ်တော်ကိုးပါးကို–

(၁) ကိုယ်တော်၌ပြည့်စုံမှု(အတ္တဟိတ[1] သမ္ပတ္တိ)

(၂) ဝေနေယျသတ္တဝါတို့၏ အကျိုးဆောင်ရွက်မှု(ပရဟိတ[2] သမ္ပတ္တိ)ဟူသော အချက်နှစ်ရပ်ဖြင့် ဝေဖန်သုံးသပ်လျှင် ဤသို့ တွေ့ရပါလိမ့်မည်။

ဂုဏ်တော်ကိုးပါးတို့တွင် အရဟံဂုဏ်တော် ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဝိဇ္ဇာစရဏဂုဏ်တော်၊ လောကဝိဒူဂုဏ်တော်ဟူသော ဂုဏ်တော်လေးပါးတို့သည် မြတ်စွာဘုရား၌ ပြည့်စုံသော ကျေးဇူးတော်တို့ကို ပြသပါသည်။ ဝါသနာနှင့် တကွ တစ်ထောင့်ငါးရာကိလေသာတို့မှ သန့်ရှင်းပြီးဖြစ်ခြင်း၊ သိရမည့် တရားအားလုံးကို ကိုယ်တိုင်အမှန်အတိုင်း သိပြီးဖြစ်ခြင်း၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရားတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူခြင်း၊ ဤအချက်တို့သည် မြတ်စွာဘုရားကို သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဖြစ်ကြောင်း သိသာစေသည့်အချက်များ ဖြစ်ပါသည်။

ထို့ပြင် သုဂတောဂုဏ်တော်၊ ဗုဒ္ဓဂုဏ်တော်၊ ဘဂဝါဂုဏ်တော်တို့မှ အချို့သောအချက်များဖြင့် မြတ်စွာဘုရား၏ ဘုရားဂုဏ်နှင့် ပြည့်စုံပုံကို ဖော်

---

၁။ အတ္တ+ဟိတ၊ အတ္တ= မိမိ၊ ဟိတ= အကျိုး၊

၂။ ပရ+ဟိတ၊ ပရ= သူတစ်ပါး၊ ဟိတ= အကျိုး၊

WWW.DHAMMARANSI.COM



ပြပါသေးသည်။ နိဗ္ဗာန်သို့သာ ကြွသွားတော်မူခြင်း၊ အရေးကြီးလှသော သစ္စာလေးပါးကို မချဆတ်ဆတ်သိခြင်း၊ ဓမ္မဘုန်းတော်၊ သိရီဘုန်းတော်၊ ပယတ္တဘုန်းတော် စသည်နှင့် ပြည့်စုံခြင်းတို့မှာလည်း မြတ်စွာဘုရား၌ရှိသော ဂုဏ်အရည်အချင်းများပင် ဖြစ်ပါသည်။

အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်တော်၊ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်နှစ်ပါးသည် မြတ်စွာဘုရားအနေဖြင့် ပရဟိတ ဆောင်ရွက်တော်မူခဲ့ပုံကို သိရပါသည်။ ကမ္ဘာလောကကြီးအတွင်းရှိ လူကြမ်း၊ နတ်ကြမ်း၊ ဗြဟ္မာကြမ်းတို့ကို အနုနည်းဖြင့်ဆုံးမပြီး နိဗ္ဗာန်ချမ်းသာကိုရစေခြင်း၊ လူ့ကမ္ဘာ နတ်ကမ္ဘာရှိ လူအပေါင်း နတ်အပေါင်းတို့အား အတုမရှိအကျိုးပြုသော ဆရာတစ်ဆူအနေဖြင့် အရာရာ၌ ကြီးပွားတိုးတက်အောင် အဆုံးအမ ပေးတော်မူခြင်းသည် စင်စစ် ပရဟိတ ဆောင်ရွက်မှုများပင် ဖြစ်လေသည်။

ထိုမှတစ်ပါး သုဂတ ဗုဒ္ဓနှင့် ဘဂဝါဂုဏ်တော်တို့မှ အချို့သောအချက်များအရလည်း မြတ်စွာဘုရားအနေဖြင့် ပရဟိတကို ဆောင်ရွက်တော်မူပုံကို သိရပေသည်။ စကားခြောက်ခွန်းအနက် သတ္တဝါတို့အား အကျိုးဖြစ်ထွန်းစေမည့် စကားနှစ်ခွန်းကို မြွက်ကြားတော်မူခြင်း၊ သစ္စာလေးပါးကို မိမိသိသကဲ့သို့ ဝေနေယျသတ္တဝါများ သိရှိစေရန် ဟောကြားဆုံးမနည်းပြတော်မူခြင်း၊ ယသဘုန်းတော်၊ ကာမဘုန်းတော် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့မှာ ပရဟိတအတွက် ဖြစ်လေသည်။

တစ်နည်းအားဖြင့်ဆိုသော် မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဆင်းရဲမှုအနန္တကို ခံယူတော်မူပြီး ပါရမီသုံးဆယ်[၁]

---

၁။ ပါရမီသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါးအဓိပ္ပာယ်အကျယ်ကို နှစ်ဖက်လှ "အလင်းပြပရိတ်ကြီး" ၌ ကြည့်ပါ။

WWW.DHAMMARANSI.COM



စွန့်ခြင်းကြီးငါးပါး စရိယသုံးပါးတို့ကို ဖြည့်ဆည်းတော်မူ၍ သဗ္ဗညုဘုရား စင်စစ် ဖြစ်တော်မူလာသောအခါ မိမိကိုယ်တော်တိုင် မဖောက်မပြန် အမှန်အတိုင်း သိသင့်သိအပ်သော တရားအားလုံးကို ထိုးထွင်းသိမြင်တော်မူသည့်နည်းတူ လူ နတ် ဗြဟ္မာတို့အားလည်း သိစေတော်မူသည်။

မိမိကိုယ်တော်တိုင် အိုနာသေဘေးကင်းရာ နိဗ္ဗာန်သို့ ဖြောင့်မတ်စွာ ကြွသွားတော်မူသည့်နည်းတူ သတ္တဝါတို့အားလည်း နောက်တော်က ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါကြစေရန် တိုက်တွန်းနှိုးဆော်တော်မူလေသည်။

မိမိကိုယ်တော်တိုင် လောကရေးရာဟူသမျှကို နက်ရှိုင်းစွာ တတ်သိနားလည်တော်မူသည့်နည်းတူ လောကအကြောင်းအရာများကိုလည်းကောင်း၊ ထိုလောကမှ ထွက်ရပ်ကိုလည်းကောင်း ပြသခဲ့လေသည်။

မြတ်စွာဘုရားသည် ဆုံးမထိုက်သူမှန်သမျှကို ခြွင်းချန်မထားဘဲ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူခဲ့လေသည်။ မဆုံးမထိုက်သူဖြစ်ဘိမူ မိမိအား ရန်ပြုသော ရန်သူပင်ဖြစ်စေ မဟာကရုဏာတော်သက်၍ သည်းခံတော်မူလေသည်။ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းအား လက်ရှိဘဝ ချမ်းသာစေရန်အတွက်လည်း ဆုံးမသည်။ နောင်ဘဝအဆက်ဆက် သုခတိုးပွားစေရန်အတွက်လည်း ဆုံးမသည်။ ထို့ထက် ဘဝသံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ရောက်စေရန် အတွက်လည်း မဇ္ဈိမပဋိပဒါအကျင့်မြတ်ကို ပေးတော်မူလေသည်။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဆင်းရဲဒုက္ခကြားမှ သတ္တဝါအများ လုံးဝ ကင်းလွတ်စေရန်အတွက် ဟောကြားတော်မူလေသည်။

ကိုယ်တော်မြတ်၏ ကျက်သရေရှိလှသောပုံတော်ကို အဖူးမြော်ခံခြင်းအားဖြင့် ကမ္ဘာလောကသားတို့အား ကုသိုလ်ရရှိကြစေရန် အကျိုးပြုတော်မူလေသည်။

WWW.DHAMMARANSI.COM



ဤသို့ဖြင့် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လူသုံးပါးတို့၏ ကိုးကွယ်ရာစင်စစ် ဖြစ်တော်မူပါပေသည်။

မြတ်စွာဘုရား၏ဂုဏ်တော်များမှာ အစိန္တေယျ အပ္ပမေယျ မကြံစည်အပ် မနှိုင်းယှဉ်အပ် မြင့်မြတ်လှပါပေသည်။ ဂုဏ်တော်ကိုးပါးဟုဆိုခြင်းမှာမူ အကျဉ်းသဘောသာလျှင် ဖြစ်ပေသတည်း။

## ဂုဏ်တော် ဆင်ခြင်ပွားများမှု

ဗုဒ္ဓဘာသာတို့သည် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးပါဠိအနက်အဓိပ္ပာယ်တို့ကို ရရှိအောင် ကျက်မှတ်လေ့လာကြပြီးလျှင် ၎င်းဂုဏ်တော်များကို ကာယကံမြောက်ရွက်ဆို၍ "ဘုရားရှိခိုး" ကြမြဲဖြစ်လေသည်။

ထို့ပြင် ဂုဏ်တော်များနှင့် ပတ်သက်၍ ကျင့်ကြံရမည့်နည်းလမ်းကို မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူခဲ့လေသည်။

"ချစ်သားတို့၊ သင်တို့ ချမ်းသာသုခ ရကြစေရန်အတွက်လည်းကောင်း၊ တိုးတက်ကြီးပွားစေရန်အတွက် လည်းကောင်း သင်တို့၏စိတ်၌ နေ့စဉ်မပြတ် ထပ်တလဲလဲ ဆင်ခြင်အောက်မေ့ ပွားများထိုက်သော တရားခြောက်မျိုးရှိလေသည်။ ဆင်ခြင်ပွားများရမည့် တရားခြောက်မျိုးတို့ကား-

၁။ ဘုရားဂုဏ်တော်  ၄။ မိမိ၏သီလဂုဏ်
၂။ တရားဂုဏ်တော်  ၅။ မိမိ၏စာဂဂုဏ်
၃။ သံဃာဂုဏ်တော်  ၆။ မိမိ၏ သဒ္ဓါစသောဂုဏ်တို့ပင် ဖြစ်ကြလေသည်။ ဤဘုရားဂုဏ်တော် စသည်တို့ကို သတိတရ ရှုဆပွားများသောအလုပ်သည် သင်ချစ်သားတို့၏ ချမ်းသာကြီးပွားကြောင်း

WWW.DHAMMARANSI.COM



အလုပ်ပင်ဖြစ်လေသည်။ **(အာဟုနေယျဝဂ်၊ အနုဿတိဋ္ဌာနသုတ်၊ အံ-၂၊ ၂၅၁)။**

ပွားများပုံပွားများနည်းကိုလည်း ဤသို့ဆက်လက်ဟောကြားတော်မူ၏။

မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ဗုဒ္ဓဘာသာတစ်ဦးသည် မြတ်စွာဘုရားသည် အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။ ဤကဲ့သို့ အဖန်ဖန် ဆင်ခြင် ပွားများရပေမည်။ **(အနုတ္တရိယဝဂ်၊ အနုဿတိဋ္ဌာနသုတ် အံ-၂၊ ၂၇၅)။**

မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ်တော်တို့ကို အဖန်ဖန်ဆင်ခြင်ပွားများခြင်းကို "အနုဿတိ" ဟုခေါ်သည်။ ဘုရားဂုဏ်တော်ကို ပွားများလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်လေသည်။

ကမ္မဋ္ဌာန်းဟူသည် (ကမ္မ+ဌာန)ဟူသော ပါဠိစကားအရ အလုပ်၏ တည်ရာဌာန၊ အလုပ်ခွင်ဟု အဓိပ္ပာယ်ရလေသည်။ အချုပ်နှစ်ရပ်မှာ မြတ်စွာဘုရားကိုယ်တော်တိုင်က ဂုဏ်တော်များကို ဆင်ခြင်ပွားများကြရန် တိုက်တွန်းထားသည်။ ဤသို့ဂုဏ်တော်ကို ဆင်ခြင်ပွားများမှုသည် ကမ္မဋ္ဌာန်းလုပ်ငန်းပင်ဖြစ်သည်။ ဘုရားဂုဏ်တော်ကို ဆင်ခြင်ပွားများလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို လက်တွေ့အားထုတ်ရာ ရောက်သည်။ ဤသို့ အကျဉ်းချုပ် မှတ်သားရန်ဖြစ်ပါသည်။

## စိတ်အခြေအနေ အဆင့်ဆင့် တိုးတက်လာခြင်း

ဂုဏ်တော်ကို ပွားများလျှင်-

(၁) စိတ်အခြေအနေ မည်သို့ ထူးခြားမှုရှိသနည်း။

WWW.DHAMMARANSI.COM



(၂) မည်သို့ အကျိုးရှိသနည်း။

ဤအချက်နှစ်ရပ်ကို သိသင့်လှပေသည်။

မည်သူမဆို–

(က) ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှု "သဒ္ဓါ"လည်း ရှိသည်။

(ခ) မိမိကိုယ်ကို မိမိ ခွင့်မလွှတ်နိုင်လောက်အောင်၊ ဝါ၊ သံသယ ကုက္ကုစ္စ[၁] နှောင်တကြီးစွာ အမြဲ ဖြစ်နေလောက်အောင် ကိုယ်ကျင့်တရား ပျက်စီးမှုလည်းမရှိ ၊ အခြေခံသီလ အထိုက် အလျောက် လုံခြုံသည်။

(ဂ) ဂုဏ်တော်ပါဠိအနက်ကို အလွတ်ရပြီး အဓိပ္ပာယ်ကိုလည်း သိရှိ နားလည်သည်။

ဤကဲ့သို့ အင်္ဂါသုံးပါးနှင့်ပြည့်စုံလျှင် ထိုသူသည် ဂုဏ်တော်တစ်ပါး စီကို အာရုံစိုက်၍ စွဲစွဲမြဲမြဲ ပွားများအပ်ပေသည်။ ယင်းသို့ပွားများသောအခါ အောက်ပါအတိုင်း စိတ်အခြေအနေ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာသည် ကို ကိုယ်တွေ့ခံစားရပါလိမ့်မည်။

(၁) ဂုဏ်တော်ကို ပွားများနေခိုက် ရာဂစိတ်၊ ဒေါသစိတ်၊ မောဟ စိတ်များ လုံးဝသန့်စင်နေ၍ မိမိ၏စိတ်အစဉ်သည် ဖြူးဖြူးဖြောင့်ဖြောင့် စီးဆင်း နေသော ရေအလျဉ်ပမာ ဖြောင့်မှန်စွာ ဖြစ်၍ဖြစ်၍ နေလိမ့်မည်။

---

၁။ ကုက္ကုစ္စ= မပြုထိုက်ပါဘဲလျက် ပြုမိသောမကောင်းမှု၊ ပြုနိုင်ပါလျက်နှင့် မပြုမိသော ကောင်းမှုတို့ကို အဖန်ဖန်သတိရပြီး စိတ်ပူပန်ဆင်းရဲမှု။

WWW.DHAMMARANSI.COM



(၂) ထိုအခါ ထိုင်းမှိုင်းမှု စိတ်မငြိမ်သက်မှု ယုံမှားသံသယဖြစ်မှုများ ကင်းလျက် အနည်ထိုင်ပြီး ငြိမ်နေသောရေကဲ့သို့ မိမိစိတ်သည် အထူး တည်ငြိမ်နေလိမ့်မည်။

(၃) ထို့နောက် မိမိ၏စိတ်သည် ဂုဏ်တော်များဘက်သို့ ပို၍ပို၍ ကိုင်းညွတ်လာပြီး ဂုဏ်တော်နှင့်မိမိစိတ်ကို အဆက်မပြတ် ထိတွေ့အာရုံရနေစေရန် ကြံစည်မှု သုံးသပ်မှု မပြတ်ပြုနေလိမ့်မည်။

(၄) ထိုသို့ ဂုဏ်တော်မြတ်၌ မိမိစိတ်ကလေး မပြတ်ရစ်ဝဲနေချိန် ကြာလာသောအခါ အလွန့်အလွန် ကျေနပ်နှစ်သိမ့်သည့်သဘော(ပီတိ) ပေါ်လာလိမ့်မည်။ ရိုးရိုးအချိန်မျိုး အခါမျိုး၌ မည်သည့်နည်းနှင့်မျှ ဖြစ်၍မလာနိုင်သော စိတ်အရသာထူး ပေါ်လာခြင်းဖြစ်သည်။

ပီတိပေါ်ခါစတွင် စက္ကန့်ပိုင်းမျှလောက်က စတတ်သည်။ တဖြည်းဖြည်း ပီတိရင့်လာသောအခါ တစ်ကိုယ်လုံးကို လွှမ်းခြုံ၍ အေးခနဲ အေးခနဲ ဖြစ်လာလိမ့်မည်။ စိတ်နှင့်တကွ လူတစ်ကိုယ်လုံးသည် ဖျတ်ဖျတ်လူး ပူအိုက်နေသော နွေအခါတွင် ကျောက်ရေတွင်းရေကို ချိုးရသည်ထက်မက အလွန့်အလွန် အေးမြချမ်းသာလိမ့်မည်။

အချို့သူများအဖို့မှာမူ ပီတိအဟုန် ကြီးမားလွန်း၍ လူတစ်ကိုယ်လုံး ကြွ၍ပင်တက်တတ်သည်။ ဤသို့ဖြစ်လာလျှင် ဂုဏ်တော်ကို အာရုံမလွတ်ပါစေနှင့်၊ စူးစိုက်စွဲမြဲထားပါ။

(၅) နောက်တစ်ဆင့်တွင် စိတ်ရောကိုယ်ပါ အေးငြိမ်းလာလိမ့်မည်။ သာမန်အချိန်တွင် အေးငြိမ်းပုံမျိုးနှင့်မတူဘဲ အထူးအေးငြိမ်းလာလိမ့်မည်။ ကိုယ်နှင့်စိတ်တွင် သဘာဝအားဖြင့်ရှိနေသော ပူပန်မှုဟူသမျှ အတော်ကြာအောင် အေးငြိမ်းသွားလိမ့်မည်။

WWW.DHAMMARANSI.COM



(၆) ထို့နောက် အေးငြိမ်းမှုထက် သာလွန်သော ချမ်းသာသုခ ဖြစ်ပေါ်လာလိမ့်မည်။ ကိုယ်လည်းချမ်းသာ၊ စိတ်လည်းချမ်းသာ၊ တကယ် ချမ်းသာ ဖြစ်ပေါ်လာလိမ့်မည်။

(၇) ဤသို့ ကိုယ်ရောစိတ်ပါ ချမ်းသာမှု လုံးဝပြည့်စုံလာသောအခါ စိတ်သည် ဂုဏ်တော်မြတ်၌ ကောင်းစွာတည်လာပေတော့သည်။ သမာဓိသည် အခေါင်အဖျားရောက်လာပေသည်။

ထိုအခါ၌ မိမိစိတ်ကလေးကို ဂုဏ်တော်၌ မပြတ်ရစ်ဝဲနေစေရန် အတွက် ကြံစည်သုံးသပ်မှုစွမ်းအား(ဝိတက်၊ ဝိစာရ)လည်း အလွန်ထင်ရှား နေသည်။ ပီတိနှင့်သုခလည်း ပြည့်ဝနေသည်။ စူးစိုက်တည်တံ့မှု(ဧကဂ္ဂတာ) သမာဓိလည်း အားကောင်းနေသည်။

ဤနောက်ဆုံးစိတ်အခြေအနေသည် ဈာန်အနီးသို့ ရောက်ရှိသွားလေ သည်။ သို့ဖြစ်၍ ဂုဏ်တော်ကို ပွားများရင်း စိတ်အခြေအနေအမှတ်(၇)သို့ ရောက်သွားသူကို ဥပစာရဈာန်စိတ်[၁]ကို ရသူဟူ၍ ဆိုရလေသည်။

(ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၅)

---

၁။ ဥပစာရ= အနီး(ပုံ-အိမ်၏ဥပစာ)

ဥပစာရ ဈာန်စိတ်= ဈာန်စိတ်အဆင့်နှင့် နီးကပ်သောအဆင့်သို့ ရောက်သောစိတ်။

မှတ်ချက်= ဘုရားဂုဏ်တော်တို့သည် နက်ရှိုင်းလွန်းကျယ်ပြန့်လွန်း၍ ၎င်း ဂုဏ်တော်ကို အာရုံယူပြီး ဈာန်မရနိုင်၊ ကသိုဏ်းရှုမှသာ ဈာန်ရသည်။

WWW.DHAMMARANSI.COM



## ဂုဏ်တော်အကျိုး

ဘုရားဂုဏ်တော်ကို စွဲစွဲမြဲမြဲ ဆင်ခြင်ပွားများသည်ရှိသော် အောက်ပါအကျိုးတရားများကို မုချမသွေ ရရှိနိုင်လေသည်။

၁။ မြတ်စွာဘုရားအပေါ် ကိုင်းညွတ်သောစိတ် အမြဲရှိလာခြင်း။

၂။ ယုံကြည်မှု လေးနက်လာခြင်း။

၃။ သတိပို၍ကောင်းလာခြင်း၊

၄။ ပညာဉာဏ် ထက်မြက်လာခြင်း၊

၅။ ကောင်းမှုတိုးပွားလာခြင်း၊

၆။ စိတ်ညစ်မှုကင်းပြီး နှစ်သက်ကြည်နူးစွာနေရခြင်း၊

၇။ ကြောက်ရွံ့ထိတ်လန့်ဖွယ် ကြုံရလျှင် မကြောက်မလန့် စိတ်တည်တံ့ခြင်း၊

၈။ မတော်တဆ ဆင်းရဲဒုက္ခတွေ့ရလျှင် သည်းခံနိုင်ရည်ရှိခြင်း၊

၉။ မြတ်စွာဘုရားနှင့် အတူနေရဘိသကဲ့သို့ စိတ်တွင်ထင်မှတ်လျက်ရှိခြင်း၊

၁၀။ ဗုဒ္ဓါနုဿတိ ဘာဝနာအစွမ်းကြောင့် မိမိကိုယ်သည် စေတီထိုက်၍ သူတစ်ပါးတို့၏ ပူဇော်မှုချီးမြှောက်မှုကို ကောင်းစွာခံယူနိုင်ခြင်း၊

၁၁။ မိမိစိတ်သည် သမ္မာသမ္ဗောဓိဉာဏ်[၁] ကိုင်းညွတ်လာခြင်း၊

၁၂။ မကောင်းမှုကိုကျူးလွန်ရန် ပက်ပင်းကြုံရသောအခါမျိုးတွင်

---

၁။ သမ္မာသမ္ဗောဓိဉာဏ်= မဖောက်မပြန် ကိုယ်တိုင်ထိုးထွင်းသိရှိသောဉာဏ်၊ ဝါ ဘုရားဉာဏ်တော်။

WWW.DHAMMARANSI.COM



မိမိကိုယ်ကို ကောင်းစွာ စောင့်စည်းထိန်းသိမ်းနိုင်ခြင်း၊

၁၃။ သေလျှင် အပါယ်လေးပါးမှကင်း၍ လူ့ပြည်နတ်ရပ် ကောင်းမြတ်သောသုဂတိဘုံ၊ သုဂတိဘဝကိုရရှိခြင်း၊ (ဝိသုဒ္ဓိမဂ်ပ-နှ၁-၂၀၆)

ပရိတ်ကြီးလာ ဓဇဂ်သုတ်ကိုထောက်ထားလျှင် ဂုဏ်တော်ပွားများသူသည် တိုက်ပွဲ၌ သတ္တိခိုင်မြဲလေသည်။ ကြောက်စိတ်ပေါ်လာလျှင်လည်း ပျောက်ကင်းသွားလေသည်။ နတ်စစ်သည်များသည် သိကြားမင်း၏ အောင်လံတံခွန်ကိုကြည့်လျှင် အားတက်ပြီး အကြောက်ပြေမည်ဟု သိကြားမင်းက အားပေးဖူးသည်။ မြတ်စွာဘုရားက သိကြားမင်း၏တံခွန်ဖျားကိုကြည့်လျှင် အကြောက်ပြေချင်လည်းပြေမည်၊ မပြေချင်လည်းမပြေဖြစ်မည်။ ရတနာသုံးပါး၏ဂုဏ်ကို အဖန်ဖန်ပွားများလျှင်မူကား ဧကန္တ ကြောက်စိတ်ကင်းလိမ့်မည်။ ဘေးကင်းလိမ့်မည်ဟု ဓဇဂ်သုတ်၌ ဟောကြားတော်မူခဲ့လေသည်။

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် မဟာနာမသုတ်(အံ-၂၊ ၂၇၅)၌လည်း ဤသို့ ဟောကြားညွှန်ပြတော်မူထားသေး၏။

"ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသူသည် မငြိမ်းချမ်းသော၊ မငြိမ်သက်သော ကမ္ဘာ့လူသားအပေါင်းတို့တွင် အငြိမ်းချမ်းဆုံး အငြိမ်သက်ဆုံး လူသားတစ်ယောက် ဖြစ်ပေလိမ့်မည်။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ဖြင့် ပြင်းစွာ ပင်ပန်းနေကြရရှာသော ကမ္ဘာ့လူသားအပေါင်းတို့တွင် ဆင်းရဲကင်းသောသူ ဖြစ်ပေလိမ့်မည်။ သူသည် တရားတည်းဟူသော အေးမြသည့်ရေအလျဉ်သို့ သက်ရောက်နေလိမ့်မည်"။

ဘုရားဂုဏ်တော်ကို ဆင်ခြင်ပွားများ၍ စိတ်ကိုဆောက်တည်သည့် အလေ့အကျင့်ရနေသူသည် ဝိပဿနာအလုပ်သို့ ကူးပြောင်းလျှင် လုစိမ်း

WWW.DHAMMARANSI.COM



တစ်ယောက်ထက်ပိုပြီး လွယ်ကူလှပေသည်။ ဤအနုဿတိကို ပွားများရင်းပင် ရရှိသောပီတိကိုပယ်ခွာ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးသို့ ကူးပြောင်းလိုက်ပါက ဝိပဿနာဖြစ်သွားလေသည်။ ရှေးအခါက ဂမိယတိဿ အမည်ရှိသော မထေရ်တစ်ပါးသည် ပဋ္ဌာန်းကျမ်းနှင့်စပ်လျဉ်း၍ ဘုရားဂုဏ်ကို အာရုံပြုပြီး ဖြစ်ပေါ်လာသောပီတိကိုပယ်ခွာ၍ ဝိပဿနာရှုခြင်းဖြင့် ရဟန္တာ ဖြစ်ခဲ့ဖူးလေသည်။

အမှန်စင်စစ် မြတ်စွာဘုရားသည် အစိန္တေယျ[၁] ဖြစ်သည့်နည်းတူ အစိန္တေယျမြတ်စွာဘုရား၌ ကိုးစားကြည်ညိုသူများရရှိနိုင်သည့် ကောင်းကျိုး သည်လည်း အစိန္တေယျပင်ဖြစ်ပေသတည်း။

## ဘုရားဂုဏ်တော် ပုတီးစိပ်နည်းများ

ဂုဏ်တော်ကို ပွားများကြရာတွင် မိမိလက်၌ အမှတ်အသားပြု၍လည်း ပွားများတတ်ကြပါသည်။ စိပ်ပုတီးဖြင့် မှတ်သား၍လည်း ပွားများတတ်ကြ ပါသည်။ စိပ်ပုတီးဖြင့်ပွားများပုံကို ဖော်ပြပါမည်။

အခန်း(၂)တွင် ပို၍အကျိုးရှိအောင် လုပ်ငန်းခွင်ချ၍အဓိဋ္ဌာန်ပြီး စနစ် တကျ မည်သို့မည်ပုံ ပုတီးစိပ်ရမည်ဟု နည်းနာနိဿယများကို အသေးစိတ် ဖော်ပြထားပါသည်။ ထိုအခန်းကိုလေ့လာပြီးနောက် ယခုပြဆိုထားသည့် ဘုရား ဂုဏ်တော်ကို လက်တွေ့ပုတီးစိပ်ကြရန်ပင်ဖြစ်ပါသည်။

### ပုတီးစိပ်ရာတွင်

(၁) ဂုဏ်တော်ကိုးပါးလုံးကိုလည်း ဆင်ခြင်ပွားများ၍ စိပ်နိုင်ပါသည်။

---

၁။ အစိန္တေယျ လူသာမာန်တို့၏စိတ်ဖြင့် ကြံစည်တွေးဆ၍ မရနိုင်မှု။

WWW.DHAMMARANSI.COM



(၂) မိမိကြိုက်နှစ်သက်ရာဂုဏ်တော်တစ်ပါးပါးကို ရွေးချယ်၍လည်း စိပ်နိုင်ပါသည်။

**ပုတီးစေ့ချရာတွင်**

(၁) ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံးကျစီ ပူဇော်၍လည်း ပုတီးစေ့ချကြပါသည်။

(၂) ဂုဏ်တော်ကိုးပါးလုံးဆုံးမှ ပုတီးတစ်စေ့ ချမှတ်၍လည်း စိပ်ကြပါသည်။

ဤတွင် သတိပြုရန်အချက်မှာ အရဟံသမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့်လည်းကောင်း၊ အရဟံ အရဟံ စသည်ဖြင့်လည်းကောင်း မစိပ်ရပါ။

သော ဘဂဝါ ဣတိပိ အရဟံ

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

စသည်ဖြင့် ဂုဏ်တော်တစ်ပါးစီ၌ အပြည့်အစုံ လေးလေးနက်နက် ပွားများရမည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၌ ညွှန်ပြထားပါသည်။ ဤအချက်ကို အထူးသတိပြုကြရပါမည်။ များသောအားဖြင့် အလွယ်လိုက်ပြီး ပေါ့ပေါ့စိပ်တတ်ကြသည်ကို တွေ့ရဖူးသဖြင့် သတိပေးရခြင်းဖြစ်ပါသည်။

ပုတီးစိပ်ပုံစိပ်နည်းလည်း အမျိုးမျိုးရှိပါသည်။ ၎င်းတို့အနက် အများနှင့် ဝင်ဆံ့ဆုံး နည်းအချို့ကို ဖော်ပြအပ်ပါသည်။

## (၁) ဂုဏ်တော်တစ်ထောင် ပုတီးစိပ်နည်း

ဂုဏ်တော်တစ်ထောင် ဆိုရာတွင် ဂုဏ်တော်တစ်ပါးတည်းကို တစ်ထောင်စိပ်ခြင်း၊ သို့မဟုတ် ဂုဏ်တော်ကိုးပါးလုံးကို တစ်ထောင်စိပ်ခြင်း နှစ်မျိုးလုံးဖြစ်နိုင်ပါသည်။ ဥပမာ–အရဟံဂုဏ်တော်တစ်ပါးတည်းကို တစ်ထောင်စိပ်နိုင်ပါသည်။

WWW.DHAMMARANSI.COM



ဂုဏ်တော်တစ်ထောင် ပုတီးစေ့ချမှတ်ပုံမှာ–

(က) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံး၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံး၊

ဤသို့စသည်ဖြင့် သော ဘဂဝါ ဣတိပိ ဘဂဝါအထိ စိပ်သွားပြီး၊ တစ်ဖန် သောဘဂဝါ ဣတိပိ အရဟံမှပြန်စ၍ စိပ်ပါ။ ဤသို့စိပ်သဖြင့် ၁၀၈– လုံး ပုတီးကုံး ၉–ပတ်ပြည့်လျှင် ဂုဏ်တော်တစ်ထောင်ခေါ်ရပါသည်။

သို့မဟုတ်–

(ခ) သော ဘဂဝါ ဣတိပိ အရဟံဂုဏ်တော်တစ်ပါးတည်း ပုတီး တစ်ပတ်ပြည့်အောင်စိပ်၊ နောက်–

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်ပတ်ကျစီစိပ်သွားပါကလည်း ဂုဏ်တော် ၉–ပါးပြည့်လျှင် ၉–ပတ်ပြည့်သဖြင့် ဂုဏ်တော်တစ်ထောင်ရပါသည်။

သို့မဟုတ်–

(ဂ) "သော ဘဂဝါ ဣတိပိ အရဟံ"မှ "သော ဘဂဝါ ဣတိပိ ဘဂဝါ" အထိ ဂုဏ်တော် ၉–ပါးဆုံးအောင် ပွားများပြီးမှ ပုတီးတစ်လုံးချပါ။

ဤသို့ ဂုဏ်တော်ကိုးပါးဆုံးမှ ပုတီးတစ်လုံးတစ်လုံးချ၍ စိပ်ခြင်းအားဖြင့် ၁၀၈–လုံး ပုတီးတစ်ပတ်ရလျှင် ဂုဏ်တော်တစ်ထောင်ဖြစ်ပါသည်။

အချုပ်မှာ ဂုဏ်တော်တစ်ပါးကို ပုတီးတစ်လုံးချလျှင် ၉–ပတ်၊ ဂုဏ်တော်ကိုးပါးကို ပုတီးတစ်လုံးချလျှင် တစ်ပတ်၊ ဂုဏ်တော်တစ်ထောင် ရပေသည်။

ဂုဏ်တော်ကိုးပါးလုံးမဟုတ်ဘဲ ဂုဏ်တော်တစ်ပါးတည်းကိုသာ စိပ်သူ

WWW.DHAMMARANSI.COM



အဖို့မှာမူ မိမိစိပ်သော ဂုဏ်တော်ကို ပွားများ၍ ပုတီး ၉-ပတ်ရလျှင် ဂုဏ်တော် တစ်ထောင်ပင်ဖြစ်ပါသည်။

မှတ်ချက်။ ။ ၁၀၈ ကို ၉-ဖြင့်မြှောက်လျှင် ၉၇၂ ဖြစ်သည်။ တစ်ထောင်ပြည့်ရန် ၂၈ လိုသည်။ သို့သော် တစ်ထောင်ဟုပင်ခေါ်သည်။ ၅၄၇ ဇာတ်မျှရှိသည်ကို ၅၅၀ နိပါတ်ဟုပင် ခေါ်သကဲ့သို့ပင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကျမ်းဂန်နည်းစနစ်တွင် အနည်းငယ် အပိုအလိုကို အပြည့်ဘက်သို့ ယူပါသည်။

အကယ်၍ တစ်ထောင်ပြည့်အောင်လုပ်မည်ဟု ပုတီးပတ်ကို ဖွဲ့ပြီး ဖြည့်မည်ဆိုလျှင်လည်း ဖြစ်နိုင်ပါသည်။ သို့သော် ဘုရားဂုဏ်တော်ကို ဆင်ခြင် ပွားများမှုထက် ပုတီးစေ့ အရေအတွက်ပြည့်ဖို့ကို ဦးစားပေးသကဲ့သို့ ဖြစ်သွားပြီး အာရုံပျံ့လွင့်သွားမည်ကို သတိပြုသင့်ပါသည်။

## ၂။ ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်း

"ကွန်ချာ"ဟူသောစကားလုံး၏ မူရင်းအနက်မှာ ငါးဖမ်းသောကွန်၌ ကွန်ကြိုးတပ်သော အလယ်ထိပ်စီးလက်ကိုင်စရာနေရာ ဖြစ်ပါသည်။ ထိုနေရာ သည် စု၍ ရှုပ်နေပါသည်။ ပတ်၍လည်နေပါသည်။ ထိုအဓိပ္ပာယ်များကို အခြေခံ၍ ဆင့်ပွားဖြစ်လာသော "ကွန်ချာ"၏အနက်မှာ ရှုပ်ထွေးစွာဖြာ၍ ထွက်နေသောအရာဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ကွန်ချာနည်းဟုဆိုလျှင် ရှုပ်ထွေးသောနည်း၊ ခက်ခဲသောနည်းဟု ဆိုနိုင်ပါသည်။

ထို့ပြင် ဂုဏ်တော်ကွန်ချာဟူသောစကား၏ အဓိပ္ပာယ်ကိုရှာသော် ဂုဏ်တော်များ တစ်ခုစီသီးသန့် မဟုတ်ဘဲ တစ်နည်းနည်းဖြင့် တစ်ခုနှင့် တစ်ခု ရောယှက် ရှုပ်ထွေး ဝေဖြာနေခြင်း ဟူသော အနက်ကို ရရှိပါသည်။

WWW.DHAMMARANSI.COM



ထို့ကြောင့်ပင် ဂုဏ်တော်များကို နည်းအမျိုးမျိုးဖြင့် စီစဉ် ပေါင်းစပ်ထားသော ဂုဏ်တော်ကွန်ချာနည်းများ တစ်မျိုးမကရှိနေခြင်း ဖြစ်ပါသည်။

ဂုဏ်တော်ကွန်ချာနည်းကို မြတ်စွာဘုရား ဟောကြားခဲ့သည်ကား မဟုတ်ပေ။ ကြည်ညိုသူပညာရှိများက ပို၍ စိတ်အာရုံစူးစိုက်မှု အားကောင်းအောင် စီစဉ်ခဲ့ကြခြင်း ဖြစ်ဟန်တူပေသည်။ အထူးသဖြင့် ပုတီးစိပ်ရန်အတွက် ကွန်ချာနည်းများသည် ပို၍အသုံးဝင်လေသည်။ အသုံးများသော ကွန်ချာနည်းများကို အောက်တွင်ဖော်ပြလိုက်ပါသည်။

## (က) အနုလုံ ပဋိလုံနည်း

အနုလုံ(အနုလောမ)ဟူသည် အလျော်၊ ပဋိလုံ(ပဋိလောမ)ဟူသည် ပြောင်းပြန်ဟု အဓိပ္ပာယ်ရပါသည်။ သို့ဖြစ်၍ ဂုဏ်တော်ကိုးပါးကို ဘဂဝါမှ အရဟံသို့ ပြောင်းပြန်တက်လာခြင်းကို ပဋိလုံဟုခေါ်ပါသည်။

ပုတီးစိပ်ရာတွင် အနုလုံ၌–

သော ဘဂဝါ ဣတိပိ အရဟံ

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

သော ဘဂဝါ ဣတိပိ သုဂတော

သော ဘဂဝါ ဣတိပိ လောကဝိဒူ

သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ

သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ

သော ဘဂဝါ ဣတိပိ ဘဂဝါဟူ၍ ဆိုရမည်၊

WWW.DHAMMARANSI.COM



ပဋ္ဌာန်းလုံ၌–

သော ဘဂဝါ ဣတိပိ ဘဂဝါ

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ

သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ

သော ဘဂဝါ ဣတိပိ လောကဝိဒူ

သော ဘဂဝါ ဣတိပိ သုဂတော

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

သော ဘဂဝါ ဣတိပိ အရဟံဟူ၍ ဆိုရပါမည်။

ပဋ္ဌာန်းလုံအတွက် အတိုကောက်ကျက်မှတ်ရန်မှာ–

ဘ၊ ဗု၊ သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ ဖြစ်ပါသည်။

ပုတီးကိုကိုင်၍စိပ်လျှင် အနုလုံပဋ္ဌာန်းလုံ အသွားအပြန်ခေါက်စုံ(၁၂) ခေါက်ရလျှင် ၁၀၈–လုံး ပုတီးတစ်ပတ်ရပါသည်။ ပုတီးခေါင်း၌ သောဘဂဝါ ဣတိပိ အရဟံဖြင့်ပင် ပြန်ပိတ်ပါသည်။ အရဟံ အစ၊ အရဟံ အဆုံးဖြစ်ပါသည်။ အကယ်၍ သမာဓိလွတ်ပြီး ပုတီးစေ့ကျော်သွားလျှင် အရဟံမှာ လာပြီးမပိတ်တော့ပါ။ အကယ်၍အမိဋ္ဌာန်စိပ်လျှင် ယင်းကဲ့သို့အစဉ်ပျက်သော ပုတီးပတ်ကို ပယ်လိုက်ရပါသည်။ အသစ်ပြန်စိပ်ရပါသည်။

**ပုံစံ**

အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ

ဘ၊ ဗု၊ သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ၊ (စသည်)။

ဤအနုလုံ ပဋ္ဌာန်းလုံကွန်ချာနည်းသည် စိတ်ကိုပို၍ထက်အောင် သွေးပြီး သမာဓိအားမွေးရာ၌ အသုံးဝင်ပါသည်။ စိတ်ဓာတ်နုံ့သူ၊ စိတ်ပျံ့လွင့်တတ်သူ များအတွက် လေ့ကျင့်ခန်းကောင်းတစ်ရပ် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM



## (ခ) သီဟဂတိကနည်း

"သီဟ"ဟူသည် ခြင်္သေ့တည်း၊ "ဂတိက"ဟူသည် အလားတူဖြစ်မှုတည်း။ ထို့ကြောင့် "သီဟဂတိက" ဟူသည် ခြင်္သေ့ကဲ့သို့ အလားတူဖြစ်မှုတည်း။ ကေသရာဇာခြင်္သေ့မင်းတို့မည်သည် ရှေ့သို့သွားပြီး နောက်သို့ ကြို့က်သလို ခုန်နိုင်ပေသည်။ ထိုနည်းတူ ပုတီးစိပ်ရာတွင်လည်း ဂုဏ်တော်တစ်ပါးစီ တစ်ပါးစီ ရှေ့သို့ တိုး၍ တိုး၍သွားပြီး တစ်ဂုဏ်တော်တိုးတိုင်း တိုးတိုင်း အစသို့ တစ်ခေါက် တစ်ခေါက် ပြန်ဆင်း၍ စိပ်နည်းကို သီဟဂတိကနည်းဟု အမည်ပေးလိုက်ပါသည်။

သီဟဂတိကနည်းစိပ်ပုံကို အောက်တွင်ဖော်ပြအပ်ပါသည်-

(၁) သော ဘဂဝါ ဣတိပိ အရဟံ

(၂) သော ဘဂဝါ ဣတိပိ အရဟံ သော ဘဂဝါ
ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သော ဘဂဝါ
ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သော ဘဂဝါ
ဣတိပိ အရဟံ၊

(၃) အ၊ သံ၊ ဝိ၊
ဝိ၊ သံ၊ အ၊

(၄) အ၊ သံ၊ ဝိ၊ သု၊
သု၊ ဝိ၊ သံ၊ အ၊

(၅) အ၊ သံ၊ ဝိ၊ သု၊ လော၊
လော၊ သု၊ ဝိ၊ သံ၊ အ၊

(၆) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ

WWW.DHAMMARANSI.COM

အ၊ လော၊ သု၊ ဝိ၊ သံ၊ အ

(၇) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ

သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ

(၈) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု

ဗု၊ သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ

(၉) အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ

ဘ၊ ဗု၊ သ၊ အ၊ လော၊ သု၊ ဝိ၊ သံ၊ အ

(စာအုပ်၌ နေရာနည်းစေရန် အတိုကောက်ရေးလိုက်ရပါသည်။ လက်တွေ့ပုတီးစိပ်ရာ၌မူ ဂုဏ်တော်တိုင်း၌ "သော ဘဂဝါ ဣတိပိ" ထည့်သွင်းပြီး ပြည့်ပြည့်စုံစုံစိပ်ကြရန်ဖြစ်ပါသည်။)

ဤနည်းသည် အနုလုံ ပဋိလုံနည်း၏ နည်းပွားတစ်ခုဖြစ်ပါသည်။ အနုလုံပဋိလုံနည်း အလေ့အကျင့်ရပြီးမှ ဤနည်းကိုစိပ်လျှင် ပိုလွယ်ပါသည်။ ဘုရားကိုကြည်ညိုသော သဒ္ဓါစိတ် ထက်ထက်သန်သန်ဖြင့် သမာဓိရရ ပွားများစိပ်ပါလျှင် အလွန်ကောင်းသော နည်းတစ်ခုဖြစ်ပါသည်။

## (ဂ) မူလမူလီနည်း

ဤနည်းသည် ပဋ္ဌာန်း၂၄-ပစ္စည်းကို မူလမူလီစနစ်ဖြင့် ဟောကြားချက်ကို အခြေပြုထားပါသည်။ မူလကို အတိုကောက် 'မူ'ဟုလည်း သုံးနှုန်းပါသည်။ ဂုဏ်တော်၉-ပါးရှိသည့်အနက် ဂုဏ်တော်တစ်ပါးကို 'မူလ'ထားလျှင် ကျန်ရှစ်ပါးကို 'မူလီ'ဟု သတ်မှတ်ပါသည်။ ဂုဏ်တော်တစ်ပါးစီကို 'မူလ' ထားလျှင် မူလ၉-ပါး၊ တစ်မူလတွင် မူလီရှစ်ပါးစီရ၍ မူလီခုနစ်ဆယ့်နှစ် (၉ x ၈ = ၇၂) ဖြစ်ပါသည်။ မူလ ၉-ပါးနှင့် ပေါင်းလျှင် ရှစ်ဆယ့်တစ်

WWW.DHAMMARANSI.COM



(၉ + ၇၂ = ၈၁) ဖြစ်ပါသည်။ မှုလီသွတ်သောအခါ မှုလထားသော ဂုဏ်တော်ကိုကျော်ပြီး ချန်ခဲ့ရပါသည်။

ဥပမာ– အရဟံကို မှုလထားလျှင် ကျန်ဂုဏ်တော်ရှစ်ပါးမှုလီ။ သမ္မာသမ္ဗုဒ္ဓေါကို မှုလထားလျှင် ကျန်ဂုဏ်တော်ရှစ်ပါးမှုလီ၊ သမ္မာသမ္ဗုဒ္ဓေါကို မှုလထားသောအခါ အရဟံပြီးလျှင် ဝိဇ္ဇာစရဏသမ္ပန္နောသို့ ကူးရပါသည်။ အတိုကောက်စကားလုံးဖြင့် နမူနာပြပါမည်။

**အရဟံမှု။** ။ သော ဘဂဝါ ဣတိပိ အရဟံ–သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ၊

**သမ္မာသမ္ဗုဒ္ဓေါမှု။** ။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ–အ၊ –၊ ဝိ၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ၊

**ဝိဇ္ဇာစရဏသမ္ပန္နော။** ။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော– အ၊ သ၊ –၊ သု၊ လော၊ အ၊ သ၊ ဗု၊ ဘ၊

**သုဂတောမှု။** ။ သော ဘဂဝါ ဣတိပိ သုဂတော–အ၊ သံ၊ ဝိ၊ –၊ လော၊ အ၊ သ၊ ဗု၊ ဘ၊

**လောကဝိဒူမှု။** ။ သော ဘဂဝါ ဣတိပိ လောကဝိဒူ–အ၊ သံ၊ ဝိ၊ သု၊ –၊ အ၊ သ၊ ဗု၊ ဘ၊

**အနုတ္တရောပုရိသဒမ္မသာရထိမှု။** ။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ–အ၊ သံ၊ ဝိ၊ သု၊ လော၊ –၊ သ၊ ဗု၊ ဘ၊

**သတ္ထာဒေဝမနုဿာနံမှု။** ။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ– အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ –၊ ဗု၊ ဘ၊

**ဗုဒ္ဓေါမှု။** ။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ–အ၊ သံ၊ ဝိ၊ သု၊ လော၊ အ၊ သ၊ –၊ ဘ၊

WWW.DHAMMARANSI.COM



ဘဂဝါမူ။ ။ သော ဘဂဝါ ဣတိပိ ဘဂဝါ–အ၊ သံ၊ ဝိ၊ သု၊ လော၊
အ၊ သ၊ ဗု။

၉–မူပြည့်လျှင် ပုတီးလုံး(၈၁)လုံးချပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ၉–မူပြည့် ၄–ကြိမ်ရအောင်စိပ်လျှင်(၈၁ x ၄= ၃၂၄)ပုတီးစေ့ သုံးရာနှစ်ဆယ့်လေးလုံး ချပြီးဖြစ်ပါသည်။ ၎င်းသည် (၁၀၈ x ၃= ၃၂၄)အရ ပုတီးသုံးပတ်ပြည့်နှင့် အံကိုက်ဖြစ်သွားပါသည်။

ဆိုလိုသည်မှာ မူလမူလီ ပုတီးစိပ်နည်းဖြင့်စိပ်လျှင် ပုတီးသုံးပတ် (တြိပတ်)ပြည့်မှ ဂုဏ်တော်ကိုးပါးမူ ၉–ပါး၊ လေးကျော့ရပြီးဖြစ်လေသည်။ ပုတီးသုံးပတ်(တြိပတ်)ပြည့်လျှင် ပထမဦး အရဟံဖြင့်စထွက်ပြီး တတိယပတ် အဆုံး၌ ဗုဒ္ဓေါဖြင့်ပြန်ပိတ်ပါသည်။ ပုတီးသုံးပတ်မပြည့်မီကြားထဲ၌ တစ်လုံးလုံး မှားသွားခဲ့သော် သုံးပတ်ပြည့်သောအခါ ဗုဒ္ဓါဖြင့်ပြန်ပိတ်တော့မည်မဟုတ်ပါ။ မပိတ်လျှင် မူလမူလီနည်းပျက်သွားပါသည်။ အသစ်ပြန်စိပ်ရန်ဖြစ်ပါသည်။

ဤမူလမူလီကွန်ချာနည်းသည် အနုလုံ ပဋိလုံကွန်ချာနည်းထက် ပို၍ ခက်ခဲလာပါသည်။ ပို၍ စိတ်စူးစိုက်မှုသမာဓိစွမ်းအားကို တောင်းဆိုလာပါ သည်။ အမှားအယွင်းမရှိ၊ အချိန်ဒွန်သည့်အတိုင်း အောင်မြင်အောင်စိပ်နိုင်မှု ကား အားတက်စရာကြီးဖြစ်ပါလိမ့်မည်။

ပုတီးပတ်ဖြင့် သတ်မှတ်ခဲ့လျှင် တြိပတ် ပျက်သွားပါက နောက် တြိပတ်ကို အသစ်ပြန်စိပ်ပါ။ ဘယ်နှကြိမ်ပျက်သလဲ၊ တစ်နေ့ထက်တစ်နေ့ ပျက်ကြိမ်နည်းလာသလား၊ တြိပတ်မပျက်ဘဲ တန်းခနဲ ရနေပြီလား၊ ဤအချက် များကိုစဉ်းစားပြီး မိမိစိတ်ကို စွမ်းအားပို၍ထက်မြက်လာအောင် ကြိုးစားသွား ရန်ဖြစ်ပါသည်။ တြိပတ်ရလျှင် ဆပတ်၊ နဝပတ် ဆက်၍စိပ်သွားကြရန် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM



(ဤမူလမူလီကွန်ချာနည်းကို ဤစာရေးသူအနေဖြင့် ပဌာန်းနည်းကို မှီးပြီး မိမိစေတနာဖြင့် တီထွင်တင်ပြခြင်းဖြစ်ပါသည်။ ပုတီးသမားများအနေဖြင့် ဤနည်းကို နားလည်သဘောပေါက်အောင် လေ့လာပြီး လက်တွေ့ကျင့်သုံးကြပါလျှင် ကြီးမြတ်သောအကျိုးထူးကို မုချရရှိကြမည် ဖြစ်ပါသည်။)

## (ဃ) ဝဇီရပါကာရနည်း

နောက်ကွန်ချာနည်းတစ်မျိုးမှာ ဝဇီရပါကာရနည်း ဖြစ်ပါသည်။ ဤနည်းသည် ဂုဏ်တော်ကိုးပါးသက်သက်မဟုတ်တော့ဘဲ ချဲ့ထွင်မှုများဖြင့် ဝေဆာလာပါသည်။ ၎င်းနည်း၏ ပါဠိအနက်ကို ဖော်ပြလိုက်ပါသည်။

၁။ သော ဘဂဝါ ဣတိပိအရဟံ
အရဟံ ဝတ သောဘဂဝါ
အရဟန္တံ သရဏံ ဂစ္ဆာမိ
အရဟန္တံ သိရသာ နမာမိ
ပဌမော ဝဇီရပါကာရော
သောဘဂဝါ ဣတိပိအရဟံ

၂။ သော ဘဂဝါဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သမ္မာသမ္ဗုဒ္ဓံ သိရသာနမာမိ
ဒုတိယယော ဝဇီရပါကာရော
သော ဘဂဝါဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

WWW.DHAMMARANSI.COM



ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သောဘဂဝါ
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ
တတိယော ဝဇိရပါကာရော
သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော

၄။ သောဘဂဝါ ဣတိပိ သုဂတော
သုဂတော ဝတ သောဘဂဝါ
သုဂတံ သရဏံ ဂစ္ဆာမိ
သုဂတံ သိရသာ နမာမိ
စတုတ္ထော ဝဇိရပါကာရော
သောဘဂဝါ ဣတိပိ သုဂတော

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ
လောကဝိဒူ ဝတ သောဘဂဝါ
လောကဝိဒုံ သရဏံ ဂစ္ဆာမိ
လောကဝိဒုံ သိရသာ နမာမိ
ပဉ္စမော ဝဇိရပါကာရော
သောဘဂဝါ ဣတိပိ လောကဝိဒူ

၆။ သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ
အနုတ္တရောပုရိသ ဒမ္မသာရထိ ဝတ သောဘဂဝါ
အနုတ္တရောပုရိသ ဒမ္မသာရထိံ သရဏံဂစ္ဆာမိ
အနုတ္တရောပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ
ဆဋ္ဌမော ဝဇိရပါကာရော

WWW.DHAMMARANSI.COM



သော ဘဂဝါ ကွတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ

၇။ သော ဘဂဝါကွတိပိ သတ္ထာဒေဝမနုဿာနံ

သတ္ထာဒေဝမနုဿာနံ ဝတ သော ဘဂဝါ

သတ္ထာရံဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ

သတ္ထာရံဒေဝ မနုဿာနံ သိရသာ နမာမိ

သတ္တမော ဝဇိရပါကာရော

သော ဘဂဝါ ကွတိပိ သတ္ထာဒေဝမနုဿာနံ

၈။ သော ဘဂဝါ ကွတိပိ ဗုဒ္ဓေါ

ဗုဒ္ဓေါ ဝတ သော ဘဂဝါ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဗုဒ္ဓံ သိရသာ နမာမိ

အဋ္ဌမော ဝဇိရပါကာရော

သော ဘဂဝါ ကွတိပိ ဗုဒ္ဓေါ

၉။ သော ဘဂဝါ ကွတိပိ ဘဂဝါ

ဘဂဝါ ဝတ သောဘဂဝါ

ဘဂဝန္တံ သရဏံ ဂစ္ဆာမိ

ဘဂဝန္တံ သိရသာ နမာမိ

နဝမော ဝဇိရပါကာရော

သောဘဂဝါ ကွတိပိ ဘဂဝါ -။ ။

**နိဿယအနက်**

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ကွတိပိ၊ အသို့ ပူဇော် အထူးကို ခံယူတော်မူထိုက်သောအကြောင်းကြောင့်လည်း၊ အရဟံ၊ "အရဟာ" မည်တော်မူပါပေ၏။

WWW.DHAMMARANSI.COM



သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟံ ဝတ၊ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေစွတကား။

အရဟန္တံ၊ အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

အရဟန္တံ၊ အရဟံဂုဏ်တော်ရှင် မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ၊ ဦးညွတ်ဝပ်လျှိုး ရှိခိုးပါ၏။

ပဌမော၊ ရှေးဦးစွာသော။ ဝဇိရပါကာရော၊ စိန်တံတိုင်းကြီးသဖွယ် ဖြစ်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ "အရဟ" မည်တော်မူပါပေ၏။

၂။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့မဖောက် မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဥဿုံ အလုံးစုံသော သင်္ခတ[၁] အသင်္ခတ[၂]တရားတို့ကို သိတော်မူသောအကြောင်း ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ မဖောက် မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဥဿုံ

---

၁။ သင်္ခတတရား= ကံ၊ စိတ်၊ ဥတု အာဟာရဟူသောအကြောင်းတရားလေးပါး တို့၏ ပြုပြင်မှုကိုခံရသောတရား၊ နိဗ္ဗာန်မှတစ်ပါး ကျန်သမျှတရားအားလုံး ပေတည်း။

၂။ အသင်္ခတတရား= ထိုအကြောင်းတရားတို့၏ ပြုပြင်မှုကင်းသော တရား၊ နိဗ္ဗာန်တည်း။

WWW.DHAMMARANSI.COM



အလုံးစုံသော သင်္ခတ၊ အသင်္ခတ တရားတို့ကို သိတော်မူပေစွတကား။

သမ္မာသမ္ဗုဒ္ဓံ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သမ္မာသမ္ဗုဒ္ဓံ၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ရှင်မြတ်ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

ဒုတိယော၊ နှစ်ခုမြောက်ဖြစ်သော။ ဝဇိရပါကာရော၊ စိန်တံတိုင်းကြီးသဖွယ်ဖြစ်တော်မူသော၊ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ အသို့ မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဥဿုံ အလုံးစုံသော သင်္ခတ၊ အသင်္ခတ တရားတို့ကို သိတော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။

၃။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော ဝတ၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပေစွတကား။

ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ရှင် မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

တတိယော၊ သုံးခုမြောက်ဖြစ်သော။ ဝဇိရပါကာရော၊ စိန်တံတိုင်း

WWW.DHAMMARANSI.COM



ကြီးသဖွယ်ဖြစ်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတရားတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

၄။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကောင်းသောစကားကိုသာ မိန့်ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော ဝတ၊ ကောင်းသောစကားကိုသာ မိန့်ဆိုတော် မူတတ်ပါပေစွတကား။

သုဂတံ၊ သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သုဂတံ၊ သုဂတဂုဏ်တော်ရှင် မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

စတုဒ္ဒေသာ၊ လေးခုမြောက်ဖြစ်သော။ ဝဇိရပါကာရော၊ စိန်တံတိုင်းကြီးသဖွယ်ဖြစ်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ကောင်းသောစကားကိုသာ ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

၅။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လောကသုံးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကဝိဒူ ဝတ၊ လောကသုံးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေစွတကား။

WWW.DHAMMARANSI.COM



လောကဝိဒုံ၊ လောကဝိဒူဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

လောကဝိဒုံ၊ လောကဝိဒူ ဂုဏ်တော်ရှင်မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

ပဥ္စမော၊ ငါးခုမြောက်ဖြစ်သော၊ ဝဇိရပါကာရော၊ စိတ်တံတိုင်းကြီးသဖွယ်ဖြစ်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လောကသုံးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်ပါပေ၏။

၆။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ မယဉ်ကျေးသေးသည်ဖြစ်၍ ဆုံးမခြင်းငှာထိုက်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ၊ မယဉ်ကျေးသေးသည်ဖြစ်၍ ဆုံးမခြင်းငှာထိုက်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူတတ်ပါပေစွတကား။

အနုတ္တရံ ပုရိသ ဒမ္မသာရထိံ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

အနုတ္တရံပုရိသ ဒမ္မသာရထိံ၊ အနုရော ပုရိသဒမ္မသာရထိဂုဏ်တော်ရှင် မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

WWW.DHAMMARANSI.COM



ဆဋ္ဌမော၊ ခြောက်ခုမြောက်ဖြစ်သော။ ဝဓိရပါကာရော၊ စိန်တံတိုင်းကြီးသဖွယ် ဖြစ်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ မယဉ်ကျေးသေးသည်ဖြစ်၍ ဆုံးမခြင်းငှာထိုက်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။

၇။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လူနတ်ဗြဟ္မာတို့၏ ဆရာတစ်ဆူဖြစ်တော်မူသောအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာဒေဝမနုဿာနံ ဝတ၊ လူနတ်ဗြဟ္မာတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူပေစွတကား။

သတ္ထာရံဒေဝမနုဿာနံ၊ သတ္ထာဒေဝ မနုဿာနဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သတ္ထာရံ ဒေဝမနုဿာနံ၊ သတ္ထာဒေဝ မနုဿာနဂုဏ်တော်ရှင် မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

သတ္တမော၊ ခုနစ်ခုမြောက်သော။ ဝဓိရပါကာရော၊ စိန်တံတိုင်းကြီးသဖွယ် ဖြစ်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လူနတ်ဗြဟ္မာတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသောအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏။

WWW.DHAMMARANSI.COM



၈။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူတတ်၊ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပါပေ၏။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါဝတ၊ သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်လည်း ထိုးထွင်းသိတော်မူတတ်၊ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်ပါပေစွတကား။

ဗုဒ္ဓံ၊ ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဗုဒ္ဓံ၊ ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဗုဒ္ဓံ၊ ဗုဒ္ဓဂုဏ်တော်ရှင်မြတ်ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

အဋ္ဌမော၊ ရှစ်ခုမြောက် ဖြစ်သော။ ဝဇိရပါကာရော၊ စိန်တံတိုင်းကြီးသဖွယ်ဖြစ်သော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူတတ်၊ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်သောအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပါပေ၏။

၉။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူပါပေ၏။

WWW.DHAMMARANSI.COM



သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ ဝတ၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေစွတကား။

ဘဂဝန္တံ၊ ဘဂဝါဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဘဂဝန္တံ၊ ဘဂဝါဂုဏ်တော်ရှင်မြတ်ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

နဝမော၊ ကိုးခုမြောက်ဖြစ်သော။ ဝဇိရပါကာရော၊ စိန်တံတိုင်းကြီး သဖွယ်ဖြစ်တော်မူသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။

ဤဂုဏ်တော်ကွန်ချာနည်းအရ ပုတီးစိပ်လိုလျှင် ဂုဏ်တော်တစ်ပါးကို ပုတီးတစ်လုံးချမှတ်၍ ပွားများနိုင်ပါသည်။ ပုတီးမကိုင်ဘဲ အလွတ်လည်း ရွတ်ဆိုပွားများနိုင်ပါသည်။ အကျိုးကျေးဇူးမှာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဆိုင် ရာအကျိုးများကို ရနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် အန္တရာယ်ကင်းစေရန် အကျိုးပေးပါလိမ့်မည်။ ယုံကြည်မှု စူးစိုက်မှုကိုသာ ထက်မြက်အောင် လုံ့လ စိုက်ကြပါကုန်။

---

မှတ်ချက်။ ။အစဦးဖြစ်သော ဣတိပိသောဘဂဝါ၌ 'ဘဂဝါ'သည် ဘုရား ဟူသော အနက်သာမန်ကို ဖော်ပြသည်။ အဆုံးဖြစ်သော ဘဂဝါ၌ 'ဘဂဝါ' သည် ဘုန်းတော်ခြောက်ပါးဟူသော ဂုဏ်တော် အနက်ထူးကို ဖော်ပြသည်။ ဤသို့ ဘဂဝါနှစ်ခု ထူးခြားလေသည်။

WWW.DHAMMARANSI.COM



အခန်း(၂)တွင် ညွှန်ခဲ့ပြီး ဖြစ်သည့်အတိုင်း ဂုဏ်တော်ပွားများရာတွင် အဓိဋ္ဌာန်ဖြင့် အားထုတ်သည်က ပို၍ ထက်မြက် စူးရှပါသည်။ အဓိဋ္ဌာန်ရာတွင် တစ်ထိုင်ကို အဓိဋ္ဌာန်ခြင်း၊ ပုတီးပတ်ကို အဓိဋ္ဌာန်ခြင်းမှစ၍ ၉–ရက်၊ ၁၈–ရက်၊ ၃၆–ရက် စသည်ဖြင့် အဓိဋ္ဌာန်ခြင်း၊ သို့မဟုတ်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကိုရည်စူး၍ ပုတီးစေ့(ဝါ) ပုတီးပတ်ရှစ်သောင်းလေးထောင် အဓိဋ္ဌာန်ခြင်း စသည်ဖြင့် အားမာန်ရှိသလောက် ကြိုက်သလိုအဓိဋ္ဌာန်နိုင်ကြပါသည်။ အဓိဋ္ဌာန်ပြီးအလုပ်လုပ်ခြင်းသည် မိမိကိုယ်ကိုမိမိ ပြန်ချည်ထားခြင်းဖြစ်၍ အလုပ်ဖြစ်ပါသည်။

ထို့ပြင် သိဒ္ဓိကို ဦးတည်သူများအတွက်လည်း ကမ္ဘာဖြင့် စိပ်နိုင်ကြပါသည်။ ဥပမာ–

(၁) တစ်နေ့ အရေပ်ာ ၉ ပတ် ၉ ရက်။ ထို့နောက်

(၂) တစ်နေ့ အရေပ်ာ ၁၈ ပတ် ၂၇ ရက်။ ထို့နောက်

(၃) တစ်နေ့ အရေပ်ာ ၂၇ ပတ် ၃၆ ရက်။ ထို့နောက်

(၄) တစ်နေ့ အရေပ်ာ ၃၆ ပတ် ၅၄ ရက်။ ထို့နောက်

(၅) တစ်နေ့ အရေပ်ာ ၅၄ ပတ် ၁၀၈ ရက်။ ထို့နောက်

၎င်း ၁၀၈–ရက်ပြည့်မှ တစ်ကမ္ဘာရသည်ဟု သတ်မှတ်သည်။ ၎င်းကဲ့သို့ ကမ္ဘာပေါင်း ၃–ကမ္ဘာပြည့်လျှင် ပိယသိဒ္ဓိအောင်ပြီ။ ၅–ကမ္ဘာပြည့်လျှင် ဓနသိဒ္ဓိအောင်ပြီ စသည်ဖြင့် ညွှန်ကြားကြ၏။

ဤတွင် ယခုခေတ်၌ ပုတီးစိပ်ခြင်းနှင့်တွဲဖက်၍ သိရှိနေကြသည့် သိဒ္ဓိအကြောင်းကို အနည်းငယ် ဖော်ပြအပ်ပါသည်။

WWW.DHAMMARANSI.COM



## သိဒ္ဓိအကြောင်း

ဘုရားအလောင်းတော်၏ ငယ်နာမည်သည် "သိဒ္ဓတ္ထ"ဖြစ်ပါသည်။ သိဒ္ဓတ္ထကို သိဒ္ဓ+အတ္ထဟု ပုဒ်ခွဲရပါသည်။ သိဒ္ဓ= ပြည့်စုံမှု၊ အတ္ထ= အကျိုးစီးပွားဖြစ်၍ သိဒ္ဓတ္ထဟူသည် ပြည့်စုံခြင်းအကျိုးရှိသောမင်းသားဟု အဓိပ္ပာယ်ရလေသည်။ သိဒ္ဓနှင့် သိဒ္ဓိ သဒ္ဒါလိင်သာထူးသည်။ အနက်တူပေသည်။ ထို့ကြောင့် သိဒ္ဓိဟူသည် ပြည့်စုံခြင်းပင်ဖြစ်လေသည်။

ထို့ပြင် "ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ–ဆန္ဒရှိလျှင် အဘယ်အရာ မပြည့်စုံဘဲ ရှိအံ့နည်း" ဟူသောစကား၌ 'သိဇ္ဈတိ' ဟူသည် သိဒ္ဓိ၏ ကြိယာပုဒ်ပင်ဖြစ်ပါသည်။

သိဇ္ဈတိတိ သိဒ္ဓိ (ပြည့်စုံတတ်သောသဘော)

သိဇ္ဈတိဧတာယာတိသိဒ္ဓိ(ပြည့်စုံကြောင်းသဘော)

သိဇ္ဈနံသိဒ္ဓိ(ပြည့်စုံခြင်း)ဟု ဝိဂြိုဟ်ကျင်းရပါသည်။

ဤ "သိဒ္ဓိ"နှင့်ပတ်သက်၍ လောကီလမ်း၊ အဘိညာဉ်လမ်းရှိသမျှ သိဒ္ဓိမျိုးဆယ်ပါးရှိလေသည်။ ၎င်းတို့မှာ–

၁။ အာရောဂျသိဒ္ဓိ= အနာရောဂါကင်းမှုပြည့်စုံခြင်း။

၂။ အာယုသိဒ္ဓိ= အသက်ရှည်၍ အရွယ်နုပျိုမှုပြည့်စုံခြင်း။

၃။ ပိယသိဒ္ဓိ= ချစ်သူခင်သူပေါများမှု ပြည့်စုံခြင်း။

၄။ ဓနသိဒ္ဓိ= ရွှေငွေရတနာ လိုရာပြည့်စုံခြင်း။

၅။ ကာယသိဒ္ဓိ= မိမိကိုယ်အား လက်နက်ဘေးဒဏ် မသင့်ရောက်နိုင်မှု ပြည့်စုံခြင်း။

၆။ စိန္တာမယသိဒ္ဓိ=စိတ်က ကြံစည်တောင့်တရာကို ဖြစ်စေမှု ပြည့်စုံခြင်း။

WWW.DHAMMARANSI.COM



၇။ ဥဒကသိဒ္ဓိ= ရေ၌ကျင်လည်စွာ သွားရောက်နေထိုင်မှု ပြည့်စုံခြင်း။

၈။ ပထဝီသိဒ္ဓိ= မြေလျှိုးခြင်း၊ မြေကြောရှုနိုင်ခြင်း အစွမ်းနှင့် ပြည့်စုံခြင်း။

၉။ အာကာသသိဒ္ဓိ= ကောင်းကင်၌ ပျံသန်းနိုင်မှု ပြည့်စုံခြင်း။

၁၀။ ဣဒ္ဓိဝိဓသိဒ္ဓိ= တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်မှု ပြည့်စုံခြင်း။

သိဒ္ဓိအမှတ် ၁ မှ ၅ အထိသည် လောကီသိဒ္ဓိသက်သက်ဖြစ်၏။ အမှတ် ၆ မှ ၁၀ အထိ သိဒ္ဓိများမှုကား ဈာန်အဘိညာဉ်လမ်းနှင့် ပတ်သက်လေသည်။

သိဒ္ဓိကိုလိုချင်သောသူသည် မိမိလိုလားသောသိဒ္ဓိကို ဦးတည်၍ အလုပ်လုပ်ရပေသည်။ ဤ၌တွင် လုပ်ရမည့်အလုပ်သည် ပုတီးစိပ်ခြင်းပင်ဖြစ်ပေသည်။ ပုတီးစိပ်ခြင်းနည်းဖြင့် ၁ မှ ၅ အထိ ပဥ္စမသိဒ္ဓိငါးပါးကို ပြီးစေနိုင်သည်။ ၆ မှ ၁၀ အထိ ကျန်သိဒ္ဓိငါးပါးကိုလိုမူကား ပုတီးသမာဓိကိုအခြေခံ၍ ကမ္မဋ္ဌာန်းလေးဆယ်အနက်မှ ပထဝီကသိုဏ်း အစရှိသော သမထကမ္မဋ္ဌာန်းကို ကူးပြောင်းအားထုတ်ရပေမည်။ ဈာန်အဘိညာဉ်ရလျှင် အထက်သိဒ္ဓိငါးပါးနှင့် ပြည့်စုံနိုင်ပေသည်။

ပုတီးစိပ်ခြင်းဖြင့် သိဒ္ဓိမြောက်နိုင်ပုံကို ဤသို့ စဉ်းစားကြည့်သင့်ပါသည်။

လူ၏ကိုယ်သည် ကံစိတ်ဥတုအာဟာရ ဟူသော အကြောင်းတရားလေးပါး၏ အထောက်အပံ့ဖြင့် တည်ဖြစ်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ ဤအခြေခံကို ကိုင်မိမှ အမြင်မှန်ရရန်လမ်းပွင့်ပါသည်။

လူ၏ခန္ဓာကိုယ်တွင် ကံကြောင့်ဖြစ်နေသော ရုပ်(ကမ္မဇရုပ်)လည်း

WWW.DHAMMARANSI.COM



ရှိ၏။ စိတ်ကြောင့်ဖြစ်နေသောရုပ်(စိတ္တဇရုပ်)လည်းရှိသည်။ ပူမှုအေးမှု ဥတုကြောင့်ဖြစ်နေရသောရုပ်(ဥတုဇရုပ်)လည်းရှိ၏။ အစာအာဟာရကြောင့်ဖြစ်နေရသောရုပ်(အာဟာရဇရုပ်)လည်းရှိ၏။ ထိုရုပ်လေးပါးတို့၏ မပြတ် ဖြစ်ပေါ်နေမှု၊ ဝါ၊ ထိုရုပ်လေးပါးတို့၏ အဖွဲ့အစည်းကြီး ထင်ရှားနေမှုကိုပင် လူကိုယ်ခန္ဓာဟု ဆိုရပါသည်။

**ကံ**—ပုတီးစိပ်ခြင်းအလုပ်သည် ကုသိုလ်ကံဖြစ်ပါသည်။ ကောင်းသောအလုပ် ဖြစ်ပါသည်။ အလုပ်ခွင်၌ လောဘ၊ ဒေါသကင်းသော အလုပ်ဖြစ်၍ ကောင်းသောအလုပ်ဟု ဆိုပါသည်။ သို့ဖြစ်လျှင် ပုတီးစိပ်မှုသည် ကိုယ်ခန္ဓာ၏ ဒေါက်တိုင်တစ်ခုဖြစ်သောကံကို တိုး၍ခိုင်အောင် လုပ်နေခြင်းမဟုတ်ပါလော။

**စိတ်**—ပုတီးစိပ်နေသောအခါ စိတ်သည် အလွန်ချမ်းသာနေသည်။ အေးမြနေသည်။ တည်ကြည်နေသည်။ ထိုစိတ်က လူတစ်ကိုယ်လုံး၌ သန့်ရှင်းသော စိတ္တဇရုပ်များကို အသစ်လဲ၍ အစားထိုးပေးနေပါသည်။ ထို့ကြောင့် ပုတီးစိပ်နေခိုက်တွင် မျက်နှာထားသည် ကြည်လင်နေသည်။ ကိုယ်အရောင်အဆင်းသည် နဂိုထက် ပြောင်ဝင်းနေသည်။

**ဥတု**—ပုတီးစိပ်နေစဉ် အသက်ရှူသောလေ(စိတ္တဇဝါယောဓာတ်)သည် မှန်မှန်လည်ပတ်နေသည်။ လေဟောင်းများကို မှန်မှန်စွန့်ထုတ်ပြီး လေသစ်များကို မှန်မှန်ရှူသွင်းနေသည်။ ထို့ကြောင့် ခန္ဓာကိုယ်၌ အပူဓာတ်အအေးဓာတ်မျှတလာသည်။

**အာဟာရ**—စိတ်ပူလွန်းလျှင် အစာမကြေ၊ ကြောက်လွန်းလျှင် အစာမကြေ၊ အိပ်လွန်းလျှင် အစာမကြေ လက်တွေ့ပင်။ ယခု ပုတီးစိပ်နေသောအခါ ဝမ်းဗိုက် အဖောင်းအပိန် မှန်မှန်ကြီးဖြစ်နေသည်။ စိတ်ကလည်း တည်ငြိမ်အေးမြနေသည်။ သို့ဖြစ်၍ အစာကြေသည်။ အစာကောင်းစွာကြေညက်၍ အသားအရေ ခွန်အားဖြစ်လာသည်။

WWW.DHAMMARANSI.COM



ပုတီးကို ထိထိရောက်ရောက် စွဲစွဲမြဲမြဲစိပ်သူသည် ကံ စိတ် ဥတု အာဟာရဟူသော ဒေါက်တိုင်ကြီးလေးခုကို ခိုင်အောင်လုပ်နေရာ ရောက်ပေသည်။ သို့ဖြစ်၍ ကံစိတ်ဥတုအာဟာရ ဖောက်ပြန်၍ဖြစ်မည့် ရောဂါများ အဝေးကရှောင်လေသည်။ ကံစိတ်ဥတုအာဟာရကို မပြုပြင်လျှင် ရောဂါဆယ်မျိုးဖြစ်မည်ဆိုအံ့။ ပုတီးကိုင်လိုက်သည့်အတွက် ဆယ်မျိုးစလုံး ကင်းသွားမည်။ သို့မဟုတ် အတိတ်အကြောင်းဖိစီးလွန်းလျှင် ရောဂါငါးမျိုးသာဖြစ်မည်။ ထက်ဝက် အနည်းဆုံးသက်သာမည်။

ဤကဲ့သို့ အနာရောဂါကင်းရမှုသည် အာရောဂျသိဒ္ဓိပင် မဟုတ်ပါလော။

အာရောဂျသိဒ္ဓိနှင့် အာယုသိဒ္ဓိသည် တစ်ကြောတည်းဖြစ်ပေသည်။ ကျန်းမာလျှင် အသက်ရှည်မည်သာဖြစ်တော့သည်။ အသက်ရှည်မှုပြည့်စုံလျှင် အာယုသိဒ္ဓိရလေပြီ။

(ကျန်သောသိဒ္ဓိများ ဖြစ်နိုင်ပုံကိုလည်း ဆက်လက်စဉ်းစားပါလေ။)

ဤတွင် ယုတ္တိနည်းဖြင့်သာ စဉ်းစားပြခြင်းဖြစ်သေး၏။ ဘုရားဂုဏ်တော်ကို ပွားများသဖြင့် ရအပ်သော ဗုဒ္ဓါနုဿတိကုသိုလ်က အကျိုးပေးလာမည့်အချက် မပါမဝင်သေးချေ။ ဤကုသိုလ်ကလည်း အကျိုးမပေးဘဲ မနေပေ။ ကုသိုလ်အကျိုးကိုပါ ထပ်ထည့်လျှင် သိဒ္ဓိရရှိရေး ပို၍ကိန်းသေသွားပေသည်။

သို့ဖြစ်သောကြောင့် အလုပ်လုပ်လျှင် အကျိုး ရရှိနိုင်သည်ဟု ယုံကြည်ချက် ခံယူချက်ရှိသူတိုင်းသည် ပုတီးစိပ်ခြင်းအလုပ်ကို လေးလေးစားစား အသိအမှတ်ပြုရပေမည်။ ပုတီးစိပ်ခြင်းအလုပ်မှ ရရှိအပ်သော အကျိုးတရားကိုလည်း လက်ခံရမည်ဖြစ်ပေသည်။

WWW.DHAMMARANSI.COM



## အခန်း(၄)

### ဓမ္မရောင်ခြည်နှင့် သံဃာ့ဂုဏ်ရည်

### တရားဂုဏ်တော်ခြောက်ပါး

**ပါဠိ**

သွာက္ခာတော ဘဂဝတာ ဓမ္မော

သန္ဒိဋ္ဌိကော

အကာလိကော

ဧဟိပဿိကော

ဩပနေယျိကော

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

**အနက်**

ဘဂဝတာ၊ ကိုးဂုဏ်လူ့ဆွေ အစိန္တေသည်။ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကို။ သွာက္ခာတော၊ အင်္ဂါခုနစ်ဖြာ စုံညီညာဖြင့် ကောင်းစွာ ဟောကြားတော်မူသောကြောင့် (တရားတော်သည်) "သွာက္ခာတဂုဏ်" နှင့် ပြည့်စုံပါပေ၏။

ဘဂဝတော၊ သယမ္ဘူထွတ်ထား မြတ်စွာဘုရား၏။ ဓမ္မော၊ မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန်သောတရားတော်သည်။ သန္ဒိဋ္ဌိကော၊ ကျင့်ကြံကြသူ နတ်လူ ဗြဟ္မာ သတ္တဝါတို့ ကောင်းစွာကိုယ်တိုင် သိမြင်နိုင်သောကြောင့် "သန္ဒိဋ္ဌိကဂုဏ်" နှင့်လည်း ပြည့်စုံပါပေ၏။

ဘဂဝတော၊ ဘုရားပရမေ သုံးလူ့ဆွေ၏။ ဓမ္မော၊ အမြတ်တရား မဂ်လေးပါးသည်။ အကာလိကော၊ အခါမလပ် ကြားမပြတ်ဘဲ ဆက်စပ်

WWW.DHAMMARANSI.COM



ချက်ချင်း ဖိုလ်ကျိုးနှင်း၍ လက်ငင်းအကျိုးရသောကြောင့် "အကာလိက ဂုဏ်တော်"နှင့်လည်း ပြည့်စုံပါပေ၏။

ဘဂဝတော၊ သနင်းမြတ်စွာ တို့ဆရာ၏။ မမ္မော၊ နိဗ္ဗာန်ဖိုလ်မဂ် ကိုးချက်ထွေပြား လောကုတ္တရာတရားသည်။ ဧဟိပဿိကော၊ လာပါရှုပါ ကျင့်ကြံပါဟု မှပါပါအောင် ခေါ်ဆောင်ပြသွန်း တိုက်တွန်းခြင်းငှာထိုက်သော ကြောင့် "ဧဟိပဿိကဂုဏ်"နှင့် ပြည့်စုံပါပေ၏။

ဘဂဝတော၊ ကျွတ်ဆုဝေငှ မြတ်ဗုဒ္ဓ၏။ ဓမ္မော၊ ဇောမိခွင်၌ သိမြင် ဖော်ကျူး လောကုတ္တရာတရားထူးသည်။ ဩပနေယျိကော၊ အာရုံတင်၍ ဆင်ခြင်ပွားများ စွဲမှတ်ဆောင်ထားထိုက်သောကြောင့် "ဩပနေယျိကဂုဏ်" နှင့်လည်း ပြည့်စုံပါပေ၏။

ဘဂဝတော၊ နေတန့်နှန်းသို့ ရွှေဘုန်းကြီးမား၊ မြတ်စွာဘုရား၏။ ဓမ္မော၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်လှန်ပိုင်းဖြတ် မဂ်ဖိုလ်နိဗ္ဗာန်တရားမြတ် သည်။ ဝိညူဟိ၊ ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ၊ ကိုယ်စီကိုယ်ငှ။ ဝေဒိတဗ္ဗော၊ သိအပ်ရှုအပ်၊ ခံစားအပ်သည်ဖြစ်၍ "ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိဂုဏ်" နှင့်လည်း ပြည့်စုံပါပေ၏။

## တရားဂုဏ်တော်ခြောက်ပါးအဓိပ္ပာယ်

၄၅ ဝါကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလည်းကောင်း၊ မြတ်စွာဘုရား အကျိုးပြုသဖြင့် လူနတ်ဗြဟ္မာတို့ ရရှိခံစားရသည့် မဂ်ဖိုလ်နိဗ္ဗာန် တရားတို့ ကိုလည်းကောင်း စိစစ်ကြည့်လျှင် ဂုဏ်ထူးဝိသေသခြောက်မျိုးနှင့် ပြည့်စုံ ကြောင်း တွေ့ကြရလေသည်။ ဤခြောက်မျိုးကို တရားဂုဏ်တော်ခြောက်ပါးဟု

WWW.DHAMMARANSI.COM



ခေါ်ကြ၏။ ယင်းဂုဏ်တော်ခြောက်ပါးအဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

**သွာက္ခာတော** = ကောင်းစွာဟောကြားထားသည့်အတွက် သွာက္ခာတဂုဏ်ရှိ၏။

သွာက္ခာတဂုဏ်ရှိပုံမှာ–မြတ်စွာဘုရား ဟောကြားထားသည့်တရားတို့ကို လေ့လာကြည့်လျှင်–

၁။ အစနိဒါန်းပိုင်း၌လည်း ကောင်းမြတ်သောကလျာဏဂုဏ်ရှိ၏။

၂။ အလယ်ပိုင်း၌လည်း ကောင်းမြတ်သောကလျာဏဂုဏ်ရှိ၏။

၃။ အဆုံးနိဂုံးပိုင်း၌လည်း ကောင်းမြတ်သောကလျာဏဂုဏ်ရှိ၏။

၄။ သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းတို့ဖြင့်လည်း ပြည့်စုံ၍ စာပေအဆင့်အတန်းမြင့်၏။

၅။ အဓိပ္ပာယ်အနှစ်သာရလည်း ပြည့်ဝ၏။

၆။ ရှုထောင့်စုံမှကြည့်လျှင် အဘက်ဘက်မှ ပြည့်စုံလျက်ရှိ၏။

၇။ အရေးအကြီးဆုံးမှာ ဗြဟ္မစရိယဟုခေါ်သည့် မြတ်သောအကျင့်ကိုဖော်ပြခြင်းဖြစ်၏။

ဤကဲ့သို့ ဂုဏ်ရည်ခုနစ်ရပ်နှင့်ပြည့်စုံအောင် ဟောကြားထားသည်ဖြစ်သောကြောင့် "သွာက္ခာတ"ဟူသော ဂုဏ်ထူးဝိသေသ ရှိလာခြင်းဖြစ်ပေသည်။

**သန္ဒိဋ္ဌိကော** = ကိုယ်တိုင်ကိုယ်ကျ ရှုမြင်နိုင်ပေသည်။

ဂေါတမမြတ်စွာဘုရား ဟောကြားခဲ့သည့်တရားတော်များသည် စိတ်ကယုံကြည်နိုင်ရုံအဆင့်မျှမက ၎င်းတရားကို လူကိုယ်တိုင်ရှုမြင်နိုင်၏။ လက်တွေ့ရယူနိုင်၏။ ထို့ကြောင့် "သန္ဒိဋ္ဌိက"ဟူသောဂုဏ် ရှိလာပေ၏။ ကိုယ်တိုင်ရှုမြင်ချင်သူတိုင်း ကြိုးစားအားထုတ်ပါလျှင် မဂ်တရား၊ ဖိုလ်တရားကို ကိုယ်တိုင်ရပေ၏။ သူတစ်ပါးက ပြောပြ ဟောပြသည်ကို နားထောင်ပြီး ဘေးကသွားရည်ကျ ပြန်ရရုံအဖြစ်မျိုးမဟုတ်၊ အမှန်တရားသည် တစ်နေရာရာမှာ

WWW.DHAMMARANSI.COM



ရှိလေ၏ဟု ရော်ရမ်းမှန်းဆ စိတ်ချယုံကြည်နေရမှုမျိုးလည်းမဟုတ်၊ မိမိကိုယ်တိုင် လက်တွေ့ သိရ မြင်ရ သိနိုင်မြင်နိုင်သည့်တရားဖြစ်၍ တရားတော်သည် "သန္ဒိဋ္ဌိက"ဟူသော ဂုဏ်ထူးဝိသေသ ရှိလေသည်။

**အကာလိကော** = ချက်ချင်း အကျိုးပေး၏။

အခါမလင့် ချက်ချင်းအကျိုးပေးသောတရား၊ ဤတရားကား အခြားမဟုတ်၊ မဂ်တရားသာဖြစ်၏။ မဂ်တရားသည်သာ ဖိုလ်ဟူသောအကျိုးကို ချက်ချင်း ဖြစ်ပေါ်စေနိုင်၏။

အဘယ်မျှ အကျိုးပေါ်မြန်သနည်းဆိုသော် တစ်စက္ကန့်ကို အပုံပေါင်း သန်းပေါင်းများစွာ ပုံလျှင် တစ်ပုံစာထက်ပင် မြန်သေး၏။ မဂ်စိတ် ဥပါဒ်ဋ္ဌီဘင် ချုပ်သည်နှင့် ဖိုလ်စိတ် တန်း၍ပေါ်လေ၏။ ဤမဂ်တရားလေးပါးမှတစ်ပါး အခြားသော ကုသိုလ်တရား၊ ဈာန်တရားတို့မှာမူ ယခုလို အကာလိက အကျိုး မပေးနိုင်ချေ။ ဒါနတရား၊ သီလတရား စသည်တို့လည်း အကာလိက အကျိုး မပေးနိုင်ချေ။ ဤအချက်ကို ကွဲပြားစွာသိမှတ်ရန်လို၏။ အချုပ်မှာ ဗုဒ္ဓဘာသာ တရားတွေထဲက မဂ်တရားတစ်မျိုးတည်းသာ အကာလိက အကျိုးပေး၏။ ကျန်သမျှတရားတို့သည် မဂ်တရားလို အကာလိကအကျိုး မပေးနိုင်ဟူ၍ နားလည်အပ်၏။ ကျန်သော ဒါန၊ သီလစသော ကုသိုလ်တရားတို့သည် အကြောင်းညီညွတ်ပြည့်စုံသည့်အခါ (ရင့်ကျက်သည့်အခါ)ကျမှ အကျိုးပေး လေ၏။ သတိရှိရန် အချက်ပါတည်း။ **(ဓမ္မပဒ၊ ပါပဝဂ်လည်းရှု)**

**ဧဟိပဿိကော** = လာပါရှုပါဟု ခေါ်ပြခံနိုင်သည့်ဂုဏ်တော်တည်း။

ဗုဒ္ဓဘာသာတရားကို သိုဝှက်ပြီး(ဖွက်ပြီး) တိတ်တိတ်ဖတ်ဖို့မလို။ အခြားဘာသာဝင်တွေ မဖတ်ရဟု တားမြစ်ဖို့မလို၊ ဝှက်ထားဖို့ တားမြစ်ဖို့

WWW.DHAMMARANSI.COM



မလိုရုံတွင်မက ဘယ်သူမဆို လာကြပါ၊ ဗုဒ္ဓဘာသာတရားကို လေ့လာကြပါ ကျင့်ကြံကြည့်ပါဟူ၍ ခေါ်ပြရမည်ဖြစ်၏။ သုတေသနပညာရှိကြီးကိုဖြစ်စေ၊ ဒဿနိကပညာရှိကြီးကိုဖြစ်စေ၊ ဘာသာခြား ဘာသာခေါင်းဆောင်ကြီးကိုဖြစ်စေ၊ အခြားဝေဖန်ရေးသမားကိုဖြစ်စေ တစ်ကမ္ဘာလုံးမှာရှိသမျှ လူသားအားလုံးကို လာကြပါ၊ ရှုကြည့်လှည့်ကြပါ(ကျင့်ကြံကြည့်ကြပါ)ဟူ၍ ခေါ်ပြနိုင်သော တရားဖြစ်၏။ 'လမ်းပေါ်ကလူတန်းစားကိုသာ အရင်ကျင့်ခိုင်းဦး၊ စဉ်းစားဉာဏ်ရှိသော ပညာရှိတွေကတော့ ကြိုက်ချင်မှကြိုက်မည်' ဤသို့လည်း ခွဲခြားရန်မလို၊ မည်သူမဆို အသိဉာဏ်ရှိသော လူဟူသမျှကို ခေါ်ပြထိုက်သည့် တရားမျိုးဖြစ်၏။ ထို့ကြောင့် (မင်္ဂလေးပါး ဖိုလ်လေးပါး နိဗ္ဗာန်)ဟူသော ဗုဒ္ဓဘာသာတရားသည် နိုင်ငံတကာကို ဖိတ်ခေါ်ပြသနိုင်သည့် "ဧဟိပဿိက" ဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံပေသည်။

**ဩပနေယျိကော** = မိမိ၏စိတ်၌ စွဲမှတ်ဆောင်ယူထား၍ရပေ၏။

ဗုဒ္ဓဘာသာတရားကိုမိမိ၏စိတ်ထဲ၌ပင်ထည့်ထား၍ရပေ၏။ တစ်နည်းပြောရလျှင် ဗုဒ္ဓဘာသာတရားကို မိမိစိတ်မှာ လက်ခံထားလိုက်လျှင် စိတ်ချမ်းသာမှုရ၏။ စိတ်ရိုင်းစိတ်ယုတ် ကင်း၏။ စိတ်ထားမှန်လာသည့်အတွက် ပြုမူပြောဆိုရာ၌လည်း အမှားမှားအယွင်းယွင်းမဖြစ်တော့။ ထိုသို့ မိမိအား အကျိုးရှိနိုင်သည့်အတွက် မြတ်စွာဘုရားတရားတော်သည် လူတို့၏စိတ်မှာ ကပ်၍ဆောင်ထားထိုက်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံရပြန်၏။

**ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ** = ပညာဉာဏ်ရှိသူတိုင်း ကိုယ်စီကိုယ်င သိနိုင်ခံစားနိုင်၏။

WWW.DHAMMARANSI.COM



ဗုဒ္ဓဘာသာတရားသည် ပုဂ္ဂလိကအသွင်ဆောင်သော ဘုံပိုင်ပစ္စည်းဖြစ်၏။ တရားတော်ကို မည်သူမဆို သိပိုင်ခွင့်၊ ကျင့်ပိုင်ခွင့်၊ ခံစားပိုင်ခွင့်ရှိ၏။ ထို့ကြောင့် ဘုံပိုင်လက္ခဏာရှိ၏။ တစ်ဖန် တရား၏အကျိုးကျေးဇူးကို တစ်ဦးစီ ခံစားနိုင်၏။ ရယူနိုင်၏။ ထို့ကြောင့် ပုဂ္ဂလိကလက္ခဏာဆောင်၏။

**ဝိညူလူသား** = ဤဂုဏ်တော်တွင် အရေးကြီးသောစကားတစ်လုံးပါ၏။ ၎င်းကား "ဝိညူ"ဟူသောစကားတည်း၊ "ဝိညူ"ဟူသည် သိတတ်သူ သိနိုင်သူဟု အဓိပ္ပာယ်ရ၏။ အချို့က "ပညာရှိ"ဟု မြန်မာပြန်ကြ၏။ သို့သော် "ပညာရှိ"ဟူသော မြန်မာဝေါဟာရ၏အဓိပ္ပာယ်မှာ တစ်မျိုးသက်ရောက်သွားနိုင်၏။ ထို့ကြောင့် ပညာရှိဟု ကိန်းသေမမှတ်ဘဲ သိတတ်သူ သိနိုင်သူမျိုးကို "ဝိညူ"ဟု တိုက်ရိုက်ပြန်ဆိုက မမှားနိုင်ချေ၊ အတန်းပညာ လေးတန်းမျှမအောင်ချင်နေ၊ တရားကိုသိနိုင်သည့် ပါရမီခံပါသူဖြစ်လျှင် "ဝိညူ"ပေတည်း။ ဒေါက်တာဘွဲ့ကြီး ရထားသူဖြစ်ပါစေ။ သူသည် သိတတ် သိနိုင်သည့်ပါရမီခံ မရှိပါက "ဝိညူ"မဟုတ်ပေ၊ ပင်ကိုရည်အချင်း၊ ပင်ကိုအသိဉာဏ်အရသာ "ဝိညူ"ကို သတ်မှတ်ရပေ၏။

ဤဂုဏ်တော်သည် အချုပ်ဖြစ်ပေ၏။ ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော်ကို ဝိညူလူသားတိုင်း သိနိုင် ခံစားနိုင်ကြောင်းဖော်ပြထား၏။ မျက်စိပါသူတိုင်း မြင်နိုင်သည်ဟူသော သတ်မှတ်ချက်မျိုးဖြစ်၏။ ဝမ်းတွင်းကန်းဖြစ်ဘိမူ အဘယ်သို့လျှင် မြင်နိုင်ပါမည်နည်း။ ထိုနည်းတူ တရားဆိုသည်မှာ သိရမည့်အရာဖြစ်၏။ လူမှာ သိတတ်သည့် ၊ သိနိုင်လောက်သည့်ဉာဏ်မျိုး မပါလေက အဘယ်သို့လျှင် သိနိုင်ပါမည်နည်း။ "သိတတ်သိနိုင်"ဆိုသောအချက်လည်း အရေးကြီး၏။ အချို့မှာ လောကီပညာတတ်များဖြစ်ကြ၍ ပညာဆိုင်ရာ လောက

WWW.DHAMMARANSI.COM



ဉာဏ်ကြီးသူမျိုးဖြစ်နိုင်၏။ သို့သော် တရားတော်ဘက်သို့ လှည့်လိုက်သော အခါ သူ၏ဉာဏ်သည် ကန်းသွားတတ်၏။ မယုံကြည်မှု၊ သို့မဟုတ် ကာမဂုဏ် စိတ်မွှန်နေမှု၊ သို့မဟုတ် မိစ္ဆာဒိဋ္ဌိဖြစ်နေမှု စသည်တို့က ကြားက တိမ်သလာ သဖွယ် ခံနေတတ်၏။ ထိုအခါ ထိုပညာတတ်သည် "ဝိညူ"အဆင့်သို့ မရောက် တော့ချေ။

ဝိညူဖြစ်လျှင်မူကား မည်သူမဆို ကိုယ်စီကိုယ်ငှ သိနိုင်မြင်နိုင် ခံစား နိုင်သောတရားမျိုးဖြစ်၍ ဗုဒ္ဓ၏ဓမ္မသည် "ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ"ဟူသော ဂုဏ်တော်နှင့် ပြည့်စုံလေ၏။

အထူးသတိပြုရန်မှာ မြတ်စွာဘုရားသည် လူ နားမလည်နိုင်သော တရား၊ လူမကျင့်နိုင်သောတရားမျိုးကို လုံးဝ ဟောကြားခဲ့ခြင်းမရှိကြောင်းပင် ဖြစ်လေသည်။

တရားဂုဏ်၏အကျိုးတစ်ရပ်ကို ပရိတ်ကြီး ဓဇဂ်သုတ်အရ ဖော်ပြရ သည်ရှိသော် တော၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ်၌နေစဉ် ကြောက်ရွံ့ထိတ်လန့် လာပါက ဘုရားဂုဏ်တော်ကို မပွားများမိလျှင် ဤတရားဂုဏ်တော်ကို ပွားများ ပါ၊ အဖန်ဖန်ပွားများလျှင် အကြောက်အရွံ့ ပြေပျောက်သွားပါလိမ့်မည်ဟု ဆိုရပေသည်။

### တရားဂုဏ် ပုတီးစိပ်

တရားဂုဏ်တော်သည် ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၏ အာရုံဖြစ်၏။ ထို့ကြောင့် တရားဂုဏ်ကို အဖန်ဖန်ပွားများနိုင်ပေသည်။ ပွားများသောအခါ ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍လည်း ပွားများနိုင်သည်။ ပုတီးကိုင်ပြီး တရားဂုဏ် ပုတီးစိပ်နိုင်သည်။ ဂုဏ်တော်ခြောက်ပါးလုံးဆုံးမှ ပုတီးတစ်လုံး

WWW.DHAMMARANSI.COM



ချ၍လည်း စိပ်နိုင်သည်။ ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးစနစ်ဖြင့်လည်း စိပ်နိုင်သည်။

## တရားဂုဏ်တော် ပွားများခြင်းအကျိုး

တရားဂုဏ်တော်ကို ပွားများလျှင်–

တရားရှင်မြတ်စွာဘုရားအပေါ်၌ ပို၍ လေးစား ရိုသေစိတ် ဖြစ်လာသည်။

တရားကို အလေးအမြတ်ပြုလာတတ်သည်။

သဒ္ဓါယုံကြည်မှု လေးနက်လာသည်။

ကြောက်ရွံ့ ထိတ်လန့်မှု နည်းပါးလာသည်။

စိတ်ရွှင်လန်း ချမ်းမြေ့သည်။

ဆင်းရဲဒုက္ခကိုလည်း ခံနိုင်သည်။

တရားရလိုစိတ် ပြင်းထန်လာတတ်သည်။

မကောင်းမှုနှင့် ကြုံလျှင် တရားကို အာရုံပြုပြီး ဆင်ခြင် နိုင်သည်။

မိမိကိုယ်သည် တရားစေတီပမာ တန်ဖိုးတက်လာသည်။

(ဝိသုဒ္ဓိမဂ်၊ ပ–တွဲ၊ ၂၀၉)

တရားဂုဏ်တော်ကို ဘုရားဂုဏ်တော်ကဲ့သို့ ဂုဏ်တော်ကွန်ချာနည်း စသည်ဖြင့် ပုတီးစိပ်လေ့မရှိကြပေ။ သို့သော် ၃၂–ကောဋ္ဌာသ၊ ခန္ဓာ၊ အာယတန စသောတရားတို့ကိုမူ ပုတီးစိပ်ကြသည်။ ကောဋ္ဌာသပုတီးစိပ်သည် စင်စစ် တရားတော်ဆိုင်ရာပုတီးစိပ်နည်းတစ်မျိုးပင်၊ ဝိပဿနာပုတီးစိပ်နှင့် သရဏဂုံ ပုတီးစိပ်နည်းတို့သည်လည်း တရားတော်နယ်၌ အကျုံးဝင်လေသည်။

WWW.DHAMMARANSI.COM



သို့ဖြစ်၍ ၃၂ - ကောဋ္ဌာသပုတီးစိပ်၊ သမထဝိပဿနာပုတီးစိပ်၊ ဝိပဿနာပုတီးစိပ်တို့ကို ဤစာအုပ်နောက်ပိုင်းတွင် ထည့်သွင်း ဖော်ပြထားပါသည်။

**သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိ**

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော ပါဟုနေယျော
ဒက္ခိဏေယျော အဉ္ဇလီကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

**အနက်**

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃော၊ တပည့်သား သံဃာတော်မြတ်သည်။

သုပ္ပဋိပန္နော၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကို ကောင်းစွာ ကျင့်တော်မူတတ်ပါပေ၏။

ဥဇုပ္ပဋိပန္နော၊ မဇ္ဈိမပဋိပဒံ အကျင့်မှန်ကို ဖြောင့်မှန်စွာ ကျင့်တော်မူပါပေ၏။

WWW.DHAMMARANSI.COM



ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုရေး အလေးပေးကာ ကျင့်တော်မူပါပေ၏။

သာမိစိပ္ပဋိပန္နော၊ ပေါ်နိုင်ခဲခက် နည်းကျင့်နက်ကို လေးနက်ရိုသေ ကျင့်တော်မူပါပေ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ မဂ်ဖိုလ်ရဆဲ အကြင်လေးစုံတွဲတို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ၊ သင်္ချာချင့်ထောက် ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကြပေကုန်၏။ ဘဂဝတော၊ ဘုန်းပန်းမဉ္ဇူ ဆောင်းလုံးကြူသည့် နတ်လူများထွတ် ဘုရားမြတ်၏။ ဧသဧသော သာဝကသံဃော၊ ဤတပည့်သား သံဃာတော်သည်၊

အာဟုနေယျော၊ တကူးတက ဝေးမှဆောင်ယူပူဇော်ခြင်းကို ခံယူတော်မူထိုက်ပါပေ၏။

ပါဟုနေယျော၊ ဧည့်ထူးစောင်တူး ရည်ရူးစီမံ လှူရန်ဟူသမျှ ခံထိုက်လှပါပေ၏။

ဒက္ခိဏေယျော၊ ထွတ်ထွတ်မြတ်မြတ် သတ်မှတ်ရည်စူး အလှူထူးကို ခံယူတော်မူထိုက်ပေ၏။

အဉ္ဇလီကရဏီယော၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံထိုက်ပေ၏။

လောကဿ၊ ဗြဟ္မာနတ်လူ ကမ္ဘာသူကမ္ဘာသားသတ္တဝါအများ၏။ အနုတ္တရံ၊ အတုမရှိ အတူမရှိ အကောင်းဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသောမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူပါပေ၏။

WWW.DHAMMARANSI.COM



### သံဃာ့ဂုဏ်တော် ၉-ပါးအဓိပ္ပာယ်

**သံဃာ=** ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတွင် သံဃာရတနာသည် ပရမတ္ထသံဃာ၊ သမုတိသံဃာဟူ၍ နှစ်မျိုးရှိ၏။ မဂ်ရသူအနန္တ၊ ဖိုလ်ရသူအနန္တ ရှိခဲ့၏။ သို့သော် တရားအမျိုးအစားဘက်ကကြည့်လျှင် မဂ်မှာ ၄-မျိုး၊ ဖိုလ်မှာ ၄-မျိုးဖြစ်၏။ ထို့ကြောင့် အမျိုးအစားအားဖြင့် မဂ်ရသူလေးယောက်၊ ဖိုလ်ရသူ လေးယောက်၊ ဤရှစ်ယောက်ကို ပရမတ္ထသံဃာဟုခေါ်၏။ အမျိုးအစားအား ဖြင့်သာ ရှစ်ယောက်ဟု ဖော်ပြခြင်းဖြစ်၏။ အရေအတွက်အားဖြင့်မူ ရှစ်ယောက် မက၊ ရှစ်သောင်း ရှစ်သိန်း ရှစ်ကုဋေမက ပရမတ္ထသံဃာတော်များ ရှိခဲ့ ကြောင်း သတိပြုရန်ဖြစ်၏။

ပရမတ္ထသံဃာတော်များအပြင် မြတ်စွာဘုရား ပညတ်တော်မူသော ကမ္မဝါစာ၊ ဝိနည်းသိက္ခာပုဒ် စည်းမျဉ်းနှင့်အညီ ဖြစ်ပေါ်လာသော သမုတိ ရဟန်းများလည်းရှိ၏။ ထိုသမုတိရဟန်းအပေါင်းကို သမ္မုတိသံဃာဟုခေါ်၏။ အယူဝါဒတူ၊ အကျင့်သိက္ခာလည်းတူသောကြောင့် ဤသို့ တူညီသောအချက်ကို အခြေပြု၍ ဖွဲ့စည်းထားသော ရဟန်းအပေါင်းကို "သံဃာ"ဟုခေါ်၏။ ဤပရမတ္ထသံဃာနှင့် သမ္မုတိသံဃာ နှစ်ရပ်လုံးကို ခြုံ၍သုံးသပ်ကြည့်လျှင် ဂုဏ်တော် ၉-ပါးနှင့်ပြည့်စုံကြောင်း တွေ့ကြရလေသည်။ သံဃာဂုဏ်တော် ၉-ပါး၏အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

**သုပ္ပဋိပန္နော=** ကောင်းသောအကျင့်ကို ကောင်းစွာကျင့်တော်မူ၏။

ကောင်းသောအကျင့်ဟူသည်ကား နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဆိုလိုသည်။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်မျိုးမှ ကောင်းသောအကျင့်ဟု သတ်မှတ် အပ်၏။ ထိုကောင်းသောအကျင့်ကိုပင် ဆုံးမညွှန်ကြားသည့်အတိုင်း ကောင်းစွာ လိုက်နာကျင့်ကြံခြင်းကြောင့် မြတ်စွာဘုရား၏ တပည့်သားသံဃာတော်အပေါင်း မှာ "သုပ္ပဋိပန္နော"ဟူသောဂုဏ်ကို ရလေသည်။

WWW.DHAMMARANSI.COM



**ဥဇုပဋိပန္နော**=ကောင်းသောအကျင့်ကို ဖြောင့်ဖြောင့်မတ်မတ်ကျင့်တော်မူ၏။

နိဗ္ဗာန်ရရှိရေးဟူသော တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် ဇောက်ချ၍ ကျင့်ကြံတော်မူခြင်းဖြစ်၏။ ပလ္လား ဝါကြွားလို၍လည်းကောင်း၊ လာဘ်သပ်ပကာ ရှင်လန်းလို၍လည်းကောင်း ကျင့်ခြင်းမဟုတ်ပေ။

**ဉာယပဋိပန္နော**= နိဗ္ဗာန်အကျိုးငှာသော သင့်လျော်လျောက်ပတ်စွာကျင့်တော်မူ၏။

သံဃာတော်များသည် အဘယ်အရာကိုအလိုရှိ၍ ကောင်းသောအကျင့်ကို ကျင့်သနည်း၊ ယင်းသို့ကျင့်သည့်အတွက် မည်သည့်အကျိုးကိုရမည်နည်း၊ ဤအမေးကို ဉာယပဋိပန္နောဟူသော စကားရပ်က ဖြေဆိုထား၏။ မြတ်စွာဘုရားလက်ထက်က သားမယားကိုလည်းကောင်း၊ ပစ္စည်းဥစ္စာကိုလည်းကောင်း၊ ရာထူး ဂုဏ်သိန်တို့ကိုလည်းကောင်း စွန့်လွှတ်ပြီး သာသနာတော်သို့ဝင်၍ တရားကျင့်သောရဟန်းတို့အား အချို့က နတ်သမီးလိုချင်၍(ဝါ) နတ်စည်းစိမ်ကို ခံမင်၍ ဤသို့ကျင့်နေကြခြင်းဖြစ်သည်ဟု စွပ်စွဲကြ၏။ ထို့ကြောင့် နတ်သမီးရဖို့ ကျင့်ခြင်းမဟုတ်။ နိဗ္ဗာန်ရဖို့ကျင့်ခြင်းသာ ဖြစ်သည်ဟု ဤဂုဏ်တော်က သိစေပေသည်။

**သာမိစိပဋိပန္နော**= ကောင်းသောအကျင့်ကို ရိုသေလေးစားစွာကျင့်တော်မူ၏။

နိဗ္ဗာန်ရောက်ကြောင်းအကျင့်သည် အလွန်အဖိုးတန်သောအကျင့်မြတ် ဖြစ်၏။ သဗ္ဗညုဘုရားရှင်သည်သာ ထုတ်ဖော်ဟောကြားနိုင်သော ကျင့်စဉ် ဖြစ်၏။ ထို့ကြောင့် ဤအဖိုးတန်ကျင့်စဉ်ကို ကျင့်ခွင့်ရသောအခါ တရိုတသေ တလေးတစား ကျင့်ထိုက်ပေ၏။ မြတ်စွာဘုရား၏ တပည့်သားသံဃာတော် များသည် အကျင့်၏တန်ဖိုးကိုနားလည်ပြီး အကျင့်ကို ရိုသေလေးမြတ်စွာ ကျင့်လေသည်။ ဤသည်မှာ သံဃာတော်၏ဂုဏ်ရည်တစ်ရပ်ဖြစ်ပေသည်။

"သာမိစိပဋိပန္နော" ဂုဏ်တော်နှင့် ပတ်သက်၍ အရိုအသေပြုခြင်းမှာ

WWW.DHAMMARANSI.COM



ထိုက်အောင်(ဝါ) အရှိအသေအပြုခံထိုက်အောင် ကျင့်သည်ဟု အချို့က နားလည် တတ်ကြသည်။ သို့သော် အဓိပ္ပာယ်သိပ်မကောင်းဟု ထင်၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကျင့်ကို ရိုသေစွာကျင့်သည်ဟုဆိုမှ ပိုပြီး အဓိပ္ပာယ် ကောင်းပေသည်။

**အာဟုနေယျော=** အဝေးမှ တကူးတကဆောင်ယူ၍ ပေးလှူ ပူဇော်မှုကို ခံယူထိုက်၏။

သံဃာတော်အတွက် တကူးတကပြုလုပ်၍ ဆောင်ယူလှူဒါန်းသော ပစ္စည်းလေးပါးကို ခံယူထိုက်၏။ ယင်းသို့ခံယူသည့်အတွက် မည်သည့်အပြစ် မှျ မရှိချေ။

**ပါဟုနေယျော=** ဧည့်သည် အာဂန္တုများအတွက် ရည်စူးထားသော လှူဖွယ် ပစ္စည်းများကိုလည်း အလှူခံထိုက်၏။

အလှူဇရပ်များတွင် အရပ်လေးမျက်နှာမှ ရောက်လာမည့် အာဂန္တုများ အတွက် ရည်စူးပြီး ဆွမ်း၊ သင်္ကန်းစသော လှူဖွယ်ပစ္စည်းများကို စီစဉ်ထားတတ် ကြ၏။ ထိုပစ္စည်းဝတ္ထုများကို (မိမိအတွက် သီးခြားရည်ရွယ်မထားစေကာမူ) သံဃာတော်မြတ်တို့က အလှူခံယူထိုက်ပေ၏။

**ဒက္ခိဏေယျော=** မြတ်သောအလှူကို ခံယူထိုက်၏။

လူတို့အနေဖြင့် အထွတ်အမြတ်ဟု သတ်မှတ်ထားသော စားကောင်း သောက်ဖွယ်များ၊ ပိုးဖဲကတ္တီပါစသော အဝတ်အထည်များ၊ တိုက်ကျောင်း၊ ရွှေကျောင်းစသည်များကို သံဃာတော်အနေဖြင့် အလှူခံထိုက်ပေ၏။

**အဉ္ဇလိကရဏီယော=** လူတို့က လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံယူထိုက်၏။

လူတို့အနေဖြင့် လုပ်နိုင်ခဲလှသော ဦးတိုက်ရှိခိုးခြင်းကို သံဃာတော် များ ခံယူကောင်း၏။ ရှိခိုးထိုက်၏–ဟူလို။

WWW.DHAMMARANSI.COM



**အနုတ္တရံပုညက္ခေတ္တံ လောကဿ=** ကောင်းမှုမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပေ၏။

ဆိုလိုသည်မှာ လောကကြီးတစ်ရပ်လုံးက ပေးလှူသမျှ ပူဇော်သမျှကို ကောင်းကောင်းကြီး ခံယူထိုက်ပေသည်။

**အဋ္ဌပုရိသပုဂ္ဂလာ=** အရိယာပုဂ္ဂိုလ်ရှစ်ယောက်။ ဤစကားအရ ဤသံဃာ ဂုဏ်တော်ကိုးပါးသည် ပရမတ္ထသံဃာ့ဂုဏ်တော်သာဖြစ်သည်ဟု ဆိုနိုင်၏။ သို့ရာတွင် သမ္မုတိသံဃာသည် အရိယာသံဃာနှင့် အယူဝါဒ အကျင့်သီလ တူသောကြောင့် သံဃာပင်ဖြစ်၏။ ထို့ကြောင့် သမ္မုတိသံဃာသည်လည်း ဤဂုဏ်တော်ကိုးပါးဝေစုကို ရလေသည်။

သံဃာ့ဂုဏ်တော်ကိုးပါးတွင် သုပ္ပဋိပန္နောစသော ဂုဏ်တော်လေးပါးသည် အကြောင်းဂုဏ်တော်ဖြစ်၏။ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိနေယျော၊ အဉ္ဇလီကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿဟူသော ဂုဏ်တော်ငါးပါးသည် အကျိုးဂုဏ်တော်ဖြစ်၏။

ဆိုလိုသည်မှာ ကောင်းစွာကျင့်ခြင်း၊ ဖြောင့်မတ်စွာကျင့်ခြင်း၊ နိဗ္ဗာန် အကျိုးငှာ သင့်လျော်လျောက်ပတ်စွာ ကျင့်ခြင်း၊ ရိုသေစွာကျင့်ခြင်းဟူသော အကျင့်မွန်အကြောင်းကြောင့် တကူးတက ဆောင်ယူလှူဒါန်းသမျှပြုခြင်းကို ခံယူထိုက်၏။ ဧည့်သည်များအတွက်ရည်ရွယ်၍ သီးသန့်ထားသောလှူပစ္စည်းကို မိမိအားလှူလျှင် ခံယူထိုက်၏။ အထွတ်အမြတ် အကောင်းအမွန်များကို ခံယူထိုက်၏။ ရှိခိုးခံထိုက်၏။ တစ်လောကလုံး၏ ကုသိုလ်ပြုရာဌာနကြီးသဖွယ် ဖြစ်လာ၏ဟု ဆိုလိုပေသည်။

ဘုရားဂုဏ်တော်နှင့် တရားဂုဏ်တော်တို့ကို မအောက်မေ့ မဆင်ခြင်မိသည်ရှိသော် သံဃာ့ဂုဏ်တော်ကို ထပ်တလဲလဲ သတိရ အောက်မေ့ဆင်ခြင်

WWW.DHAMMARANSI.COM



ပါကလည်း ကြောက်ရွံ့ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်းဟူသမျှ ပျောက်ကင်းလိမ့်မည်ဟု ဓဇဂ်သုတ်ပရိတ်တော်က ညွှန်းလေသည်။

ပရိတ်ကြီးဓဇဂ်သုတ်၏နိဂုံး၌ ဤကဲ့သို့ မြတ်စွာဘုရားဂုဏ်ကိုဖြစ်စေ၊ တရားတော်၏ဂုဏ်ကိုဖြစ်စေ၊ သံဃာတော်၏ဂုဏ်ကိုဖြစ်စေ ထပ်တလဲလဲ ဆင်ခြင်အောက်မေ့သည်ရှိသော် ကြောက်ခြင်း၊ ကိုယ်ခက်တရော်ဖြစ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းဟူသမျှ ကင်းပျောက်လိမ့်မည်ဟူသော အာမခံချက်ဖြင့် အဆုံးသတ်ထားလေသည်။ ရတနာသုံးပါးဂုဏ်တော်ကို မပြတ် ဆင်ခြင်ပွားများပါလျှင် ကြောက်ရွံ့ထိတ်လန့်ခြင်း ပြေပျောက်သည့်အပြင် အခြားသော ကောင်းကျိုးစီးပွားများလည်း ဖြစ်ထွန်းလိမ့်မည် ဖြစ်ပါသတည်း။

## သံဃာဂုဏ်တော်ပုတီးစိပ်

သံဃာဂုဏ်တော်သည် သံဃာနုဿတိ ကမ္မဋ္ဌာန်း၏အာရုံဖြစ်သည်။ သံဃာဂုဏ်တော်ကိုလည်း အဖန်ဖန်ပွားများနိုင်သည်။ ပွားများသောအခါ သုပ္ပဋိပန္နောအစရှိသော သံဃာ့ဂုဏ်တော်ပါဌ်ကို အစအဆုံးရွတ်ဆို၍ အဖန်ဖန်ပွားများနိုင်သည်။ အစအဆုံးရွတ်ဆို၍ ပုတီးတစ်လုံးတစ်လုံးစီ ချမှတ်၍လည်း ပွားများနိုင်သည်။ သံဃာ့ဂုဏ်တစ်ပါးလျှင် ပုတီးတစ်လုံးစီချ၍လည်း ပွားများနိုင်သည်။ သံဃာ့ဂုဏ်တစ်ပါးစီ ရေတွက်ရာတွင် သုပ္ပဋိပန္နောမှ သာမိစိပ္ပဋိပန္နော အထိ အကြောင်းဂုဏ်တော် ၄-ပါး၊ အာဟုနေယျောမှ အနုတ္တရံအဆုံးအထိ အကျိုးငါးပါးဟူ၍ ပွားများနိုင်သည်။ 'ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော'ဟူသော စကားဆက်ကို ပုတီးလုံးချရာ၌ ချန်ထားနိုင်သည်။

WWW.DHAMMARANSI.COM



## သံဃာ့ဂုဏ်အကျိုး

သံဃာ့ဂုဏ်တော်ကို ပွားများလျှင်–

ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ထကြွသောင်းကျန်းမှု လျော့ပါးလာသည်။

သံဃာတော်များကို ရိုသေတတ်ပြီး 'သမဏာနုဿဒသဿနံ' မင်္ဂလာတိုးပွားသည်။

သဒ္ဓါတရား ထက်မြက်သည်။

စိတ်ချမ်းမြေ့သည်။

ကြောက်စိတ် နည်းပါးလာသည်။

ဆင်းရဲဒုက္ခ ခံနိုင်ရည်ရှိလာသည်။

မိမိမှာ သံဃာတည်းဟူသော အဖော်ကောင်းရှိသည်ဟု အားတက်လာသည်။

ဒုစရိုက်မှုခင်းကြုံလျှင် ဒုစရိုက်ကင်းသော သံဃာ၏ဂုဏ်ကိုဆင်ခြင်ပြီး ရှက်စိတ်လန့်စိတ်(ဟိရီဩတ္တပ္ပ)ပေါ်လာ၍ မကျူးလွန်ဖြစ်ဘဲ အပြစ်ကင်းရသည်။

(ဝိသုဒ္ဓိမဂ်–ပတွဲ–၂၁၄)

## သုံးဆယ့်နှစ်ကောဋ္ဌာသ

ဗုဒ္ဓဘာသာတို့သည် ကောဋ္ဌာသကိုလည်း ပုတီးစိပ်ကြလေသည်။ ကောဋ္ဌာသဟူသည် "အစုအပုံ"ဟု အဓိပ္ပာယ်ရသည်။ လူတို့၏ကိုယ်ခန္ဓာကို တရားရှုဖို့ တူရာစုသောအခါ သုံးဆယ့်နှစ်စု ရလေသည်။ ၎င်းကို ပါဠိမြန်မာ ရောလျက် သုံးဆယ့်နှစ်ကောဋ္ဌာသဟု ခေါ်ကြလေသည်။

WWW.DHAMMARANSI.COM



သုံးဆယ့်နှစ်ကောဋ္ဌာသကို ဒီဃနိကာယ်၊ မဟာဝါပါဠိ မဟာသတိပဋ္ဌာနသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူလေသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

| အတ္ထိ ဣမသ္မိံ ကာယေ | ဤကိုယ်ခန္ဓာ၌ ရှိကြကုန်၏။ |
|---|---|
| ၁။ ကေသာ | ဆံပင် |
| ၂။ လောမာ | အမွေး |
| ၃။ နခါ | ခြေသည်းလက်သည်း |
| ၄။ ဒန္တာ | သွား |
| ၅။ တစော | အရေထူ အရေပါး |
| ၆။ မံသံ | အသား |
| ၇။ နှာရု | အကြော |
| ၈။ အဋ္ဌိ(အဋ္ဌိဋ္ဌိ) | အရိုး |
| ၉။ အဋ္ဌိမိဉ္ဇံ | ရိုးတွင်းခြင်ဆီ |
| ၁၀။ ဝက္ကံ | အညှို့(တွဲနေသောအသားဆိုင်နှစ်ခု)(ကျောက်ကပ်) |
| ၁၁။ ဟဒယံ | နှလုံး |
| ၁၂။ ယကနံ | အသည်း |
| ၁၃။ ကိလောမကံ | အမြှေး |
| ၁၄။ ပိဟကံ | အပြင်(ဝမ်းပျဉ်းသားတစ်မျိုး၊ သရက်ရွက်)(ဘော) |
| ၁၅။ ပပ္ဖါသံ | အဆုတ် |
| ၁၆။ အန္တံ | အူမ |
| ၁၇။ အန္တဂုဏံ | အူသိမ် |

WWW.DHAMMARANSI.COM



| | |
|---|---|
| ၁၈။ ဥဒရိယံ | အစာသစ်(စားပြီးခါစ အစာများ) |
| ၁၉။ ကရီသံ | အစာဟောင်း(ဝမ်းတွင်းရှိ မစင်၊ ကျင်ကြီး) |
| ၂၀။ မတ္ထလုင်္ဂ | ဦးနှောက် |
| ၂၁။ ပိတ္တံ | သည်းခြေ |
| ၂၂။ သေမှံ | သလိပ် |
| ၂၃။ ပုဗ္ဗော | ပြည် |
| ၂၄။ လောဟိတံ | သွေး |
| ၂၅။ သေဒေါ | ချွေး |
| ၂၆။ မေဒေါ | အဆီခဲ |
| ၂၇။ အဿု | မျက်ရည် |
| ၂၈။ ဝသာ | ဆီကြည်(ခြေဆီလက်ဆီ) |
| ၂၉။ ခေဠော | တံတွေး |
| ၃၀။ သိင်္ဃာဏိကာ | နှပ် |
| ၃၁။ လသိကာ | အစေး(အရိုးဆက် အစေး / အရိုးဆီ) |
| ၃၂။ မုတ္တံ | ကျင်ငယ် |

အမှတ်တစ် "ကေသာ"မှ အမှတ်နှစ်ဆယ် "မတ္ထလုင်္ဂ"အထိ ကောဋ္ဌာသနှစ်ဆယ်ကို ပထဝီကောဋ္ဌာသဟု ခေါ်သည်။ အစိုင်းအခဲကောဋ္ဌာသဟုဆိုသည်။ အမှတ်နှစ်ဆယ့်တစ် "ပိတ္တံ"မှ အမှတ် ၃၂ အဆုံး "မုတ္တံ"အထိ ကောဋ္ဌာသဆယ့်နှစ်မျိုးကို အာပေါကောဋ္ဌာသဟုခေါ်သည်။ အရည်ကောဋ္ဌာသဟု ဆိုသည်။

WWW.DHAMMARANSI.COM



## ကောဋ္ဌာသပုတီးစိပ်ပုံ

ပုတီးစိပ်ပုံမှာ ဖော်ပြပါ ၃၂–ကောဋ္ဌာသကို စိတ်ထဲကဖြစ်စေ နှုတ်သံထွက်၍ဖြစ်စေ ရွတ်ဆိုပြီး ကောဋ္ဌာသတစ်ခုစီကို စိတ်မျက်စိဖြင့် မြင်အောင်ရှုလျက် ကောဋ္ဌာသတစ်ခုလျှင် ပုတီးတစ်လုံးစီချ၍ စိပ်ရသည်။ ဥပမာ–အတ္ထိ ဣမသ္မိံ ကာယေ ကေသာ= ဆံပင်ဟုဆိုလျှင် မိမိဆံပင်ကို စိတ်ဖြင့် မြင်အောင်ရှုပြီးမှ ပုတီးစေ့ချရန်ဖြစ်သည်။ လောမာ–အမွေးဟုဆိုရာတွင်လည်း ထိုနည်းတူ အမွေးအမှင်များကို စိတ်တွင်ထင်စေပြီးမှ ပုတီးစေ့ချရသည်။ ဤနည်းအတိုင်း အဆုံး ကောဋ္ဌာသမုတ္တံ=ကျင်ငယ်အထိ တစ်လုံးစီ ပုတီးစေ့ချ၍ စိပ်သွားပါလျှင် သုံးဆယ့်နှစ်ကောဋ္ဌာသ တစ်ခေါက်ရပေသည်။

ဤတွင် မျက်စိဖြင့်မြင်ရန်မလွယ်ကူသော ကိုယ်တွင်းကောဋ္ဌာသများ ဥပမာ အဋ္ဌိမိဉ္ဇံ=ရိုးတွင်းခြင်ဆီ စသည်ကိုမူ စိတ်ကမှန်းဆ၍ အာရုံပြုရပေသည်။ သတိပြုရန်မှာ ပုတီးစိပ်ရာတွင် သိပ်ပြီးမမြန်စေရပါ။ နှေးနှေးမှန်မှန် စိပ်ရပါမည်။ တစ်ခုနှင့်တစ်ခု အစီအစဉ်လည်း မကျော်စေရပါ။ ပွားများပုံကို "အနုပုဗ္ဗတော=အစဉ်အတိုင်း၊ နာတိသီဃတော=အလွန် မမြန်စေနှင့်"ဟု မြတ်စွာဘုရား၏ ညွှန်ကြားထားချက်ရှိပေသည်။

## ကောဋ္ဌာသပုတီးစိပ်အကျိုး

သုံးဆယ့်နှစ်ကောဋ္ဌာသ ပုတီးစိပ်ခြင်းသည် "ကာယဂတာသတိကမ္မဋ္ဌာန်း"ကို စီးဖြန်းပွားများခြင်း မည်ပေသည်။ သုံးဆယ့်နှစ်ကောဋ္ဌာသကို စိပ်ပါများလာသောအခါ မိမိကိုယ်ကိုအာရုံပြု၍ ကေသာ=ဆံပင်ဟု စတင်နလုံးသွင်းလိုက်သည်နှင့်တစ်ပြိုင်နက် မုတ္တံ=ကျင်ငယ်အထိ ကောဋ္ဌာသ သုံးဆယ့်နှစ်မျိုးလုံးကို မရှေးမနှောင်း တစ်ပြိုင်နက်လို စိတ်ဝယ်ထင်ရှားလာလိမ့်မည်။

WWW.DHAMMARANSI.COM



ဥပမာဆိုရသော် အရောင်အသွေးမတူသော ပန်းမျိုး သုံးဆယ့်နှစ်မျိုးကို သီကုံးထားသောပန်းကုံးတစ်ခုကို ကိုင်ကြည့်လိုက်သောအခါ ပန်းကုံးထဲ၌ပါသော ပန်းအားလုံး တစ်ပြိုင်နက်မြင်ရသကဲ့သို့ သုံးဆယ့်နှစ်ကောဋ္ဌာသကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာပေလိမ့်မည်။

ထိုမှတစ်ဆင့်တက်သော် အခြားသူများကို သုံးဆယ့်နှစ်ကောဋ္ဌာသတင်၍ ကြည့်လိုက်ပါလျှင် ယောကျ်ား၊ မိန်းမ၊ မောင်ဖြူ၊ မညိုစသော သတ္တဝါအခြင်းအရာ အသွင်သဏ္ဌာန်များကွယ်ပျောက်ပြီး သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးတစ်ခုကို မြင်ရသလို ထင်မြင်လာလိမ့်မည်။ ဤအထိ ခရီးရောက်လာလျှင် မိမိကိုယ်နှင့်တကွ သတ္တဝါအများအပေါ်၌ သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးပါတကားဟု သံဝေဂဉာဏ်ရလာနိုင်သည်။ ထို့ပြင် ယင်းသုံးဆယ့်နှစ်ကောဋ္ဌာသအစုအဝေးကို စက်ဆုပ်ဖွယ်ပါတကားဟု ထပ်တလဲလဲပွားများပေးလျှင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်များ အဆင့်ဆင့်ဖြစ်ပေါ်လာပြီး ပထမဈာန်ကို ရရှိသည်အထိ အကျိုးရနိုင်သည်။

သုံးဆယ့်နှစ်ကောဋ္ဌာသ ပွားများမှုအတွက် လက်ငင်းရနိုင်သေးသည့် အကျိုးကျေးဇူးများလည်း ရှိသေးသည်။ မိမိဘဝတွင် တစ်ခါခါ၌ ဘာရယ်လို့ အကြောင်းရှာမရဘဲ ပျင်းမုန်းငြီးငွေ့မှုကြီး၊ စိတ်ညစ်ညျုးမှုကြီးမျိုး ဖြစ်ပေါ်လာတတ်သည်။ ထိုအခါမျိုးတွင် သုံးဆယ့်နှစ်ကောဋ္ဌာသကို အာရုံသွင်းလိုက်ပါက ထိုစိတ်ရောဂါကြီးမှာ ပျောက်ကင်းသွားလိမ့်မည်။ မိမိကိုယ်မှာ မထိမခိုက် ပကတိချမ်းသာစွာ ကျန်ရစ်လိမ့်မည်။ ဤသို့ နည်းမသိသူအချို့သည် စိတ်ညစ်ညျုးမှုကြီးဒဏ်ကို မခံနိုင်ဘဲ မိမိကိုယ်ကိုမိမိ သတ်သေသည်အထိ အကျိုးကြီးနည်းရတတ်သည်။

ထို့ပြင် အကြောင်းတစ်ခုခုကြောင့် မရှောင်သာမကွင်းသာ ကြောက်

WWW.DHAMMARANSI.COM



မက်ဖွယ်ဘေးဆိုး ဒုက္ခကြီးမျိုး ကြုံတွေ့ရသောအခါမျိုး၌လည်း သုံးဆယ့်နှစ်ကောဋ္ဌာသ ဘာဝနာကို ချက်ချင်း ပွားများလိုက်ပါက ထိုဘေး ထိုအန္တရာယ်ကို ကြံ့ကြံ့ခံ၍ တွန်းလှန် ဖြိုဖျက်ပစ်နိုင်လိမ့်မည်ဖြစ်သည်။

အခြားသော လက်တွေ့အကျိုးတစ်ရပ်မှာ ပုတီးလက်မလွတ်ဘဲ သုံးဆယ့်နှစ်ကောဋ္ဌာသ၌ သတိမြဲသူသည် အချမ်းအအေးကိုလည်း ခံနိုင်ရည်ရှိသည်။ အပူအလောင်ကိုလည်း ခံနိုင်ရည်ရှိသည်။ ထမင်းဆာလောင်ခြင်း၊ ရေငတ်မွတ်ခြင်းဟူသော အစာငတ်ရေငတ် ဒုက္ခကြုံလျှင်လည်း သူတကာထက်ထူး၍ ခံနိုင်ရည်ရှိလိမ့်မည်။ ခြင်ကိုက်ကိုက်၊ မှက်ကိုက်ကိုက် လေပူတိုက်မှုစသော အခံရခက်လှသည့်ဆင်းရဲမျိုး ကြုံရလျှင်လည်း စိတ်ဒုက္ခကြီးစွာမရောက်ဘဲ တည်တည်ငြိမ်ငြိမ် နေနိုင်လေသည်။

ထို့ထက်အရေးကြီးသည်မှာ လူသားတိုင်းပြေးမလွတ် တစ်နေ့နေ့ မုချတွေ့ကြုံရမည့် ရောဂါဝေဒနာဘေး၊ မိမိကိုယ်မှာ ရောဂါဘယတစ်ခုခုဖြစ်လာ၍ အပြင်းအထန် ဝေဒနာခံစားရသည့် ဒုက္ခမျိုး၊ ဝါ၊ ဆေးရုံပေါ်မှဒုက္ခမျိုးကို သေကောင်ပေါင်းလဲ ခံရပြီဟော့ဆိုလျှင် ဤသုံးဆယ့်နှစ်ကောဋ္ဌာသကို ပွားများသည့် "ကာယဂတာသတိ"ဟုခေါ်သော ဘာဝနာကမ္မဋ္ဌာန်းကလာ၍ ကယ်ပေလိမ့်မည်။ ထိုသို့ ရောဂါဘယ သေကောင်ပေါင်းလဲခံရသောအခါမျိုးတွင် သုံးဆယ့်နှစ်ကောဋ္ဌာသကိုသာ စူးစိုက်ရှုမှတ်နိုင်လျှင် ဝေဒနာ သက်သာသွားလိမ့်မည်ဖြစ်သည်။ ဤကဲ့သို့ မိုးထဲလေထဲ အကျဉ်းထဲအကျပ်ထဲမှာ ရှုမှတ်နိုင်ရေးအတွက်ကိုမူ ထိုအချိန် ထိုအခါကျမှ ထလုပ်၍မရ၊ နဂိုကတည်းက အလေ့အထ ရှိနေမှဖြစ်ပေမည်။ စိတ်မှာ သမာဓိမကပ်၊ သမာဓိအထုံမရှိပါက ဝေဒနာက စိတ်အနားသို့မကပ်နိုင်အောင် မောင်းထုတ်လိမ့်မည်။ သမာဓိက မတိုးနိုင်ပါလျှင် ဝေဒနာ သက်သာရာမရချေ။ စိတ်ကို ဝေဒနာနှင့် သမာဓိတို့က

WWW.DHAMMARANSI.COM


လွှန်ဆွဲသလို သူ့ဘက် ကိုယ့်ဘက် အပါလုယူကြရမည့် အခါပေတည်း။ စိတ်သည် သမာဓိဘက်သို့ပါသွားလျှင် ဝေဒနာသက်သာလေတော့၏။

နောက်အကျိုးတစ်ခုမှာ လောကဓံအတွက် အရေထူမှု၊ ဝါ၊ တည်ငြိမ်မှု အကျိုးဖြစ်၏။ နေ့စဉ်ဘဝတွင် မိမိကို ချီးမွမ်းသူရှိသကဲ့သို့ နှိမ့်ချပြောဆိုသူ၊ ရှုတ်ချကဲ့ရဲ့သူများလည်းရှိပေသည်။ ဤသို့ မိမိကိုထိပါးခံရသောအခါ စိတ်ဆင်းရဲ ရသည်။ နှုတ်ဖြင့်လက်ဖြင့် ပြန်လည် တုံ့ပြန်မိတတ်သည်။ ထို့ကြောင့် လူမုန်း ခံရ၊ ရာဇဝတ်မှုဖြစ်ရနှင့် ဒုက္ခတွေတသီတတန်း ကြုံရတတ်လေသည်။ သို့သော် သုံးဆယ့်နှစ်ကောဋ္ဌာသနှင့်စပ်၍ သတိမြဲသူ ပုတီးမြဲသူမှာ ထိုသို့သော နိန္ဒလောကဓံကို တည်တည်ငြိမ်ငြိမ် မျက်ကွယ်ပြုနိုင်ပေသည်။ အကြောင်းသော်ကား မိမိအား ကဲ့ရဲ့သူကို လူအနေဖြင့် မမြင်၊ ကောဋ္ဌာသ အစုအဝေးမျှသာဟု မြင်သောကြောင့်တည်း၊ မိမိကိုယ်ကိုလည်း ငါတကားဟု အတ္တစွဲမကြီးမား၊ ကောဋ္ဌာသအစုအဝေးမျှသာဟု ခံယူနိုင်သဖြင့် ဆတ်ဆတ်ထိ မခံချိသောသဘော နည်းပါးနေသောကြောင့်တည်း။

ဤမျှလောက်ဆိုလျှင် သုံးဆယ့်နှစ်ကောဋ္ဌာသအကျိုးကား အဖိုးအနဂ္ဃ မထိုက်ပေလော။

(ဥပရိပဏ္ဏာသ၊ ကာယဂတာသတိသုတ်၊ နှာ-၁၃၉)

## သမထနှင့်ဝိပဿနာ ပုတီးစိပ်နည်း

သမာဓိ၏အာရုံဖြစ်သော ဘုရားဂုဏ်တော်စသည်နှင့် ဝိပဿနာ၏ အာရုံဖြစ်သော နာမ်ရုပ်တရားတို့ကို တစ်ပေါင်းတည်းပြု၍လည်း ပုတီးစိပ်ရိုး ပြုကြလေသည်။ ဒွန္ဒယုဂနည်း၊ ဝါ၊ စွယ်စုံပုတီးစိပ်နည်းဟု ဆိုရပေသည်။ တစ်ချိန်တည်းတွင် အကျိုးနှစ်ပါးကို ပြီးပြည့်စုံစေနိုင်သည်ဖြစ်၍ ပုတီးစိပ်နည်း ရှုထောင့်မှကြည့်လျှင် နှစ်သက်ဖွယ်ပင်ဖြစ်ပေသည်။

WWW.DHAMMARANSI.COM



ငင်းစွယ်စုံပုတီးစိပ်နည်း၏ စာသားမှာ–

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၃) သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၄) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။

(၅) အနန္တံ ဗလဝံ ဗုဒ္ဓံ
အနန္တံ ဂေါစရံ ဓမ္မံ
အနန္တံ အရိယံ သံဃံ
အနန္တံ ဗောဓိ မုတ္တမံ

ဖြစ်ပေသည်။ "နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ"မှာ ဝိပဿနာ ပုတီးစိပ်ဖြစ်၍ ကျန်သောအချက်တို့မှာ သမထပုတီးစိပ်ပိုင်းတွင် အကျုံးဝင်လေသည်။

မြန်မာပြန်ဆိုသော်–

(၁) မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ်ရုပ်သည်ဆင်းရဲ၊ နာမ်ရုပ်သည် အနှစ်သာရမဟုတ်ပါတကား။

(၂) တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ်ရုပ်သည် ဆင်းရဲ၊ နာမ်ရုပ်သည် အနှစ်သာရမဟုတ်ပါတကား။

(၃) သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်သည် မမြဲ၊ နာမ်ရုပ်သည် ဆင်းရဲ၊ နာမ်ရုပ်သည် အနှစ်သာရမဟုတ်ပါတကား။

(၄) ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။ နာမ်ရုပ်

WWW.DHAMMARANSI.COM



သည် မမြဲ၊ နာမ်ရုပ်သည် ဆင်းရဲ၊ နာမ်ရုပ်သည် အနှစ်သာရမဟုတ်ပါတကား။

(၅) အားတော်နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် အနန္တတန်ခိုးတော်တည်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သောနိဗ္ဗာန်တရားသည် အနန္တတန်ခိုးတော်တည်း၊ အရိယာသံဃာတော်မြတ်သည် အနန္တတန်ခိုးတော်တည်း၊ ဗောဓိပက္ခိယတရားတော်သည် အနန္တတန်ခိုးတော်တည်း။

ပုတီးလုံးချနည်းစနစ်မှာ– "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"မှစ၍ "အနန္တဗောဓိမုတ္တမံ"အဆုံးအဟိရောက်မှ ပုတီးတစ်လုံးချရပေသည်။ ဤပုတီးစိပ်စာသားသည် သဘောအားဖြင့် တစ်လုံးတစ်စည်းတည်းဖြစ်နေ၍ အစအဆုံးဆင်ခြင်ပွားများပြီးမှ ပုတီးတစ်လုံး ချသင့်ခြင်းဖြစ်ပေသည်။

ဤအချက်ကိုထောက်လျှင် ရှုမှတ်ပွားများမှုသာအဓိက၊ ပုတီးစေ့ချခြင်းမှာ သာမညဖြစ်ကြောင်း သတိပြုရန်ဖြစ်ပေသည်။ သို့ဖြစ်၍ ပုတီးစေ့အရေအတွက်ခရီးပေါက်စေချင်သောကြောင့် မြန်မြန်ရွတ်ဆိုမှုမပြုသင့်၊ စိတ်အေးလက်အေးဖြည်းဖြည်းမှန်မှန်သာ စိပ်သွားရန်လိုအပ်ပေသည်။

## ရှင်အရဟံပုတီးစိပ်နည်း

ဖော်ပြပါစွယ်စုံပုတီးစိပ်နည်းကို ရှင်အရဟံပုတီးစိပ်နည်းဟု ယခုအခါခေါ်ကြလေသည်။ အကြောင်းမှာ စစ်ကိုင်းတောင် ချောင်တစ်ချောင်၌ သီတင်းသုံးနေသော ဆရာတော်တစ်ပါးအား အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ဦးက ဤပုတီးစိပ်နည်းကို လာရောက်လှူဒါန်းသွား၏။ ၎င်းအမျိုးသမီးက ပြောသည်မှာ ရဟန္တာသခင် ရှင်အရဟံသည် သထုံပြည်နှင့်ပုဂံပြည်များသို့ ကြွလာစဉ်အခါက ဤပုတီးစိပ်နည်းကို ချီးမြှင့်တော်မူခဲ့သည်။ သူသည် ဤပုတီးစိပ်နည်းကို ယုံယုံကြည်ကြည် နေ့တိုင်းသက်စေ့ ပုတီးစိပ်ခဲ့သည်။ အနော်ရထာမင်း

WWW.DHAMMARANSI.COM



က သထုံပြည်ကိုသိမ်းယူသောနေ့မှာပင် သူသည် အိမ်ထောင်ကျခဲ့၏။ သူ၏ ခင်ပွန်းသည် ဤပုတီးစိပ်နည်းကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့်စိပ်သော်လည်း အသက် ၁၅၀ နေသွားရသည်။ သူ့မှာ ယခုထိ (နှစ်ပေါင်းတစ်ထောင်နီးပါး) အသက်ရှည်ကြာနေရသည်။ အသက်မွေးဝမ်းကျောင်းအနေဖြင့်လည်း ဆန်ကို တစ်ကြိမ်ဝယ်၍ရောင်းရာ ရောင်းတိုင်း လျော့နည်းကုန်သွားသည်ဟူ၍ မရှိတော့ ပါ။ ဝယ်သူများကလည်း ဆန်ဖိုးကို ပို၍ပို၍သာ ပေးသွားကြပါသည်။ ဤသို့ ပြောပြပြီး ပုတီးစိပ်နည်းကို လှူဒါန်းသွားသည်ဟု ဆိုလေသည်။ ရှင်အရဟံက ချီးမြှင့်သော ပုတီးစိပ်နည်းဖြစ်၍ ရှင်အရဟံပုတီးစိပ်နည်းဟူ၍ ခေါ်ကြခြင်း ဖြစ်လေသည်။

ပုတီးစိပ်ရန်မှာ ယုံယုံကြည်ကြည်စိပ်ရမည်။ နေ့တိုင်းစိပ်ရမည်။ ပုတီး တစ်လုံးစီချ၍ သက်စေ့စိပ်ရမည်။ ဥပမာ မိမိအသက်လေးဆယ်ရှိလျှင် ပုတီးစေ့ လေးဆယ်ရအောင် စိပ်ရမည်ဟူလို၊ သက်စေ့မက ပို၍စိပ်နိုင်လျှင် သာ၍ကောင်း ပေသည်။

အကျိုးမှာ အသက်ရှည်သည်။ ဘုန်းတန်ခိုးအာနုဘော်ကြီးသည်။ ကျက်သရေ မင်္ဂလာတိုးသည်။ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်သည်၊ ဤသို့ အစရှိသော လောကီကောင်းကျိုးများအပြင် လောကုတ္တရာကောင်းကျိုး ကိုလည်း ရရှိနိုင်ကြောင်းကို စစ်ကိုင်းချောင် ဆရာတော်အား ဤပုတီးစိပ်နည်း ကို လာရောက်လှူဒါန်းသည့် အမျိုးသမီးကပင် လျှောက်ထားသွားသည်ဟု ဆိုပေသည်။

ဤတွင် လက်တွေ့ပုတီးစိပ်နည်းများကို အဆုံးသတ်ပါမည်။ သို့ရာ တွင် တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါး စသည်ကိုလည်း ပုတီးစိပ်နိုင်ကြပါသည်။ ၎င်းဂုဏ်တော်များကို အလွတ်ရကြသူ များပါလိမ့်

WWW.DHAMMARANSI.COM



မည်။ မရသူများအနေဖြင့် ရှာဖွေကြည့်ရန် စာအုပ်စာတမ်းများ မရှားပါ။ (နှစ်ဖက်လှ၏ အလင်းပြပရိတ်ကြီးစာအုပ်၌ ဣတိပိသော ပါဠိ အနက်အဓိပ္ပာယ် စုံလင်စွာ ပါရှိသည်။)

## ဝိပဿနာပုတီးစိပ်

ဂါထာတစ်ဂါထာကို လေးလပတ်လုံး ကျက်မှတ်၍သော်မှ မရရှာသောကြောင့် ဉာဏ်ထိုင်းသည့်အရာတွင် နာမည်ကြီးလှသော စူဠပန်ရဟန်းအား မြတ်စွာဘုရားရှင်က အဝတ်ဖြူစတစ်စကိုပေးပြီး ၎င်းအဝတ်စကို ကိုင်တွယ်သုံးသပ်လျက် "ရဇော ဟရဏံ ရဇော ဟရဏံ" မြူအညစ်ကို ဆောင်လေသည်တကား၊ မြူအညစ်ကို ဆောင်လေသည်တကားဟု စီးဖြန်းပွားများရန် စေခိုင်းတော်မူခဲ့သည်။ သန့်ရှင်းဖြူစင်သော အဝတ်စသည် စူဠပန်ရဟန်း၏ ဆုပ်နယ်ကိုင်တွယ် စီးဖြန်းမှုကြောင့် ညစ်နွမ်းလာလေသည်။ ဤတွင် စူဠပန်ရဟန်း၌ အသိတစ်ခုဝင်လာသည်။ ငါ၏ ဆုပ်နယ်သုံးသပ်မှုကြောင့် သန့်စင်သော ဤအဝတ်စကလေးသည် ညစ်နွမ်းရရှာလေပြီ။ ယခုလို ပြုပြင်မှုနှင့် စပ်လျဉ်းပါလေက နောက်ဆုံးတွင် ဘာမဆို ညစ်နွမ်းရမှာပါတကား။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် အပြုအပြင် ခံနေရသည့် သင်္ခါရတရားဟူသမျှ အနိစ္စပါတကား၊ ဤကဲ့သို့သော ဝိပဿနာအသိ ဖြစ်ထွန်းခဲ့လေသည်။ **(ဓမ္မပဒ၊ စူဠပန္ထကထေရဝတ္ထု-၅)**

ဖော်ပြပါကောက်နုတ်ချက်ကိုကြည့်လျှင် သဘောအားဖြင့် အဖန်ဖန် ရှုမှတ်ပွားများမှုကို တွေ့ရပေသည်။ ရှုမှတ်ပွားများသော အဝတ်ပုဆိုးစကလေးသည် ဘာမျှမဟုတ်၊ သို့ရာတွင် ရှုမှတ်ရင်း ရှုမှတ်ရင်း လုပ်ငန်းအတွင်းမှာပင် အသိဉာဏ်၊ အမြင်မှန် ဝင်လာသည်ကို တွေ့နိုင်ကြသည်။ ၎င်းအသိဉာဏ်မှာ ဝိပဿနာသို့ ရှေ့ရှုလေသည်။

WWW.DHAMMARANSI.COM



ရှေးလူကြီးများသည် ပုတီးစိပ်ကြရာတွင် သမထလမ်းမှတစ်ဆင့်တက်၍ ဝိပဿနာဆိုက်အောင် ဝိပဿနာ၏ပစ္စည်းများကို အသုံးပြုကြလေသည်။ ဝိပဿနာ၏ အသုံးခံပစ္စည်းများမှာ အခြားမဟုတ်၊ နာမ်ရုပ်တရားပင် ဖြစ်သည်။ တစ်နည်းဆိုရသော် ၎င်းနာမ်ရုပ်ကို ခွဲဝေသတ်မှတ်ထားသော ခန္ဓာ၊ အာယတန၊ ဓာတ်တရားတို့ပင်ဖြစ်သည်။ ၎င်းရုပ်နာမ်တရားတို့ကို ရှူဋ္ဌပန်ရဟန်းသည် အဝတ်ဖြူစကလေးကို ဆုပ်နယ်ပွားများသကဲ့သို့ ရှုမှတ်ပွားများကြလေသည်။ ယင်းသို့ပွားများရာတွင် အဓိဋ္ဌာန်သတိအတွက် ပုတီးစေ့ချမှတ်ကြကုန်သည်။

ရှူဋ္ဌပန်ရဟန်းသည် အဝတ်စကလေးကို "ရဇော ဟရဏံ၊ ရဇော ဟရဏံ"ဟူ၍ ရှုမှတ်ပွားများသကဲ့သို့ ပုတီးစိပ်ရာတွင် ရုပ်နာမ်တစ်ခုခုကို အနိစ္စ အနိစ္စ ဒုက္ခ ဒုက္ခ အနတ္တ အနတ္တ စသည်ဖြင့် လက္ခဏာရေးသုံးပါးတင်၍ ပုတီးစိပ်ခြင်းကို ဝိပဿနာပုတီးစိပ်ဟု ဆိုအပ်ပေသည်။

## ဝိပဿနာပုတီးစိပ်နည်း

ဤနည်းတွင် ပင်ရင်းဖြစ်သော နာမ်ရုပ်ကိုဖြစ်စေ၊ ခန္ဓာငါးပါးလုံးကိုဖြစ်စေ၊ ခန္ဓာတစ်ပါးပါးကိုဖြစ်စေ၊ အာယတန ဆယ့်နှစ်ပါးလုံးကိုဖြစ်စေ၊ အာယတန တစ်ပါးပါးကိုဖြစ်စေ၊ ဓာတ်ဆယ့်ရှစ်ပါးကိုဖြစ်စေ၊ ဓာတ်တစ်ပါးပါးကိုဖြစ်စေ၊ မိမိကြိုက်သလို အာရုံပြု ပုတီးစေ့ချ၍စိပ်နိုင်လေသည်။

ပုတီးစိပ်ပုံမှာ–

(က) နာမံ အနိစ္စံ ဒုက္ခံ အနတ္တာ

နာမ်တရားသည် အမြဲမရှိ၊ ဆင်းရဲ၏။ အနှစ်သာရ မဟုတ်ပါတကား။

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ

WWW.DHAMMARANSI.COM



ရုပ်တရားသည် အမြဲမရှိ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား။

နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ

နာမ်ရုပ်သည် အမြဲမရှိ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား။

တစ်ခုဆုံးလျှင် ပုတီးတစ်စေ့ ချလိုလျှင်ချ၊ သုံးခုလုံးဆုံးမှ တစ်စေ့ ချလိုလျှင်ချ၊ နှစ်သက်သလို ပုတီးစေ့ချနိုင်သည်။

**ခန္ဓာငါးပါး**

(ခ) ရူပက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ

ရုပ်သည်မမြဲ၊ ရုပ်သည်ဆင်းရဲ၏၊ ရုပ်သည် အနှစ်သာရ မဟုတ်ပါတကား။

ဝေဒနာက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ

ခံစားမှုသည်...(မမြဲ စသည် ဆက်ဆိုပါ )

သညာက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ

မှတ်သားမှုသည် ......

သင်္ခါရက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ

ပြုပြင်မှုသည် ......

ဝိညာဏက္ခန္ဓော အနိစ္စံ ဒုက္ခံ အနတ္တာ

သိမှုသည် .....

ခန္ဓာတစ်ပါးလျှင် ပုတီးတစ်လုံး ချလိုလျှင်ချ၊ ခန္ဓာငါးပါးလုံးဆုံးမှ ပုတီးတစ်လုံး ချလိုလျှင်ချ၊ ကြိုက်သလိုစိပ်နိုင်သည်။ သို့မဟုတ် အနိစ္စမှာ

WWW.DHAMMARANSI.COM



ပုတီးတစ်လုံး၊ ဒုက္ခမှာ တစ်လုံး၊ အနတ္တမှာ တစ်လုံး၊ ဤသို့လည်း ချမှတ်နိုင်ပေသည်။

**အာယတန ဆယ့်နှစ်ပါး**

(၈) စက္ခာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ(မျက်စိအကြည်ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

သောတာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (နားအကြည်ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရမရှိပါတကား)

ဃာနာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ(နှာခေါင်းအကြည်ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရမရှိပါတကား)

ဇိဝှာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (လျှာအကြည်ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရမရှိပါတကား)

ကာယာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ( ကိုယ် အကြည်ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

ရူပါယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ ( အဆင်းရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

သဒ္ဒါယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (အသံရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

ဂန္ဓာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (အမွှေးရနံ့ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရမရှိပါတကား)

ရသာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (အရသာရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

WWW.DHAMMARANSI.COM



ဖောဋ္ဌဗ္ဗာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (အတွေ့အထိရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

မနာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (စိတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

ဓမ္မာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ (စေတသိက်များနှင့် သုခုမရုပ်များသည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မရှိပါတကား)

ဤတွင်လည်း အာယတနတစ်ခုလျှင် ပုတီးတစ်လုံးချ၊ သို့မဟုတ် အာယတန ဆယ့်နှစ်ပါးလုံးဆုံးမှ ပုတီးတစ်လုံးချ၊ ကြိုက်သလိုချ၍စိပ်နိုင်သည်။

**ဓာတ်တစ်ဆယ့်ရှစ်ပါး**

(ဃ) စက္ခုဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (မျက်စိအကြည်ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)

သောတဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (နားအကြည်ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)

ဃာနဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (နှာခေါင်းအကြည်ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)

ဇိဝှာဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (လျှာ အကြည်ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)

ကာယဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ ( ကိုယ်အကြည်ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)

ရူပဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (အဆင်းဓာတ်သည် မမြဲ၊

WWW.DHAMMARANSI.COM



ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
သဒ္ဒဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (အသံဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ဂန္ဓဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (အနံ့ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ရသဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (အရသာဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ဖောဋ္ဌဗ္ဗဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (အတွေ့အထိဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
စက္ခုဝိညာဏဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (မြင်သိဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
သောတဝိညာဏဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (ကြားသိဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ဃာနဝိညာဏဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (နံ့သိဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ဇိဝှာဝိညာဏဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (အရသာသိဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ကာယဝိညာဏဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (တွေ့ထိသိဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
မနောဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (မနောဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
မနောဝိညာဏဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (မနောဝိညာဏ

WWW.DHAMMARANSI.COM



ဓာတ်သည် မမြဲ၊ ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)
ဓမ္မဓာတု အနိစ္စံ ဒုက္ခံ အနတ္တာ (ဓမ္မဓာတ်သည် မမြဲ၊
ဆင်းရဲ၏၊ အနှစ်သာရ မဟုတ်ပါတကား)

အဘိဓမ္မာအမည်အရ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုင်းစိတ်နှစ်မျိုး ပေါင်း သုံးမျိုးသောစိတ်ကိုသာ မနောဓာတ်ဟုခေါ်သည်။ ဖော်ပြပါ ဝိညာဏ ဓာတ်ငါးပါးနှင့် မနောဓာတ်သုံးပါးမှ ကြွင်းသမျှ စိတ်ရှစ်ဆယ့်တစ်ပါးကို မနော ဝိညာဏဓာတ်ဟုခေါ်သည်။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆ နှင့် နိဗ္ဗာန် စုစု ပေါင်း ၆၉ မျိုးကို ဓမ္မဓာတ်ဟုခေါ်သည်။ သို့ရာတွင် လက္ခဏာရေးသုံးပါးတင်၍ ပုတီးစိပ်ရာတွင်မူ ဓမ္မဓာတ်အရ နိဗ္ဗာန်ကို မထည့်ရမသွင်းရချေ။ နိဗ္ဗာနဓာတ်သည် လက္ခဏာရေးသုံးပါးမှ ကင်းလွတ်သောကြောင့် ဖြစ်ပေသည်။

ဖော်ပြပါ ခန္ဓာ၊ အာယတန၊ ဓာတ်ပုတီးစိပ်နည်းမှာ ရိုးရိုးဝိပဿနာ ပုတီးစိပ်နည်းသာဖြစ်သည်။ ဓမ္မရေးရှုထောင့်အမြင်ဖြင့် ကြီးမြတ်သော ဝိပဿနာ ကုသိုလ်ရရှိရေးအတွက်သာ ဖြစ်လေသည်။

ထို့ပြင် ကဏ္ဍများခွဲ၍ သိဒ္ဓိပေါက်ပုတီးစိပ်နည်းများလည်း ရှိလေသည်။ ၎င်းနည်းလမ်းကို ဖောက်ချလိုသူများအနေဖြင့် သက်ဆိုင်ရာ ကျမ်းစာ၊ သက်ဆိုင် ရာပုဂ္ဂိုလ်များထံ နည်းခံဆောင်ရွက်ကြရန် ဖြစ်ပေသည်။

## ဝိပဿနာ ပုတီးစိပ်ခြင်းအကျိုး

ဝိပဿနာအလုပ်ကို ရှုမှတ်ပွားများ အားထုတ်သောအခါ လုပ်ရင်း လုပ်ရင်း တစ်ခါခါ တစ်ချိန်ချိန်၌ ဓမ္မရေးရာ ထူးခြားချက်များ တွေ့လာရ လိမ့်မည်။ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်မှု ပျက်မှုကို ရှုမြင်မိလာနိုင်သည်။ ဖြစ်သမျှ

WWW.DHAMMARANSI.COM



ပျက်၍ ပျက်၍နေသော အနိစ္စလက္ခဏာကို တွေ့လာနိုင်သည်။ ၎င်းမှ အဆင့်ဆင့်တက်၍ မဂ်ဖိုလ်အထိ ဆိုက်ရောက်သွားနိုင်လေသည်။

သို့ဖြစ်သောကြောင့် ဝိပဿနာအလုပ်၏၊ ဝါ၊ ဝိပဿနာပုတီးစိပ်လုပ်ငန်း၏ အကျိုးအမြတ်သည် ချင့်တွက်တိုင်းတာဖော်ပြ၍ မဖြစ်နိုင်လောက်အောင် ကြီးမားများပြားလှဘိသည်။

မြတ်စွာဘုရားက– ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်သဘောတရားကို မသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ကြာနေရသည်ထက် ဖြစ်ပျက် ဖြစ်ပျက် သဘောနက်ကို ဉာဏ်သက်ဝင်၍ တစ်နေ့ တစ်ရက် တစ်မနက်မျှ နေရသည်က ပို၍သာလွန်မြင့်မြတ်လှပေသည်။ **(ဓမ္မပဒ၊ ပဋာစာရာထေရီဝတ္ထု)**

ဟူ၍ မှတ်ချက်ပြုတော်မူခဲ့သည်။ မျက်စိမြင်သော လူကောင်းဘဝနှင့် တစ်ရက်တာမျှ လူလုပ်နေနိုင်ခြင်းသည် မျက်မမြင်ဒုက္ခိတဘဝနှင့် အနှစ်တစ်ရာနေရသည်ထက် ပို၍ကောင်းသည်မဟုတ်လော။ မြတ်စွာဘုရားအလိုတော်အရ ရုပ်နာမ်ဖြစ်ပျက်ကို မြင်တတ်သည့် ဝိပဿနာဉာဏ်မျက်စိရှိသူမျိုးကိုမှ မျက်စိအလင်းရှိသူ၊ မြင့်မြတ်သူ၊ အထက်တန်းကျသူဟု ဆိုရပေသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် နောက်ဆုံးခန္ဓာဝန်ကိုချရန်အတွက် ကုသိနာရုံသို့ ကြွသွားတော်မူစဉ်က ရဟန်းတို့အား အောက်ပါတရားကို မကြာခဏ ဟောကြား သတိပေးတော်မူခဲ့သည်။

ချစ်သားတို့– အရိယသစ္စာတရားလေးပါးကို လျော်ကန်စွာ မသိကြ၍၊ ထိုးထွင်းပြီးမမြင်ကြ၍ ယခုလောက် ရှည်လျားလှသည့် သံသရာခရီးမှာ ငါဘုရားရော၊ သင်ချစ်သားတို့ပါ ကျင်လည်ခဲ့ကြရခြင်းဖြစ်တော့သည်။

(ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ–၇၇)

WWW.DHAMMARANSI.COM



ဤစကားရပ်၏အနက်အဓိပ္ပာယ်ကို ဆွဲယူဆန့်လျှင် ချဲ့ဖွင့်၍ ကုန်ဖွယ်မရှိချေ။ မည်သည့် လူ ပညာရှိ၊ နတ် ဗြဟ္မာ ပညာရှိဆိုသူ တစ်ဦးတစ်ယောက်မျှ မညွှန်ပြနိုင်သော သံသရာထွက်ပေါက်ကို အမှန်အတိုင်း ဖော်ပြသတိပေးချက်ဖြစ်ပေ၏။ ယင်း သံသရာထွက်ပေါက်ကို ဝိပဿနာသော့ဖြင့်သာလျှင် ဖွင့်နိုင်လေသည်။ သို့ဖြစ်လျှင် ဝိပဿနာအလုပ်ကို အားထုတ်နေသူသည် သံသရာထွက်ပေါက်၏သော့ကို ရရှိရန် ကြိုးစားနေသူဖြစ်လေပြီ။

ထို့ပြင် ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းအားထုတ်သည့်အတွက် လက်တွေ့ရရှိသော အကျိုးကျေးဇူးလည်း များစွာရှိလေသည်။ တရားတွေ့အောင် အားထုတ်သူ ဖြစ်သူတိုင်းအား လောဘရမ္မက် ပါး၍ပါး၍လာသည်။ ဒေါသအမျက်ရှား၍ ရှား၍ လာသည်။ မောဟအချက် ခြား၍ ခြား၍ လာသည်။ လောဘ၊ ဒေါသ၊ မောဟအင်အား ဆုတ်ယုတ်နည်းပါးလာသည်နှင့်အမျှ နေ့စဉ်ဘဝတွင် လောဘကိုအကြောင်းခံ၍ ဖြစ်ရသောပြဿနာ၊ ဒေါသကိုအကြောင်းခံ၍ ဖြစ်ရသောပြဿနာ၊ မောဟကိုအကြောင်းခံ၍ ဖြစ်ရသောပြဿနာများ၊ အနှာအဆာများ များစွာ သက်သာသွားလေပြီ။

သို့ရာတွင် ကမ္မဋ္ဌာန်းအားထုတ်သူ၊ ကမ္မဋ္ဌာန်းတိုက်မှာနေသူ၊ ကမ္မဋ္ဌာန်းတိုက်ကို တည်ထောင်ထားသူဖြစ်စေကာမူ သူ၏စိတ်နေသဘောထား၊ သူ၏ပြောပုံဆိုပုံ၊ သူ၏ကျင့်ပုံကြံပုံများ အဆင့်အတန်းမမြင့်ဘူးဆိုပါလျှင် တရား၏အပြစ်မဟုတ်၊ ဝါ၊ တရားမမှန်သောကြောင့်မဟုတ်၊ ထိုသူမှာ ဝိပဿနာနှင့် အစေးမကပ်သေးသောကြောင့်သာ ဖြစ်ပေလိမ့်မည်။ ဤသို့သောသူမျိုး၊ ဤသို့သောဖြစ်ရပ်မျိုးကို တွေ့ဖူးမြင်ဖူး၍ ဝိပဿနာကို အထင်မကြီးသူများရှိလျှင် တရားနှင့်လူကို ခွဲခြား၍ စဉ်းစားမိရန်ဖြစ်ပေသည်။

ယခုလို သာသနာတော်ရှိခိုက် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ လူသား

WWW.DHAMMARANSI.COM



ဖြစ်လာကြသော ကျွန်ုပ်တို့သည်လည်း ကြုံတုန်းကြုံခိုက် ဝိပဿနာတရားကို မြည်းစမ်းကြည့်သင့်ပေ၏။ သို့ဖြစ်လျှင် ဤဝိပဿနာ ပုတီးစိပ်နည်းကိုလည်း စိပ်စမ်းကြည့်သင့်ပေတော့သည်။ ဝိပဿနာပုတီးစိပ်လျှင် ဝိပဿနာကုသိုလ်ရသည်။

သို့သော် တကာယ်တမ်း မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ဖောက်ချ အားထုတ်တော့မည်ဆိုလျှင်မူကား ပုတီးကို ကိုင်ဖွယ်မလိုပြီ။ ဘုရားနည်းအတိုင်း စနစ်တကျ တင်းတင်းရင်းရင်း ခိုင်ခိုင်မြဲမြဲ အားထုတ်ကြရန် ဖြစ်လေသည်။

ဤစာအုပ်ကို ပြုစုရေးသား ဖြန့်ဝေရပါသော ကုသလကြောင့် ပု၊ ဒိ၊ အာနှင့် လျင်မြန်စွာ ပြည့်စုံရပါစေသောဝ်။

နှစ်ဖက်လှဦးကျော်လွင်
အမှတ် ၂၃၂၊ ၃၉ လမ်း၊ ရန်ကုန်မြို့၊
၁၃၄၁–ခုနှစ်၊ တာကူးလ၊ ၁၉၇၉–ခုနှစ်၊ ဧပြီလ၊

WWW.DHAMMARANSI.COM

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
တိပိဋကဓရ ပခုက္ကူဆရာတော်ကြီးတို့
ပုတီးကို လက်မလွှတ်ကြ။

ပုတီးကိုင်သောလက်သည် ဘဝကို
အေးငြိမ်းချမ်းသာစေနိုင်၏